ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ တနင်္ဂနွေနေ့။ Sunday, 26 March 2023 ၁၁၀၅၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၅

၂၀၂၃ ခုနှစ် (၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား ကျင်းပပုံများကို မတ် ၂၇ ရက် နံနက် ၄ နာရီ ၄၅ မိနစ်မှ စတင်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV- HD၊ MRTV News Channel၊ MWD HD Channel၊ MWD Variety HD Channel၊ MITV၊ SkyNet Up to date Channel၊ Sky Net တိုင်းရင်းသား Channel၊ Reader's Channel၊ 5 Plus Channel၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM နှင့် ချယ်ရီ FM တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

MRTV

### ယနေ့ ဖတ်စရာ

**မင်းကြီးသုံးပါးပေးသည့် အမျိုးသားရေးတာဝန်**

ဆောင်းပါး စာမျက်နှာ » ၆

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၈၆) နှစ်တာခရီး**

ဆောင်းပါး စာမျက်နှာ » ၁၀

**တရုတ်နိုင်ငံ ရှန်ဇီပြည်နယ်၌ ယခုနှစ်အတွင်း 5G အခြေစိုက်စခန်း ၂၅၀၀၀ တည်ဆောက်မည်**



စာမျက်နှာ » ၁၃




ရန်ကုန်မြို့တွင်း ပြေးဆွဲမောင်းနှင်နေကြသည့် YBS ခရီးသည်တင်ယာဉ်များကိုတွေ့ရစဉ်။

## မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် YBS ယာဉ်များ ပြေးဆွဲပေးမည်

ရန်ကုန် မတ် ၂၅

မဟာသင်္ကြန်ရုံးပိတ်ရက်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေးအတွက် YBS ခရီးသည်တင်မော်တော်ယာဉ်များကို ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ( YRTC)မှ သိရသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❂



ကြေးမုံ

# တိုင်းပြည်အကျိုး ရိုးသားကြိုးစား စေတနာထား

"မိမိတို့အနေဖြင့် တိုင်းပြည်ကောင်းရန်အတွက် ရိုးသားစွာဖြင့် တာဝန်ထမ်းဆောင်နေခြင်းဖြစ်ကြောင်း၊ မိမိတို့ ဆောင်ရွက်ခဲ့မှုများသည် သမိုင်းမှတ်တမ်းများတွင် ကျန်ရှိနေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ထမ်းဆောင်နေချိန်တွင် ရိုးသားစွာဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မတ်လ ၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ပြီး နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စတင်ထမ်းဆောင်ခဲ့သည်။ နိုင်ငံတော်၏တာဝန်ကို စတင်ထမ်းဆောင်ချိန်တွင် စိန်ခေါ်မှုများစွာဖြင့် ခက်ခဲကြမ်းတမ်းသော ခရီးလမ်းများကို ဖြတ်သန်းခဲ့ရသည်။ မသမာသူတို့၏ သွေးထိုးလှုံ့ဆော်မှုကြောင့် ဆူပူသောင်းကျန်းမှုများဖြစ်ပေါ်ခဲ့ပြီးနောက် အကြမ်းဖက်အဖျက်သမားများက မိုင်းထောင်ဖျက်ဆီး၊ တိုက်ခိုက်သတ်ဖြတ်မှုအမျိုးမျိုးတို့ပြုလုပ်ခဲ့သည်။ တစ်ဆက်တည်းတွင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုးကို အခက်အခဲကြားမှ ကာကွယ်ထိန်းချုပ်နိုင်ခဲ့သည်။

တိုင်းပြည်တွင် ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ စီးပွားရေးသည် တဖြည်းဖြည်းကျဆင်းလာခဲ့သည်။ နိုင်ငံရေးကို အကြောင်းပြု၍ ပြည်တွင်း/ပြည်ပရှိ အဖွဲ့အစည်းအချို့က ဘဏ်လုပ်ငန်းများပြိုလဲစေရန် ရည်ရွယ်ချက်ရှိရှိ ထိုးနှက်တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်။ တိုင်းပြည်ကို အကြမ်းဖက်တိုက်ခိုက်မှုများဖြင့် ပျက်စီးအောင် လုပ်ဆောင်ခဲ့ကြသလို စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ငွေကြေးစနစ်များ ယိုင်လဲပြိုပျက်အောင်ဖျက်ဆီးခဲ့ကြသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများကြားမှ ကဏ္ဍအသီးသီးကောင်းမွန်လာအောင် ရိုးသားစွာဖြင့် ကြိုးပမ်းအားထုတ်ခဲ့ပြီး ဘဏ်စနစ်များ ပြိုလဲမှုမဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် နှစ်လယ်၌ လည်ပတ်သုံးစွဲငွေများ ပုံမှန်အတိုင်းဖြစ်ခဲ့သည်။

တိုင်းပြည်တစ်ပြည်တွင် စီးပွားရေးမောင်းနှင်အားသည် အရေးအကြီးဆုံးဖြစ်ပြီး မြန်မာနိုင်ငံ၌ ဖြစ်ပေါ်ခဲ့သော စီးပွားရေးအခြေအနေသည် ကိုဗစ်-၁၉ ရောဂါနောက်ဆက်တွဲဂယက်ရိုက်ခတ်မှုများနှင့် ယခင်အစိုးရလက်ထက်၌ ပြည်တွင်းစီးပွားရေးကို အားပေးခြင်းမရှိဘဲ ပြည်ပအပေါ်မှီခိုမှုများနေခြင်း၊ နိုင်ငံ့တာဝန်ယူသည့် အစိုးရ၏ စီမံခန့်ခွဲရေးအပိုင်း၌ အားနည်းမှုများကြောင့် အဘက်ဘက်တွင် ယိုယွင်းမှုများဖြစ်ပေါ်လာခဲ့သည်။ နိုင်ငံ့စီးပွားရေးအနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် နိုင်ငံ၏ဂျီဒီပီသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းအထိကျဆင်းခဲ့သည်။ မျက်မှောက်ကာလတွင် ကိုဗစ်-၁၉ ရောဂါနှင့် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး ဂယက်ရိုက်ခတ်မှုအခြေအနေများကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုသည် စီးပွားရေးအကျပ်အတည်းများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြည်တွင်း ပြည်ပ ဖြစ်ပေါ်နေသည့် အခက်အခဲများကြားမှ နိုင်ငံ့တာဝန်ဆောင်ရွက်နေချိန်တွင် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်ခဲ့ခြင်းကြောင့် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်အောက်တိုဘာလမှ မတ်လအထိ ပထမခြောက်လပတ်ကာလတွင် နိုင်ငံ၏ဂျီဒီပီမှာ ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ နိုင်ငံ့ဂျီဒီပီ အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းမှ အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်းအထိ ဂျီဒီပီ ခြောက်ရာခိုင်နှုန်းကျော် တိုးတက်လာအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့ကာ ဆက်လက်၍ တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်သည့် အခြေအနေကောင်းများ ပိုင်ဆိုင်ထားရာ နိုင်ငံတော်အစိုးရ၏ အားပေးမြှင့်တင် ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကြောင့် တစ်နှစ်ထက်တစ်နှစ် တိုးတက်မှုများရရှိလာသည်။ စိုက်ပျိုးမွေးမြူရေးကဏ္ဍကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ပါက အမျိုးသားရေးမျှော်မှန်းချက်နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို ဖော်ဆောင်ပေးနိုင်မည်ဖြစ်သည်။ နိုင်ငံသူ နိုင်ငံသားများ ဝင်ငွေရှိမှသာ တိုင်းပြည်သာယာဝပြောမည်ဖြစ်၍ ပြည်တွင်းမှာသာရှိသည့် ပြည့်အင်အားနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းပြည်တွင် စီးပွားရေးအပါအဝင် အဘက်ဘက်၌ အနုတ်လက္ခဏာဖြစ်ပေါ်နေသည့်အခြေအနေမှ အပေါင်းလက္ခဏာဖြစ်လာအောင် ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်၏တာဝန်များကို ရိုးသားစွာဖြင့် ဆောင်ရွက်ခဲ့ပြီး တိုင်းပြည်အတွက် စေတနာထား၍ ဆောင်ရွက်နိုင်ခြင်းကြောင့် ရလဒ်ကောင်းများ ပေါ်ထွက်လာခြင်းဖြစ်ပါကြောင်း။ ။

## (၇၈)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

★ ဒို့တာဝန်အရေး(၃)ပါးကို အပြည့်အဝအောင်မြင်စွာ ထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရေးနှင့် စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကာကွယ်စောင့်ရှောက်ရေးတို့အား တပ်မတော်၏ အဓိကတာဝန်အဖြစ် ထမ်းဆောင်ရေး။

★ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထား ဆောင်ရွက်ရေး။

★ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ချိန်တိုင်းတွင် ကျရာအခန်းကဏ္ဍများမှ အားသွန်ခွန်စိုက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရေး။

★ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## သတိပေးနှိုးဆော်ချက်

(၇၈)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကို ၂၇-၃-၂၀၂၃ ရက်တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါနေ့ရက်တွင် ရန်ကုန်-မန္တလေး လမ်းဟောင်း ပျဉ်းမနားမြို့နယ် ဘောဂသီရိမီးပွိုင့်မှ ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက် ၅ နာရီမှ ၁၀ နာရီထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများအနေဖြင့် ၎င်းနေ့တွင် နေပြည်တော်-ဇေယျာသီရိမြို့နယ် သိုက်ချောင်းလမ်းဆုံမီးပွိုင့်မှ နိဗ္ဗာန်လမ်း(မြို့ပတ်လမ်း)အတိုင်း ခွာညိုပန်းအဝိုင်းအထိ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း ကုမုဒြာကြာပန်းအဝိုင်းအထိ၊ ရာဇဌာနီလမ်းအတိုင်း ပျဉ်းမနားမြို့နယ် ပန်းခင်းလမ်းမီးပွိုင့်-ဘောဂသီရိမီးပွိုင့်မှတစ်ဆင့် ရန်ကုန်-မန္တလေး လမ်းဟောင်းမှ လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

## အစိုးရဓမ္မာစရိယစာမေးပွဲ (ပဉ္စမနေ့)ကျင်းပ

နေပြည်တော် မတ် ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့(ပဉ္စမနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တို့တွင် စာဖြေစာရင်းသွင်း ၁၂၅၇၃ ပါး/ဦးအနက် ၉၇၃၀ ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၃၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မတ် ၂၅

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ပညာမဏ္ဍိုင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ပဏ္ဍိတာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိနေနတ်သားစာသင်တိုက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်ရှိ စိန်မြဓမ္မသာလာကျောင်းတိုက်၊ အင်းစိန်မြို့နယ်ရှိ ရွှေညောင်ပင်ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ကင်းဝန်မင်းကြီးကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ချမ်းသာကြီးတောင်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ တန်ခိုးပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ သိမ်တောင်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ တောရကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တို့ရှိ ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှ တာဝန်ရှိသူများက သွားရောက် ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **စာတည်းမှူးချုပ်** | - | ဦးစိုးစိုးနိုင် | **အကြီးတန်း** | - | ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| **စာတည်းမှူး** | - | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| **စာတည်းများ** | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | **အငယ်တန်း သတင်းထောက်များ** | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | **သုတေသန** | - | ဒေါ်ဇင်မာဝင့် |
| **ဘာသာပြန်** | - | ဦးနိုင်လင်းကြည်၊ | **စာပြင်** | - | ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| **စာတည်းများ** | | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - | ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | | **အီးမေးလ်နှင့် အွန်လိုင်း** | - | ဦးစည်သူလွင်နှင့်အဖွဲ့ |



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မိမိတို့တတ်ကျွမ်းရာ အနုပညာနှင့် နိုင်ငံကို အကျိုးပြုကြရမည်ဖြစ်ပြီး ယဉ်ကျေးမှုအမွေကို ထိန်းသိမ်းစောင့်ရှောက်



နေပြည်တော် မတ် ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် အမျိုးသားဇာတ်ရုံ(မန္တလေး)၌ ကျင်းပသည့် အနုပညာအထက်တန်းကျောင်း(မန္တလေး)၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် သင်တန်းဆင်းလက်မှတ်ပေးအပ်ပွဲ၊ စွမ်းရည်ပြ ကျောင်းဆင်းလက်ရာမွန် ပြပွဲနှင့် ပဒေသာကပွဲသို့ တက်ရောက်သည်။

**ပညာရည်နို့သောက်စို့ခဲ့ကြ**

သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပျိုးဥယျာဉ်တစ်ခုဖြစ်လာမည့် ပန်းတျာကျောင်းသည် ၁၉၅၃ ခုနှစ်ကစတင်ပြီး မန္တလေးတွင် သန္ဓေတည်ခဲ့ပါကြောင်း၊ ဂီတသဘင်ပညာရှင်များကို မွေးထုတ်ပေးခဲ့ကြောင်း၊ သဘင်ဂီတမျိုးဆက်များ မွေးထုတ်ပေးသကဲ့သို့ပန်းချီ၊ပန်းပု မျိုးဆက်များကိုလည်း မွေးထုတ်ပေးခဲ့ကြောင်း၊ အောင်မြင်ထင်ရှားသည့် ပန်းချီ ပန်းပုပညာရှင်များနှင့် သဘင်ဂီတပညာရှင်ပေါင်းများစွာသည် ပန်းတျာနှင့် ပန်းချီ၊ပန်းပုကျောင်းတော်ကြီးများ၌ ပညာရည်နို့ သောက်စို့ခဲ့ကြပါကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် ပန်းတျာနှင့် ပန်းချီ၊ ပန်းပုကျောင်းကို အနုပညာအထက်တန်းကျောင်းအဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ ယခင်က ပန်းတျာကျောင်း၌ သဘင်၊ ဂီတနှင့် ပန်းချီ၊ ပန်းပုကျောင်းတွင် ပန်းချီ၊ ပန်းပုဘာသာရပ်သာ သင်ကြားပေးပါကြောင်း၊ ယနေ့ အနုပညာအထက်တန်းကျောင်းဖြစ်လာသည့်အချိန်တွင် အဆိုပါ အနုသုခုမပညာရပ်များအပြင် အထက်တန်းကျောင်းဘာသာရပ်များကိုပါ သင်ယူခွင့်ပေးခဲ့ပါကြောင်း၊ ထိုမှတစ်ဆင့် အမျိုးသားယဉ်ကျေးမှုတက္ကသိုလ်သို့ တက်ရောက်၍ B.A, M.A အထိ တက်လှမ်းနိုင်သည့် လမ်းကြောင်းကို ခင်းပေးထားပါကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ပညာရေးသည် အသက်မွေးဝမ်းကျောင်းပညာရေး (Vocational Education) ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံး၌ရှိသည့် သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပုနှင့် ရုပ်ရှင်ပြဇာတ်စသည့် အနုပညာရပ်ဝန်းများတွင် ရှင်သန်ရပ်တည်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့တတ်ကျွမ်းရာ အနုပညာနှင့် နိုင်ငံကို အကျိုးပြုကြရမည်ဖြစ်ပြီး ယဉ်ကျေးမှုအမွေကို ထိန်းသိမ်းစောင့်ရှောက်ရမည် ဖြစ်ပါကြောင်း။

**တန်ဖိုးထားထိန်းသိမ်း**

ယနေ့သင်တန်းဆင်းပွဲတွင် ပန်းတျာဌာနမှ သင်တန်းသား သင်တန်းသူ ၁၂ ဦးနှင့် ပန်းချီ၊ ပန်းပုဌာနမှ သင်တန်းသားလေးဦးတို့ သင်တန်းဆင်းကြမည်ဖြစ်ပါကြောင်း၊ သင်တန်းဆင်းမောင်မယ်တို့အနေဖြင့် ကျောင်းတော်ကြီးက သင်ကြားပို့ချပေးလိုက်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များကို တန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်ပြီး မိမိတို့တတ်စွမ်းသမျှ တိုးတက်ပြန့်ပွားအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မိမိတို့အား ပညာသင်ကြားပေးလိုက်သည့် မိခင်ကျောင်းတော်ကြီး၏ ဂုဏ်သိက္ခာ၊ အနုပညာဦးစီးဌာန၏ ဂုဏ်သိက္ခာ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ဂုဏ်သိက္ခာနှင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာကို မြှင့်တင်နေခြင်းပင် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဦးတည်ချက်(၁၂)ရပ်တွင်ပါဝင်သည့် **"တိုင်းရင်းသား လူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေး စိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"** ဆိုသည့်အချက်ကို အလေးနက်ထားကာ ကျရာတာဝန်၊ ရောက်ရာနေရာမှ ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပန်းတျာဌာနနှင့် ပန်းချီ၊ ပန်းပုဌာနတို့မှ သင်တန်းဆင်းကျောင်းသား ကျောင်းသူ ၁၆ ဦးတို့ကို သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းဆင်းထူးချွန်ကျောင်းသား ငါးဦးကို ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ကာ ကျောင်းသား ကျောင်းသူများ တင်ဆက်ကပြသော ကျောင်းဆင်းစွမ်းရည်ပြ ပဒေသာကပွဲကို ကြည့်ရှုအားပေးကြပြီး ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်များနှင့် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**သတင်းစဉ်**



## ကယားပြည်နယ်အစိုးရအဖွဲ့က ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

လွိုင်ကော် မတ် ၂၅

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့် တာဝန်ရှိများသည် လွိုင်ကော်မြို့ ယာယီခိုလှုံရာစခန်းများသို့ ယနေ့နံနက် ၉ နာရီက သွားရောက်၍ ယာယီတိုက်ပွဲရှောင်ပြည်သူများအား ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များကို လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သည်။

**ဆက်ကပ်လှူဒါန်း**

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က သီရိမင်္ဂလာပုံပောကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ယာယီတိုက်ပွဲရှောင် ပြည်သူများနေထိုင်သည့် သီရိမင်္ဂလာပုံပောကြီး ဘုန်းတော်ကြီးကျောင်း၊ စေတမာန် သီလရှင်ကျောင်းနှင့် ဇေနေဇာဘုရားကျောင်းများရှိ ယာယီခိုလှုံရာစခန်းများသို့ သွားရောက်ပြီး ယာယီတိုက်ပွဲရှောင်ပြည်သူများအား အသား၊ ငါး ရိက္ခာစိုများဝယ်ယူရန် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန် ဆန်၊ ဆီ၊ ဆား၊ ပဲများကို လက်ဝယ်အရောက်ပေးအပ်သည်။ ထို့နောက် ယာယီနေထိုင်သည့် အိပ်ဆောင်၊ ထမင်းစားဆောင်၊ သောက်သုံးရေကန်၊ ရေချိုးခန်းနှင့် သန့်စင်ခန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု**

❂ **ရွှေ့ဖုံးမှ**

နှစ်သစ်ကူးရုံးပိတ်ရက်အဖြစ် ဧပြီ ၉ ရက်မှ ၁၇ ရက်ထိသတ်မှတ်ထားရာ အဆိုပါနှစ်သစ်ကူး ရုံးပိတ်ရက်များတွင် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ ဧပြီ ၁၃ ရက်တွင် YBS ကုမ္ပဏီ ၁၆ ခုမှ YBS ယာဉ်လိုင်း ၆၇ လိုင်း၊ ယာဉ်အစီးရေ ၁၄၃၀၊ ဧပြီ ၁၄ ရက်တွင် YBS ကုမ္ပဏီ ၁၆ ခုမှ YBS ယာဉ်လိုင်း ၆၃ လိုင်း၊ ယာဉ်အစီးရေ ၁၂၉၀၊ ဧပြီ ၁၅ ရက်တွင် YBS ကုမ္ပဏီ ၁၆ ခုမှ YBS ယာဉ်လိုင်း ၆၃ လိုင်း၊ ယာဉ်အစီးရေ ၁၂၈၈ စီးနှင့် ဧပြီ ၁၆ ရက်တွင် YBS ကုမ္ပဏီ ၁၆ ခုမှ YBS ယာဉ်လိုင်း ၆၃ လိုင်း၊ ယာဉ်အစီးရေ ၁၂၈၈ စီးတို့ဖြင့်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း၊ (နှစ်ဆန်းတစ်ရက်နေ့) ဧပြီ ၁၇ ရက်တွင် YBS ကုမ္ပဏီ ၁၈ ခုမှ YBS ယာဉ်လိုင်းအားလုံး ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ရာ ယင်းနေ့တွင် Thet Yin Aung ကုမ္ပဏီရှိ ယာဉ်လိုင်းသုံးလိုင်းမှ ထွက်ရှိသည့် မော်တော်ယာဉ်များသည် ယာဉ်စီးခအခမဲ့ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပုံမှန်အတိုင်းပြေးဆွဲ**

"မဟာသင်္ကြန် မတိုင်ခင်ဖြစ်တဲ့ ဧပြီ ၁၂ ရက်နေ့ထိတော့ YBS ခရီးသည်တင် မော်တော်ယာဉ်တွေကို ပုံမှန်အတိုင်းပြေးဆွဲပေးသွားမှာဖြစ်ပြီး မဟာသင်္ကြန်ကာလအတွင်းမှာတော့ ခရီးသွားပြည်သူများအဆင်ပြေစွာသွားလာနိုင်ကြစေရေးအတွက် ယာဉ်အန္တရာယ်ကင်းရှင်းမှုနဲ့ ယာဉ်ကြံ့ခိုင်မှုရှိစေရန် ဆောင်ရွက်ပြီး ယာဉ်ပြေးဆွဲပေးဖို့ အပါအဝင် သတ်မှတ် ယာဉ်စီးခနှုန်းထားအတိုင်း ပြေးဆွဲပေးဖို့ ယာဉ်လိုင်းကုမ္ပဏီတွေကို မှာကြားထားပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) စည်းကမ်းထိန်းသိမ်းရေးနှင့် စစ်ဆေးရေးဌာန၏စာရင်းများအရ ပြီးခဲ့သည့်နှစ် မဟာသင်္ကြန်ကာလအတွင်း တိုင်ကြားမှု ၁၁ မှုရှိခဲ့ရာ ယာဉ်စီးခပိုမိုတောင်းခံသည့် YBS ခရီးသည်တင်ယာဉ်များအား ခရီးသည်အသွင်ယူစီးနင်း၍ CNG ယာဉ်ဖြစ်ပါက CNG ပိတ်သိမ်းပြီး ဒီဇယ်ယာဉ်ဖြစ်ပါက လုပ်ငန်းလိုင်စင်ပိတ်သိမ်းအရေးယူ ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ယာဉ်စီးခ ပိုမိုတောင်းခံမှုရှိခဲ့ပါက ယခင်နှစ်အတိုင်း အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း YRTC မှ သိရသည်။

သတင်း - ပွင့်သစ္စာ

ဓာတ်ပုံ - စိုးမြင့်အောင်

## ငပုတောမြို့နယ်၌ နွေစပါးစံပြကွက်ရိတ်သိမ်းပွဲ ကျင်းပ

ငပုတော မတ် ၂၅

ဧရာဝတီ တိုင်းဒေသကြီး ငပုတောမြို့နယ် ဖျန်ရေကျော်ကျေးရွာ၌ နွေစပါးသီးနှံ (GW-11) စံပြကွက်ရိတ်သိမ်းပွဲကို မတ် ၂၃ ရက် နံနက် ၁၁ နာရီက ကွင်းအမှတ်(၁၃၇၃) ဦးပိုင်အမှတ် (၁၁/၃) တောင်သူ ဦးဟန်စိန်၏ လယ်မြေ၌ ကျင်းပသည်။

အဆိုပါစံပြကွက် ရိတ်သိမ်းပွဲသို့ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သူ၊ အဖွဲ့ဝင်(၂) ဦးသန်းဦး၊ အတွင်းရေးမှူး ဦးထွန်း



မျိုးသန့်နှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွာငံမြို့၊ ဈေးတန်းရပ်ကွက်၊ သစ္စာလမ်း၊ အိမ်အမှတ် (၃၄၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ (DNOP)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက် တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၃-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ (DNOP)၏ အလံပုံစံ**



ဓနုအမျိုးသားများအဖွဲ့ချုပ်ပါတီ (DNOP)၏ တံဆိပ်ပုံစံ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်တွင် ပါတီရုံးချုပ်တည်ရှိသော **နာဂအမျိုးသားပါတီ [Naga National Party (NNP)]**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၃-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**နာဂအမျိုးသားပါတီ [Naga National Party (NNP)]၏ အလံပုံစံ**



နာဂအမျိုးသားပါတီ [Naga National Party (NNP)]၏ တံဆိပ်ပုံစံ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့၊ (၁၀)ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ်(၁၀/၆၄) တွင် ပါတီရုံးချုပ်တည်ရှိသော **ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၃-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party)၏ အလံပုံစံ**



ဓနုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ (Danu National Democracy Party)၏ တံဆိပ်ပုံစံ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ချင်းပြည်နယ်၊ တီးတိန်ခရိုင်၊ တီးတိန်မြို့နယ်၊ လွယ်ဘွားလ်ရပ်ကွက်၊ အမှတ်(ဘ/၉)တွင် ပါတီရုံးချုပ်တည်ရှိသော **ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Zomi Congress for Democracy Party)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၃-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Zomi Congress for Democracy Party)၏ အလံပုံစံ**



ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီ (Zomi Congress for Democracy Party)၏ တံဆိပ်ပုံစံ




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ ရွှေလင်ပန်း တန်ဖိုးနည်းအိမ်ရာ အပိုင်း(၁)၊ ရွှေနှင်းဆီလမ်း၊ အခန်း(၀၀၂)၊ တိုက်(၁၀)တွင် ပါတီရုံးချုပ်တည်ရှိသော **၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ [THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR) PARTY]**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၃-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ [THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)PARTY]၏ အလံပုံစံ**



၈၈ မျိုးဆက်ကျောင်းသားလူငယ်များ (ပြည်ထောင်စုမြန်မာနိုင်ငံ) ပါတီ [THE 88 GENERATION STUDENT YOUTHS (UNION OF MYANMAR)PARTY]၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ (၄) ရပ်ကွက်၊ တကောင်းဘုရားလမ်း၊ အမှတ်(၂)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမားပြည်သူ့ပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၃-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ၏ အလံပုံစံ**



မြန်မာနိုင်ငံတောင်သူလယ်သမား အလုပ်သမား ပြည်သူ့ပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ဆံတော်ရပ်ကွက်၊ စကားတောင်ရပ်၊ ပုထိုးကြီးလမ်း၊ အမှတ်(၃၂၇)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရနိုင်ငံရေးပါတီအဖြစ် ဆက်လက် တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY) ၏ အလံပုံစံ**



**ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားနိုင်ငံရေးအဖွဲ့ချုပ်ပါတီ (THE UNION OF MYANMAR FEDERATION OF NATIONAL POLITICS PARTY) ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လောက်ကိုင်မြို့၊ တုံချန်၊ ရပ်ကွက်(၁)၊ ကြည်ရှန်လမ်းတွင် ပါတီရုံးချုပ်တည်ရှိသော **ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၏ အလံပုံစံ**



**ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း


၁။ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်မြို့၊ သပြေကုန်း၊ အမှတ်(၄) ရပ်ကွက်၊ အိမ်အမှတ်(၂၄၅)တွင် ပါတီရုံးချုပ်တည်ရှိသော **မြို တိုင်းရင်းသားပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြိုတိုင်းရင်းသားပါတီ၏ အလံပုံစံ**



**မြိုတိုင်းရင်းသားပါတီ၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ ယုဇနတာဝါ၊ (၉)လွှာ၊ အခန်း(၉၀၆)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်သူ့ပါတီ (People's Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့ပါတီ (People's Party)၏ အလံပုံစံ**



**ပြည်သူ့ပါတီ (People's Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ နယ်မြေ(၂)၊ ရပ်ကွက်(၁)၊ သာယာလမ်း၊ အမှတ်(၄၀)တွင် ပါတီရုံးချုပ်တည်ရှိသော **"ဝ"အမျိုးသားပါတီ (WA NATIONAL PARTY)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**"ဝ"အမျိုးသားပါတီ (WA NATIONAL PARTY)၏ အလံပုံစံ**



**"ဝ"အမျိုးသားပါတီ (WA NATIONAL PARTY)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ မြိုင်သာယာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(၅/ခ)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသမီးပါတီ(မွန်)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၄-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသမီးပါတီ (မွန်)၏ အလံပုံစံ**



**အမျိုးသမီးပါတီ (မွန်)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(၇၈) နှစ်မြောက် တပ်မတော်နေ့အကြိုဂုဏ်ပြုဆောင်းပါး

# မင်းကြီးသုံးပါးပေးသည့် အမျိုးသားရေးတာဝန်

ပြေအေးသက်

နိုင်ငံတိုင်းသည် မိမိနိုင်ငံကိုကာကွယ်ရန်အတွက် တပ်မတော်ကို ဖွဲ့စည်းထားရှိခဲ့သည်မှာ ရှေးအခါကာလမှသည် ယခုကာလထက်တိုင်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ရှေးဘုရင်များခေတ်မှစပြီး တပ်မတော်ကို ဖွဲ့စည်းတည်ထောင်ခဲ့ကြကာ မိမိနိုင်ငံပိုင်နက်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသည်မှာ သမိုင်းတွင် အထင်အရှားရှိခဲ့ပေသည်။ တပ်မတော်အင်အားနည်းပါက တိုင်းပြည်ကို ကာကွယ်နိုင်စွမ်းနည်းခဲ့ကြပြီး တပ်မတော်အင်အားရှိမှသာ တိုင်းပြည်ကို မားမားမတ်မတ်ရပ်တည်နိုင်အောင် ကာကွယ်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် တိုင်းပြည်အင်အားရှိစေရန်အတွက် အင်အားရှိသော တပ်မတော်ကို တည်ဆောက်ခဲ့ကြသည်။

**မင်းသုံးပါး**

မင်းသုံးပါးဆိုသည်မှာ မြန်မာနိုင်ငံကို တည်ဆောက်မွမ်းမံခဲ့ကြသည့် အနော်ရထာမင်းတရားကြီး၊ ဘုရင့်နောင်မင်းတရားကြီးနှင့် အလောင်းမင်းတရားကြီးတို့ကို ရည်ညွှန်းပါသည်။ အဆိုပါမင်းတရားကြီးများသည် မြန်မာတစ်နိုင်ငံလုံးကိုစုစည်း၍ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်နှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြပေသည်။ တည်ထောင်သူမင်းကြီးများအနေဖြင့် လက်ရုံးရည်၊ နှလုံးရည်နှင့်ပြည့်စုံသည် သာမက ကြံရည်ဖန်ရည် ဖွဲ့လုံ့လနှင့်လည်း ပြည့်စုံကုံလုံကြသည့် ခေါင်းဆောင်ကောင်း မင်းကောင်း မင်းမြတ်ကြီးများဖြစ်ကြပေသည်။ ခေါင်းဆောင်ကောင်းတို့၏လက်ထက်တွင် တပ်မတော်ကြီးများ အင်အားကြီးမားကာ မြန်မာပြည်ကြီးသည် ဘုန်းမီးနေလတန်ခိုးတောက်ပ၍ ပတ်ဝန်းကျင်နိုင်ငံများက အထင်ကြီးလေးစားကြသည်မှာ သဘာဝပင်ဖြစ်သည်။

နိုင်ငံသူနိုင်ငံသားများလည်း စားရေရိက္ခာပေါများကြကာ ဘုရားတည်၊ ကျောင်းဆောက်၊ အလှူအတန်းများတခြိမ့်ခြိမ့်၊ ဗြောသံတညံညံဖြင့် ထမင်းရည်ချောင်းစီးမောင်းတီးပြီး လှူဒါန်းနိုင်ကြကာ ပျော်တပြုံးပြုံးနှင့် မော်မဆုံးဖြစ်နေသည်ကို မှန်းဆမိပါသည်။ ပထမမြန်မာနိုင်ငံတော် တည်ထောင်သူ အနော်ရထာမင်းတရားကြီးလက်ထက်တွင် ဘုရားကျောင်းကန် မည်မျှများသနည်းဆိုသော် လှည်းဝင်ရိုးသံတညံညံ ပုဂံဘုရားပေါင်းဟုဆိုကြသည်။ ဘုရင့်နောင်မင်းတရားကြီးလက်ထက်တွင်လည်း တောင်ငူက မြစည်းခုံစေတီ၊ ပဲခူးက မဟာစေတီ၊ ကျိုက်ထီးရိုးစေတီ ထီးတော်တင်ခြင်းအပါအဝင် ပြည်တွင်းဘုရားကျောင်းကန်များအပြင် သီရိလင်္ကာစွယ်တော်မြတ်စေတီတွင် အလုပ်အကျွေးပြုရန် မြေကြီးဝယ်ငွေကျပ် ၁၀၀ ဖိုးနှင့် ရွှေငွေကျောက်သံပတ္တမြားတို့ကို သင်္ဘောဖြင့်တိုက်၍လှူဒါန်းတော်မူသည်ဟု ဆိုသည်။ ထို့ပြင် ထိုင်း (ယိုးဒယား) ရှိ ဝပ်တ်ဖြူခိုသောင်ဝ် (what phu khao thoung )စေတီသည် ဘုရင့်နောင်မင်းတရားကြီး တည်ထားခဲ့သည်ဖြစ်၍ လက်ရှိတော်မှာ ရှည်လျားခဲ့ပေသည်။

အလောင်းမင်းတရားကြီးသည်လည်း ရွှေဘိုမြို့တွင် မော်ဓောမြင်သာခေါ် ရွှေစေတီကြီး၊ ရွှေချက်သိုစေတီ၊ ရွှေကူကြီးစသော စေတီပုထိုးများ၊ တကောင်းမြို့အရပ်၌ ဇိနအောင်ချာ ရွှေဘုံသာစေတီတော်၊ တိဂုံဆံတော်ရှင်၌ စောင်းတန်းတော်၊ ဇရပ်တော်များ၊ ဟံသာဝတီ၊ ပြည်၊ အင်းဝ၊ စစ်ကိုင်းမြို့များနှင့် အကြေအညာမြစ်စဉ်တစ်လျှောက် ဘုရားပုထိုးဟောင်းများကို ပြင်ဆင်တော်မူစေသည်။ ဆိုချင်သည်ကား လက်ရုံးလည်း တောက်ပသလောက် ဘုရား၊ တရား၊ သံဃာ ကိုးကွယ်ရာတွင်လည်း နောင်အရှည်သံသရာအတွက် မျှော်မှန်းကာ တည်ထားကိုးကွယ်ခဲ့ကြသည်ကိုတွေ့ရသည်။



အနော်ရထာမင်းတရားကြီး

> **မင်းကြီးသုံးပါးသည် ၎င်းတို့၏ ခေတ်အလျောက် တောင့်တင်းခိုင်မာလှသည့် တပ်မတော်ကြီးကြောင့် ပြည်တွင်း ပြည်ပ ရန်စွယ်အန္တရာယ်များကို ချိုးနှိမ်ကျော်လွှားကာ ကြီးမားကျယ်ပြန့်သည့် နိုင်ငံတော်နယ်နိမိတ်ကို ဆောင်ကြဉ်းနိုင်ခဲ့ပေသည်။ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးကို စည်ပင်ဝပြောအောင် ဆောင်ရွက်နိုင်ခဲ့ပြီး စားရေရိက္ခာများပေါများကာ ဘုရားတည်၊ ကျောင်းဆောက်နှင့် ကုသိုလ်တိုးအောင် ဆောင်ရွက်နိုင်ခဲ့ကြပေသည်။ ယနေ့မြန်မာနိုင်ငံ၏ နယ်နိမိတ်အပိုင်းအခြား သတ်မှတ်ချက်များသည် ထိုမင်းကြီးသုံးပါး ဝန်းဝိုင်းပေးခဲ့သည့် အဝန်းအဝိုင်းဟုဆိုရလျှင်ပင် မှားမည်မထင်ပါ**

**အနော်ရထာမင်းတရားကြီးလက်ထက်**

တပ်မတော်နှင့်ပတ်သက်လျှင် အနော်ရထာခေတ် မြန်မာ့တပ်မတော်မှစ၍ ပြောရပေမည်။ အနော်ရထာမင်းကြီးလက်ထက်မှစ၍ တပ်အင်အားစုစည်းမှုကို စစ်မက်ရေးရာပေါ်ပေါက်ချိန်တွင် ထောင်ပြုမြို့၊ ရာပြုမြို့၊ ဆယ်ပြုမြို့ဟူ၍ ဖွဲ့စည်းထားပြီး ထိုမြို့များမှ သက်ဆိုင်ရာမြို့အလိုက် စစ်သည်ရဲမက်များကို စုစည်း၍ တာဝန်ထမ်းဆောင်စေသည်။ ထိုသို့ တပ်မတော်ကို စုဖွဲ့ရုံသာမက စားရေရိက္ခာပေါများအောင် ကျောက်ဆည်နယ်တွင် ဆည်မြောင်းတာတမံများပြုလုပ်စီမံ၍ ပုဂံ၏ စပါးကျီဖြစ်အောင် ဆောင်ရွက်ခဲ့သည်။ လယ်တွင်း ၁၁ ရွာဖြစ်သော ပင်လယ်၊ မြစ်မနား၊ မြစ်သား၊ မြင်းခုံတိုင်၊ ယမုံး၊ ပန်၊ မက္ခရာ၊ တပြက်သာ၊ သင်တောင်၊ တမုတ်ဆိုးနှင့် ခံလူးတူသာတို့ကို စပါးစိုက်ပျိုးရေးအတွက် ဆောင်ရွက်တည်ထားခဲ့သည်။

စားရေရိက္ခာ လုံလောက်လာသည်နှင့်အမျှ စစ်သည်ရဲမက်များကို အရေးပေါ်လျှင်ပေါ်သလို စုစည်းလာနိုင်ခဲ့သည့်အပြင် အမတ်သူရဲကောင်းများဖြစ်သော ကျန်စစ်သားအပါအဝင် ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးစသည့်သူများလည်း စုစည်းမိလာပြီး တကွဲတပြားစီဖြစ်နေသော နိုင်ငံတော်ကို စုစည်းတည်ထောင်ခဲ့သည်။ ပထမမြန်မာနိုင်ငံတော်၏ အကျယ်အဝန်းသည် မြောက်ဘက်တွင် မိုးညှင်း၊ မိုးကောင်း၊ မြစ်ကြီးနားအထိ၊ အရှေ့ဘက်တွင် ကျိုင်းတုံမပါနှင့် တောင်ဘက်တွင် ထားဝယ်၊ မြိတ်နှင့် အနောက်ဘက်တွင် သံတွဲမပါ အထိကျယ်ဝန်းခဲ့သည်။

ထို့ပြင် လုံခြုံရေးအတွက် ဗန်းမော်မြို့မှ တောင်ငူမြို့အထိ ကောင်းစင်၊ ကောင်းတန်၊ ရွှေကူ မိုးတား၊ တကောင်း၊ ကြံညှပ်၊ မက္ခရာ၊ မြင်စိုင်း အစရှိသော ကင်းတပ်မြို့ ၄၃ မြို့တည်ဆောက်၍ တိုင်းတစ်ပါးရန်ကာကွယ်ခဲ့သည်။ မြန်မာလူမျိုးတို့၏ကိုးကွယ်ရာအစစ်အမှန်ဖြစ်သော ဗုဒ္ဓဘာသာကို ရှာဖွေဆောင်ကြဉ်းပေးခဲ့သည်။ အနော်ရထာမင်းကြီးသည် ပုဂံမင်းဆက် ၅၅ ဆက်တွင် ၄၂ ဆက်မြောက်မင်းဖြစ်သည့်အတွက် ကျန်မင်းဆက် ၁၃ ဆက်အတွက် အထောက်အကူပြုခဲ့သည့်အပြင် မြန်မာနိုင်ငံကိုလည်း နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို အဘက်ဘက်မှမြှင့်တင်ပေးနိုင်ခဲ့သည်။ သို့ဖြစ်၍ ပထမမြန်မာနိုင်ငံတော်ကို အောင်မြင်အောင်တည်ထောင်နိုင်ခဲ့သည်။

**ဘုရင့်နောင်မင်းတရားကြီးလက်ထက်**

ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော ဘုရင့်နောင်မင်းတရားကြီးသည် တပင်ရွှေထီးထံတွင် ဘုရင့်နောင်ကျော်ထင်နော်ရထာဘွဲ့ရရှိခဲ့ပြီး တိုက်ပွဲတိုင်းတွင် ပါဝင်ခဲ့ကာ ၁၅၃၇ ခုနှစ် နောင်ရိုးတိုက်ပွဲတွင်ထင်ရှားလာပြီး ဘုရင့်နောင်ဘွဲ့ရရှိခဲ့သည်။ နောင်ရိုးတိုက်ပွဲတွင် ဘုရင့်နောင်ပြောကြားခဲ့သည့်“စစ်တို့၏သဘောသည် အင်အားနည်းသည်၊ များသည်ဟူ၍မရှိ၊ လုပ်ရည်ကိုင်ရည်နှင့်ရဲစွမ်းသတ္တိတို့သာအရင်းဖြစ်သည်” ဆိုသည့်စကားသည်လည်း ကျော်ကြားထင်ရှားလှပါသည်။ တပင်ရွှေထီးလွန်သော် ဘုရင့်နောင်သည် ဒလဘက်ရောက်နေရာမှ လူသူလေးပါးစုစည်း၍ တောင်ငူကိုတိုက်ရန်စီစဉ်သည်။ သစ္စာခံသူများရှိပြီး တောင်ငူကို ၁၅၅၀ ပြည့်နှစ် စက်တင်ဘာလတွင် တိုက်ခိုက်သောအခါ ဆင် ၂၀၀၊ မြင်း၂၀၀၀ နှင့် စစ်သည်ရဲမက် ၈၀၀၀၀ ပါပြီး ရေတပ်တွင် တပ်ပေါင်း ခြောက်တပ်ကတ္တူလွှန်းကြင်လှေ ၁၃၀၊ လှော်ကားလှေ ၇၀၊ စစ်သည်ရဲမက် ၁၆၀၀ ပါဝင်သည်ဟု ဆိုသည်။ တောင်ငူဘုရင်မင်းခေါင်ကိုတိုက်ကာ တောင်ငူကို သိမ်းယူပြီး ဘိသိက်ခံခဲ့သည်။

ထိုမှ ပြည်၊ အင်းဝ၊ ဟံသာဝတီ၊ ပုသိမ်၊ ဒလတို့ကို စစ်ချီတိုက်ခိုက်ပြီး ၁၅၅၂ ခုနှစ်တွင် မုတ္တမ ၃၂ မြို့နှင့် ပုသိမ် ၃၂ မြို့တို့ကို မြို့စား၊ ရွာစားများဖြင့် စနစ်တကျဖြစ်ရန် စီမံခဲ့သည်။ ၁၅၅၆ ခုနှစ်တွင် အုန်းဘောင်စော်ဘွားနှင့် မိုးနဲစော်ဘွားတို့အရေးကြောင့် မင်းတရားသည် စစ်ကြောင်းသုံးကြောင်းဖြင့်အင်းဝမှချီရာ “အင်းဝဆင်ခေါင်းကြောင်း” ချီတပ်တွင် ဆင် ၃၀၀၊ မြင်း ၆၀၀၀နှင့် သူရဲ ၁၂၀၀၀၀ ပါဝင်ပြီး “ကင်းတားရှာင်ကြောင်း” ချီတပ်တွင်လည်း အင်အားအတူတူပင်ဖြစ်သည်။ ရေကြောင်းချီတပ်တော်တွင် မင်းတရားကြီးကိုယ်တိုင် ဦးစီးကာ ချီသည်။ တပ်ပေါင်း ၂၂ တပ်တွင် အင်အားမှာ ရဲလှေပေါင်း ၁၅၀၀၊ လှော်ကားသံလှေ ၃၀၀၊ ရိက္ခာတင်လှေ ၁၀၀၀ နှင့် စစ်သူရဲ ၁၂၀၀၀၀ ပါဝင်သည်။ မိုးနဲနှင့် အုန်းဘောင်အရေးပြီးသော် မိုးညှင်း၊ မိုးကောင်းကို တပ်များ ထပ်မံစုဖွဲ့ချီတက်သိမ်းသွင်းသည်။ သိမ်းသွင်းဆဲတွင် မိုးနဲ၊ သီပေါစော်ဘွားများအရေး ထပ်ပေါ်၍ ချီတက်ဖြေရှင်းရသေးသည်။ ၎င်းနောက် ရှမ်းပြည်နယ်တစ်လွှား အေးချမ်းအောင် စီမံကွပ်ကဲခဲ့သည်။

၁၅၅၇ ခုနှစ်အရောက်တွင် ဘုရင့်နောင်မင်းကြီးသည် ဇင်းမယ်ကိုချီတက်တိုက်ခိုက်ရန် စီစဉ်လေသည်။ ဇင်းမယ်ချီစစ်တွင် တပ်ပေါင်း ၅၀ ဖြင့် ချီတက်သိမ်းပိုက်ခဲ့ရာ ဇင်းမယ်ကိုရရှိပြီး ဇင်းမယ်မင်း ဖြစဲစစ်နှင့် မြို့ရုံ ၅၇ မြို့မှ မြို့စားတို့ကိုလည်း နဂိုအရာတွင် ပြန်ခန့်ကာ မိုးနဲမှတစ်ဆင့် ဟံသာဝတီပြန်ခဲ့သည်။ ဇင်းမယ်ရောက်စဉ်အတွင်း ဘုရင့်နောင်မင်းတရားသည် ဘုရားကျောင်းကန်စေတီတို့ကို ပြင်ဆင်မွမ်းမံခဲ့သေးသည်။ နောက်တစ်ကြိမ် ဇင်းမယ်မင်းလက်အောက်ရှိ ဖြဲ၊ အနန်း၊ လကွန်း၊ တုရိုင်း စသည့်မြို့ရုံများမှ မြို့စားများသည် လင်ဇင်းမင်းထံ ကူးပြောင်းသစ္စာခံပြီး ပုန်ကန်သည့် အတွက် ဇင်းမယ်မင်း ဖြစဲစစ် (ဖြစံစစ်) သည် မင်းတရားကြီးထံလျှောက်တင်ကာ စစ်ကူရန် တောင်းလေသည်။ ထိုစစ်ကိုမူ အင်းဝသတိုးမင်းစောကို ဦးဆောင်ကာ ချီတက်စေသည်။ **စာမျက်နှာ ၇ သို့** ◆



ဘုရင့်နောင်မင်းတရားကြီး

# နယ်နိမိတ်နဲ့စည်းရိုး

❖ နိုင်ငံ့ ဂုဏ်ဟိတ်
နယ်နိမိတ်မျဉ်း၊ မယွင်းစေရေး
ဆေးနဲ့ မင်နဲ့
ရေးခဲ့ခြင်းမဟုတ်…။

❖ ကမ္ဘာတည်မြဲ၊ အစဉ်စွဲစေ
ရဲသွေးနီမောင်း၊ သွေးချောင်းစီးပွက်
ပေးဆက် စတေး
သွေးနဲ့ရေးထား မှတ်ပါသား…။

❖ နိုင်ငံ့ စည်းရိုး
မကျိုးမပေါက်၊ ဘေးမရောက်အောင်
ကျောက်နဲ့ သံနဲ့
ကာခဲ့ခြင်းမဟုတ်…။

❖ ကမ္ဘာတည်စိုး၊ မပျက်ကျိုးစေ
အရိုးကြေကြေ၊ အရေခန်းခန်း
ယောင်ယမ်း မလွန့်၊ နောက်မတွန့်သည့်
စွန့်လွှတ် စွန့်စား၊ စစ်သားတို့အရိုး
စိုက်ထိုးကာထား မှတ်ပါသား…။

❖ ဆေးနဲ့မရေး
သွေးနဲ့ရေးတဲ့ နယ်နိမိတ်မျဉ်း။
သားတို့ရှေ့ဆက် အောင်မြေနင်း။

❖ ကျောက်အုတ်နဲ့မကာ
အရိုးနဲ့ကာတဲ့ နိုင်ငံစည်းရိုး။
သားတို့ကျေပွန် စောင့်ရှောက်မိုး။

❖ အောင်စစ်သည်တို့
ပြည်၏အကျိုး၊ အမျိုးသိက္ခာ
သာသနာကျေးဇူး၊ အထူးထူးကို
ရည်စူး ဆောင်နှင်း၊ ကျေပွန်ခြင်းကြောင့်
မယွင်း အရာ၊ သိက္ခာ မပွန်း
တစ်စွန်း တစ်စ၊ ပွဲမထွက်ဘဲ
မြဲလျက်စွန့်ရှည် တည်နေခြင်း။
သားတို့မှတ်စွဲ ရဲကြမင်း။ ။

(၇၈)နှစ်မြောက် တပ်မတော်နေ့အား လေးစားစွာဂုဏ်ပြုအပ်ပါသည်။

**ဇော်မင်းမင်းဦး**

◆ စာမျက်နှာ ၆ မှ

စစ်အင်အားမှာ တပ်ပေါင်း ၁၇ တပ်တွင် ဆင် ၅၀၀၊ မြင်း ၆၀၀၀ နှင့် စစ်သည်သူရဲ ၁၄၀၀၀၀ ဖြင့် ချီတက်စီမံပေးခဲ့သည်။ နောက် တစ်ဖန် ၁၅၆၈ ခုနှစ်တွင် ထိုင်း(ယိုးဒယား)နန်းကျဘုရင်နှင့် သားဖြစ်သူ ဗြမဟိန်တို့ပူးပေါင်းကာ အယုဒ္ဓယမှ ပုန်ကန်သဖြင့် မင်းတရားကြီးကိုယ်တိုင် တပ်ပေါင်း ၅၉ တပ်၊ စစ်သည်ရဲမက်အင်အား ၉၀ ၂၈၀၀ ဖြင့် ပိသလောက် မှတစ်ဆင့် အယုဒ္ဓယကိုချီ၍တိုက်ရာ တိုက်ပွဲပြင်းထန်ပြီး အကျအဆုံးများသဖြင့် လက်ရွေးစင်ဖွဲ့၍တိုက်ရာ အောင်မြင်တော်မူခဲ့သည်။

၁၅၇၅ ခုနှစ်တွင် သီရိလင်္ကာဘုရင် ဓမ္မပါလကလည်း အမျိုးဘာသာသာသနာကို အခြားသူတို့နှောင့်ယှက်နေသောကြောင့် အကူအညီတောင်းခံခဲ့ရာ မင်းတရားကြီးသည် လက်ရွေးစင်စစ်သည်ရဲမက်များ စေလွှတ်ကူညီရသေးသည်။ နိုင်ငံတွင်းနှင့် နိုင်ငံတော်ပြင်ပနိုင်ငံများပါ အကူအညီပေးစောင့်ရှောက်နိုင်ခဲ့သည်မှာလည်း ဘုရင့်နောင်မင်းတရားကြီး၏ စွမ်းရည်ပြည့်စုံ၍ အင်အားတောင့်တင်းခိုင်မာသော ဆင်မြင်းဗိုလ်ပါရဲမက်ကြောင့်ဖြစ်သည်။ ဒုတိယမြန်မာနိုင်ငံတော်ကြီးသည် မြောက်ဘက်တွင် မိုးညှင်း၊ မိုးကောင်း၊ အရှေ့ဘက်တွင် ယူနန်နယ်အချို့နှင့် ဇင်းမယ်၊ အယုဒ္ဓယ၊ တောင်ဘက်တွင် ထားဝယ်၊ မြိတ်၊ အနောက်ဘက်တွင် အာသံ၊ မဏိပူရ၊ ကသည်းအထိ နိုင်ငံတော်အကျယ်အဝန်းရှိခဲ့သည်။

**အလောင်းမင်းတရားကြီးလက်ထက်**

၁၇၅၂ ခုနှစ် မတ်လ ၁၁ ရက်နေ့တွင် ဟံသာဝတီသားတို့လက်ချက်ဖြင့် အင်းဝပြည်ကြီး ပျက်စီးသောအခါ ဘုရင့်မင်းမှုထမ်းငယ်တစ်ဦးဖြစ်သော ဦးအောင်ဇေယျသည် ဟံသာဝတီသားတို့ရန်ကို တွန်းလှန်ဖယ်ရှားနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ခဲ့သည်။ မြင်းရည်တက်သူရဲကောင်း ၆၈ ဦးဖြင့် မုဆိုးဘိုထန်းလုံးတပ်ကို ဖွဲ့စည်းပြီး လာရောက်တိုက်ခိုက်သော ဟံသာဝတီသားတို့ရန်ကို တွန်းလှန်ဖြိုဖျက်ကာ အနိုင်ရယူခဲ့သည်။ ထိုမှရှေ့ဆက်၍ ၁၇၅၂ ခုနှစ် ဇွန်လမှစ၍ ၁၇၅၃ ခုနှစ် ဧပြီလအထိ မြောင်းဝန်၊ ခင်လတ်၊ ခင်ဦး၊ ငါးစို့၊ ရေဦးကုန်းဘက်နှင့် ကျွန်းတောတိုက်ပွဲများဆင်နွှဲပြီး မိုးဦးကျတွင် စစ်နားကာ မုဆိုးဘိုကို နန်းတော်အင်္ဂါရပ်နှင့်ညီအောင် စတင်ပန္နက်ချ၍ "ရတနာသိင်္ဃမြို့တော်" ဟုခေါ်ဝေါ်သမုတ်ခဲ့သည်။ မြို့တော်၏ အခြားထင်ရှားသောအမည်များမှာ ကုန်းဘောင်၊ မုဆိုးဘို၊ ရတနာသိင်္ဃ၊ ရန်ကြီးအောင်၊ ရွှေဘိုဟူသော ငါးမည်ရနန်းမြို့တော်ကြီးဖြစ်သည်။


အလောင်းမင်းတရားကြီးဦးအောင်ဇေယျ

"ဥသြအော်မြည် ကုန်းဘောင်တည်" ဆိုသည်မှာ "ဥ"မှာ ၁၊ "သြ"မှာ ၁၊ "အော်"မှာ ၁၊ "မြည်"မှာ ၅ ဖြစ်သောကြောင့် ကုန်းဘောင်မင်းဆက်စတည်ထောင်သော မြန်မာသက္ကရာဇ်မှာ ၁၁၁၅ ခုနှစ်ဖြစ်ပြီး ခရစ်နှစ်မှာ ၁၇၅၃ ခုနှစ်ဖြစ်သည်။ ယင်းနောက် အင်းဝတွင်ရှိနေသည့် ဟံသာဝတီသားများကို ထိုနှစ် ဒီဇင်ဘာလတွင် စတင်တိုက်ထုတ်ရာမှ နောက်နှစ် ဇန်နဝါရီလဆန်းတွင် ရရှိခဲ့သည်။ ထိုမှတစ်ဖန် မြန်မာပြည်တစ်ခွင် စည်းရုံးရေးခြေလှမ်းစတော့သည်။ မတ်လတွင် အင်းဝမှ ကသာ၊ မိုးညှင်း၊ မိုးကောင်းသို့ ချီတက်၍ မိုးမိတ်၊ ဗန်းမော်အပါအဝင် မြောက်ပိုင်းဒေသများအား ငြိမ်ဝပ်အေးချမ်းစေခဲ့သည်။ ဇွန်လတွင် မြေလတ်ဒေသဖြစ်သော ပင်း၊ မဲထီးဒေသသို့သွားရောက်၍ ပုဂံ၊ ညောင်ဦး၊ ငါ့သရောက်နယ်မြေများကို ဆင့်ခေါ်သစ္စာခံစေခဲ့သည်။ စက်တင်ဘာလတွင် ယောနယ်ကိုစည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။

နောက်နှစ် ၁၇၅၅ ခုနှစ်တွင် အလောင်းမင်းတရားကြီးသည် သူ၏တပ်များဖြင့် ကြည်းကြောင်း၊ ရေကြောင်းတို့ချီကာ ပြည်ဆံတော်ရှင်တပ်တိုက်ပွဲဆင်နွှဲခဲ့ပြီး ဧရာဝတီမြစ်ဝကျွန်းပေါ်ကို စည်းရုံးသိမ်းသွင်းနိုင်ခဲ့သည်။ ထို့နောက် ဧပြီလတွင် ဒဂုန်မြို့ဟောင်းသို့ရောက်ရှိပြီး မိုင်ဝက်ခန့်အကွာ၌ ရန်ကုန်မြို့သစ်ကို မေလတွင် တည်ထောင်ခဲ့သည်။ ထိုစဉ်က ရန်ကုန်မြို့သည် နှစ်မိုင်ပတ်လည်ခန့်သာရှိသည်ဟုဆိုသည်။ မြို့အင်္ဂါရပ်နှင့်အညီတည်ဆောက်ခဲ့ရာ မြို့ရိုးနှင့်ကျုံးနှင့်ဖြစ်သည်။ မြို့တော်အိမ်၊ ရုံးတော်၊ အကောက်ခွန်ရုံးနှင့် အုပ်ချုပ်ရေးအရာရှိများခန့်ထားခဲ့သည်။ ရန်ကုန်မြို့တည်ထောင်နေစဉ် တာမွေ၊ ဘောင်နှင်းမလစ်တွင် ဟံသာဝတီတပ်များရှိနေရာ ၎င်းတို့ကို တိုင်းပြည်ငြိမ်ဝပ်ရေးအတွက် ဆောင်ရွက်ရပြီးနောက် ဒလကို ထပ်မံစည်းရုံးသိမ်းသွင်းကာ ဇွန်လတွင် ရတနာသိင်္ဃသို့ပြန်သည်။

နောက်နှစ် ၁၇၅၆ ခုနှစ် ဖေဖော်ဝါရီလတွင် အလောင်းမင်းတရားကြီးသည် ရန်ကုန်သို့ ကြည်းကြောင်း၊ ရေကြောင်းအင်အား ၃၀၀၀၀ ဖြင့် ချီရပြန်သည်။ သည်တစ်ခါအရေးသည် ပဲခူးရှိ ဟံသာဝတီသားများအရေးဖြစ်သည်။ သို့နှင့် ဒေါပုံကို မေလတွင်သိမ်းသွင်း၍ သံလျင်ကို အကြိမ်ကြိမ်ချဉ်းကပ်ရာမှ နောက်ဆုံး လက်ရွေးစင် ၉၃ ဦးဖြင့်တိုက်မှ ဇူလိုင်လ ၂၆ ရက်နေ့တွင်ရရှိခဲ့သည်။ ၎င်းမှ ပဲခူးဟံသာဝတီကိုဆက်လက်သိမ်းပိုက်နိုင်ခဲ့သည်။ ထိုကြားထဲ ၁၇၅၈ ခုနှစ်တွင် မဏိပူရထီးနန်းပြဿနာကို သွားရောက်ရှင်းလင်းပေးရသေးသည်။ ၎င်းနောက် ဟိုင်းကြီးကျွန်းတွင်ရှိသော အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီမှ တာဝန်ခံအဆက်ဆက်က သံလျင်ရှိ ဟံသာဝတီတို့ကို လက်နက်အကူအညီပေးလျက်ရှိရာ သံလျင်ကိုသိမ်းစဉ် အင်္ဂလိပ်သင်္ဘောတစ်စင်းပေါ်မှ အမြောက်ကြီး သုံးလက်၊ အမြောက်ငယ် ၃၅ လက်၊ သေနတ် ၁၃၀၀၊ ယမ်းမှုန့် ၃၅ စည်၊ အမြောက်ငယ် ကျည်စေ့ ၃၀၀၀၊ လုံးစွပ် ၃၀၀ တို့ သိမ်းဆည်းရမိခဲ့သဖြင့် ဟိုင်းကြီးကျွန်းသို့ မင်းရဲကောင်းပုံနှင့် လက်ရွေးစင်၂၀ဖြင့် စေလွှတ်ဆုံးမရသေးသည်။

အလောင်းမင်းတရားကြီး မဏိပူရချီနေချိန်တွင် ထားဝယ်စားက ထိုင်း (ယိုးဒယား) အားကိုးဖြင့် အလောင်းမင်းတရားကြီး၏သင်္ဘောအား တနင်္သာရီသို့ ယူဆောင်သွားခဲ့သည်။ သို့နှင့် ၁၇၅၉ ခုနှစ် ဇူလိုင်လတွင် ရန်ကုန်၊ မုတ္တမ၊ ထားဝယ်မှ ထိုင်း(ယိုးဒယား)နိုင်ငံ ကွီးမြို့၊ ရတ်ဘူရီ၊ ဗန်ကောက်၊ သုဖန်ဘူရီသို့ချီတက်တိုက်ခိုက် တပ်စွဲခဲ့သည်။ ထိုမှ အယုဒ္ဓယမြို့ကို ချီတက်ဝိုင်းရံတိုက်ခိုက်ရာ ထိုင်း(ယိုးဒယား)မှ ငြိမ်းချမ်းရေးကမ်းလှမ်းခဲ့သည်။ ထိုအတောအတွင်း မင်းကြီး ကျန်းမာရေးမကောင်းသဖြင့် ၁၇၆၀ ပြည့်နှစ် ဧပြီလတွင် တပ်ဆုတ်ခဲ့ရာ ကင်းရွာအရောက် မေလ ၁၁ ရက်နေ့တွင် နတ်ရွာစံခဲ့သည်။ ပြောရမည်ဆိုလျှင် အလောင်းမင်းတရားကြီးသည် အချိန်နှင့်အမျှ နိုင်ငံငြိမ်ဝပ်ပိပြားရေးကို ပြည်တွင်းအားဖော်၍ ရယူတည်ဆောက်ခဲ့သည့် အပြင် ပြည်ပနိုင်ငံများက ခန့်ညားလောက်သည့် အရှိန်အဝါတန်ခိုးအာဏာရရှိအောင်လည်း စီမံခဲ့သည်။ ထို့ပြင် စားရေရိက္ခာပေါများရေးနှင့် ဘာသာသာသနာအတွက်လည်း ရွက်ဆောင်ခဲ့သည်။ အလောင်းမင်းတရားကြီးခေတ် မြန်မာနိုင်ငံတော်အကျယ်အဝန်းသည်လည်း ဒုတိယမြန်မာနိုင်ငံတော်ကြီးနီးပါးပင်ဖြစ်သည်။

မင်းကြီးသုံးပါးသည် ၎င်းတို့၏ ခေတ်အလျောက် တောင့်တင်းခိုင်မာလှသည့် တပ်မတော်ကြီးကြောင့် ပြည်တွင်း ပြည်ပ ရန်စွယ်အန္တရာယ်များကို ချိုးနှိမ်ကျော်လွှားကာ ကြီးမားကျယ်ပြန့်သည့် နိုင်ငံတော်နယ်နိမိတ်ကို ဆောင်ကြဉ်းနိုင်ခဲ့ပေသည်။ နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးကို စည်ပင်ဝပြောအောင် ဆောင်ရွက်နိုင်ခဲ့ပြီး စားရေရိက္ခာများပေါများကာ ဘုရားတည်၊ ကျောင်းဆောက်နှင့် ကုသိုလ်တိုးအောင် ဆောင်ရွက်နိုင်ခဲ့ကြပေသည်။ ဤမျှ မြန်မာနိုင်ငံတော်ကြီးအပေါ် တာဝန်ကျေလွန်းခဲ့သည့် မင်းကြီးသုံးပါးကျေးဇူးဂုဏ်မှာ ကြီးမားထည်ဝါလှပေသည်။ ယနေ့မြန်မာနိုင်ငံ၏နယ်နိမိတ်အပိုင်းအခြား သတ်မှတ်ချက်များသည် ထိုမင်းကြီးသုံးပါး ဝန်းဝိုင်းပေးခဲ့သည့် အဝန်းအဝိုင်းဟုဆိုရလျှင်ပင် မှားမည်မထင်ပါ။ အဆိုပါမင်းကြီးတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်တို့ကြောင့် ဤသို့ အမျိုးသားနိုင်ငံတော်ကြီးကို တည်ထောင်နိုင်ခဲ့ကြပေသည်။

သို့ပါ၍ တိုင်းတစ်ပါးရန်စွယ်အန္တရာယ်တို့နှင့် ကြုံတိုင်း တစ်စိတ်တည်း တစ်ဝမ်းတည်း ပေါင်းစုရုံး၍ ရင်ဆိုင်တွန်းလှန်ခဲ့ကြသည့် မြင့်မြတ်သည့် သမိုင်းအစဉ်အလာရှိခဲ့သည်ဖြစ်၍ နိုင်ငံ၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲစေရေးအတွက် ပြည်သူ့တပ်မတော်နှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ညီညီညွတ်ညွတ်နှင့်ထာဝရလက်တွဲကာကွယ်ရမည်မှာ အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း (၇၈) နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို ရေးသားလိုက်ရပါပေသည်။ ။

**ရည်ညွှန်း**

**၁။ တင်နိုင်တိုး ပုဂံမင်းဆက်ရာဇဝင်သစ်။**
**၂။ ဘုရင့်နောင် ဝီကီပီးဒီးယား။**
**၃။ တင်နိုင်တိုး ကုန်းဘောင်မင်းဆက်ရုပ်ပုံလွှာ။**
**၄။ ယဉ်ကျေးမှုဌာန မြန်မာမင်းများအုပ်ချုပ်ပုံစာတမ်း (တတိယတွဲ)။**

## အဂတိပယ်ရှားပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111 ” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် “1111” ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် “1111” ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ရှားပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

## SIM Card များ စနစ်တကျမှန်ကန်စွာ မှတ်ပုံတင်သုံးစွဲနိုင်ရေး အသိပေးကြေညာချက်

၁။ ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database တွင်ရှိသော အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ တိုက်ဆိုင်စစ်ဆေးပြီး အချက်အလက်မမှန်သော နိုင်ငံသားစိစစ်ရေးကတ်များဖြင့် မှတ်ပုံတင်ထားသော ဆင်းကတ်သုံးစွဲသူများထံ ရက်ပေါင်း(၃၀) အတွင်း မှန်ကန်စွာပြန်လည်မှတ်ပုံတင်ရန် အသိပေးစာတို (SMS)များ ပေးပို့သွားမည်ဖြစ်ပါသည်။ အသိပေးစာတို(SMS)များရရှိပြီး ရက်ပေါင်း(၃၀) အတွင်း နိုင်ငံသားစိစစ်ရေးကတ်အမှန်ဖြင့် ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား One Way Block(အထွက်ခေါ်ဆိုမှု၊ အထွက်စာတိုပေးပို့မှုနှင့် ဒေတာအသုံးပြုမှုရပ်ဆိုင်းခြင်း)ဆောင်ရွက်မည်ဖြစ်ပြီး ထိုသို့ One Way Block ဆောင်ရွက်ထားသည့် အချိန်မှစ၍ ရက်ပေါင်း(၉၀)အတွင်း နိုင်ငံသားစိစစ်ရေးကတ်အချက်အလက်အမှန်ဖြင့် လာရောက်ပြင်ဆင်မှတ်ပုံတင်ခြင်းမရှိသော ဆင်းကတ်များအား အပြီးပိတ်သိမ်းသွားမည်ဖြစ်ပါသည်။

၃။ ထို့ကြောင့် ဆင်းကတ်သုံးစွဲသူ ပြည်သူများအနေဖြင့် မိမိတို့အသုံးပြုနေသော ဆင်းကတ်များ ပိတ်သိမ်းခံရမှုမရှိစေရေးအတွက် ပြန်လည်မှတ်ပုံတင်နိုင်ရန် အသိပေးစာတို(SMS)ရရှိပါက သက်ဆိုင်ရာ မိုဘိုင်းအော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် နိုင်ငံသားစိစစ်ရေးကတ်အချက်အလက်အမှန်ဖြင့် အမြန်ပြန်လည်မှတ်ပုံတင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

# လပွတ္တာမြို့နယ်နှင့် ပြည်ကြီးတံခွန်မြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မတ် ၂၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ဘုရားကြီးကုန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှသံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူ စုစုပေါင်း ၃၃၄ ဦးကို ယနေ့တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



**ဆေးဝါးကုသမှုများ ဆောင်ရွက်ပေး**

နယ်မြေခံဆေးကုသရေးအဖွဲ့က သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ဆီးချို သွေးချိုရောဂါ၊ အရိုးအကြောရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ပြည်ကြီးတံခွန်မြို့နယ် တံခွန်တိုင်ရပ်ကွက်ရှိ မဟာသုန္ဒရာရာမ ဘုန်းတော်ကြီးကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာ နယ်မြေခံဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော်များနှင့် ဒေသခံပြည်သူ ၂၃၁ ဦးကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထို့ပြင် သံဃာတော် ၇၂ ပါးနှင့် ဒေသခံပြည်သူ ၅၄ ဦးတို့ကိုလည်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်တို့မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမိတ်ဆက်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၂၅**

တရုတ်(ချုံချင့်ပီရှန်း)-မြန်မာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမိတ်ဆက်ပွဲကို မတ် ၂၂ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ပြည်လမ်းရှိ Lotte Hotel ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ ဦးစိန်ဝင်းအောင်၊ UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဇော်ဦးနှင့် ပီရှန်းဒေသ ဒုတိယဒေသမှူး ကျန်းချွမ်းတို့က အမှာစကားများ ပြောကြားကြသည်။

ဆက်လက်၍ ပီရှန်းဒေသဆိုင်ရာ လုပ်ငန်းကိုယ်စားလှယ် လုပ်ငန်းရှင်များအား မြို့ပြစီမံကိန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှု လျှပ်စစ်သုံးယာဉ် (EV) ကားထုတ်လုပ်မှု၊ ကြွေထည်ပစ္စည်းထုတ်လုပ်မှု၊ လျှပ်စစ်ကေဘယ်လ်ထုတ်လုပ်တင်ပို့မှု၊ စက်ပစ္စည်းကိရိယာများ တင်သွင်းမှုနှင့် မြန်မာနိုင်ငံတွင် EPC လျှပ်စစ်အစားထိုး အသုံးပြုနိုင်မည့် လျှပ်စစ်သိုလှောင်ကန် အသုံးပြုနိုင်ရေး စသည်တို့ကို မိတ်ဆက်ခဲ့ပြီး မြန်မာလုပ်ငန်းရှင်များဘက်မှ EV ကားထုတ်လုပ်ရေးနှင့် Charging Station များတည်ဆောက်ရေး၊ ကျောက်ဖြူအထူးစက်မှုဇုန် စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ဖိတ်ခေါ်ဆွေးနွေးခဲ့ကာ အပြန်အလှန် စီးပွားရေးအမြင်များ ဖလှယ်ခဲ့ကြသည်။

တရုတ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ဆက်ဆံမှု တိုးမြှင့်လာစေရေး၊ ပူးပေါင်းဆောင်ရွက်ရေး၊ အခွင့်အလမ်းများရှာဖွေရေး၊ နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိမှု အကောင်အထည်ဖော်ရေးတို့အတွက် ချုံချင့်မြို့ ပီရှန်းဒေသပြည်သူ့အစိုးရမှ တရုတ်(ချုံချင့်ပီရှန်း)-မြန်မာစီးပွားရေးပူးပေါင်းဆောင်ရွက်မှု မိတ်ဆက်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**လင်းရာမ**

# ကလေးဝမြို့၌ ဟင်းသီးဟင်းရွက်၊ မျိုးစေ့နှင့် ပျိုးပင်ပေးအပ်ပွဲ ပြုလုပ်

**ကလေးဝ မတ် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက (Home Gardening)ဟင်းသီးဟင်းရွက်၊ မျိုးစေ့နှင့်ပျိုးပင်ပေးအပ်ပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် အမှတ်(၁)ရပ်ကွက်ရှိ စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးနိုင်က (Home Gardening)စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသော တောင်သူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မျိုးစေ့နှင့် ပျိုးပင်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးအေးထွန်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အစိုးရဓမ္မာစရိယစာဖြေသံဃာတော်များအား ဖူးမြော်ကြည်ညို

**နေပြည်တော် မတ် ၂၅**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းစာဖြေဌာနဖြစ်သည့် သုမင်္ဂလာရာမ လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းနှင့် ရန်ကင်းစာဖြေဌာနဖြစ်သည့် မိုးကောင်းဘုရားဝင်း ဓမ္မဗိမာန်တော်သို့ ရောက်ရှိပြီးဓမ္မသင်္ဂဏီ ပါဠိအဋ္ဌကထာ (ပထမနေ့) ဖြေဆိုကြသည့် စာဖြေသံဃာတော်များနှင့်သီလရှင်များအား ဖူးမြော်ကြည်ညိုကာ အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

**ဖြေဆိုတော်မူကြ**

ယနေ့တွင် သင်္ဃန်းကျွန်းစာဖြေဌာန၌ ရဟန်း ၅၂၃ ပါးနှင့် သီလရှင် ၄၉ ပါး၊ ရန်ကင်းစာဖြေဌာန၌ ရဟန်း ၁၆၇ ပါးနှင့် သီလရှင် နှစ်ပါး ဖြေဆိုတော်မူကြကြောင်း သိရသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ကျန်းမာရေးဆေးစစ်ရန် ကြွရောက်မည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဗန်းမော်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်သည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်ကြီးနှင့်အတူ ပစ္စည်းသမဏ သုံးပါးနှင့် ကပ္ပိယကာရကတစ်ဦးတို့ လိုက်ပါသွားကြောင်း သိရသည်။

သတင်းစဉ်




# နယ်စပ်ရေးရာဝန်ကြီးဌာနက ရခိုင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

**စစ်တွေ မတ် ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်နိုင်နှင့် ဝန်ထမ်းများသည် မတ် ၂၃ ရက် နံနက်ပိုင်းက စစ်တွေမြို့ပေါ်ရှိ ဝေသာလီအောက်မိုးကုတ်ကျောင်းနှင့် ဓမ္မစရိယတက္ကသိုလ်သို့သွားရောက်ပြီး ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဒေသအလိုက် ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်းသိရသည်။

ငွေကြယ်

# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ ရန်ကုန်လေဆိပ်သို့ရောက်ရှိ

**နေပြည်တော် မတ် ၂၅**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar Construction & Development Infrastructure Co.,Ltd. မှ တင်သွင်းလာသည့် XIANHE AS&T အမျိုးအစား လျှပ်စစ်သုံးယာဉ် အားသွင်းစက် (EV Charger) 60 KW ငါးခုသည် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ အားသွင်းစက်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။




သတင်းစဉ်

# လယ်ဝေးမြို့နယ် ရွှေကျင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ စတုတ္ထအကြိမ် ထုတ်ချေး

**လယ်ဝေး မတ် ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေများ စတုတ္ထအကြိမ်မြောက် ထုတ်ချေးခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းတွင် တလုပ်ပင်ကျေးရွာအုပ်စု ရွှေကျင်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ရွှေကျင်ကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား အသင်းသူများနှင့်တွေ့ဆုံကာ လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

**လွှဲပြောင်းပေးအပ်**

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များထံသို့ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၄၀ ဒသမ ၆၅ သန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွှေကျင်ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည့် စုစုပေါင်း အသင်းသား အသင်းသူ ၇၃ ဦးကို အလုပ်အကိုင်အခွင့်အလမ်းနှင့် တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန်၊ လိုအပ်သောငွေအရင်းအနှီးများရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၆၅ သန်းအား စတုတ္ထအကြိမ်မြောက် အသင်းသား အသင်းသူများ တစ်ဦးချင်းလက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

၂၂၂

# တန့်ယန်းမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ဝေဇယန္တာလမ်း ကတ္တရာခင်းနေမှုကြည့်ရှုစစ်ဆေး

**တန့်ယန်း မတ် ၂၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် အမှတ်(၇)ရပ်ကွက်ရှိ ဝေဇယန္တာလမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းနေမှုကို တာဝန်ရှိသူများက ယနေ့ နံနက်ပိုင်းတွင် ကြည့်ရှုစစ်ဆေးခဲ့သည်။

**လှည့်လည်ကြည့်ရှု**

ဝေဇယန္တာလမ်း ကတ္တရာခင်းနေမှုကို နယ်မြေခံတပ်နယ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးကျော်သူဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝေလွင်ထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထက်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုရာ မြို့နယ်စည်ပင်သာယာရေးဌာနမှ အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က လိုက်လံရှင်းလင်းတင်ပြကြသည်။

အဆိုပါ ဝေဇယန္တာလမ်းကို မြို့နယ်စည်ပင်သာယာရေးဌာန၏ ကတ္တရာများကူညီမှုဖြင့် ရပ်ကွက်နေပြည်သူများ စုပေါင်းကာ အရှည် ပေ ၁၀၀၀၊ အကျယ် ၁၂ ပေ၊ ဒု ကိုးလက်မကို မြေသားလမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်၍ ငွေကျပ်သိန်း ၂၅၀ ခန့် အကုန်အကျခံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)




# အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခုလှုပ်

**နေပြည်တော် မတ် ၂၅**


ယနေ့ ညနေ ၆ နာရီ ၃၃ မိနစ် ၄၃ စက္ကန့်တွင် ကန့်ဘလူ မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၄၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (သပိတ်ကျင်းမြို့၏ အရှေ့-အရှေ့တောင်ဘက် ငါးမိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၂ ဒသမ ၈၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၀၅ ဒီဂရီ၊ အနက် ခြောက်ကီလိုမီတာကို ဗဟိုပြု၍ အင်အား ရစ်(ချ်)တာစကေး ၄ ဒသမ ၁ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

ကြေးမုံ

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ (၈၆) နှစ်တာခရီး

Dr. သက်လွင်ဦး၊ Myantrade

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ အမိမြန်မာနိုင်ငံရဲ့ ကုန်သွယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် လွတ်လပ်ရေးမရမီကာလကတည်းက နိုင်ငံတော်ကချမှတ်ထားတဲ့ စီးပွားရေးမူဝါဒတွေကို ဦးလည်မသုန် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့တာ အခုဆိုရင် စိန်ရတုကာလကို ကျော်လွန်ပြီး (၈၆)နှစ်တိုင်ခဲ့ပြီဖြစ်ပါတယ်။**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မူဆယ် (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးစခန်း၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို စစ်ဆေးစဉ်။

**ဝန်ကြီးဌာနသမိုင်း**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနကို ၁၉၃၇ ခုနှစ် မတ်လ ၂၆ ရက်နေ့မှာ မြန်မာနိုင်ငံစီရင်အုပ်ချုပ်မှုဥပဒေ ၁၉၃၅ အရ စတင်တည်ထောင်ခဲ့တာဖြစ်ပါတယ်။ ဝန်ကြီးဌာန စတင်တည်ထောင်ချိန်က ပထမဆုံးတာဝန်ထမ်းဆောင်ခဲ့တဲ့ ဝန်ကြီးက ဦးထွန်းအောင်ကျော်ဖြစ်ပြီး ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ဝန်ကြီး စုစုပေါင်း ၄၀ ရှိပါပြီ။

**ငွေရတုကာလ**

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီခေတ် ဝန်ကြီးဌာနရဲ့ စီးပွားရေးမူဝါဒက နိုင်ငံပိုင်စနစ်၊ ဆိုရှယ်လစ်စနစ်နဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ရောနှောအသုံးပြုခြင်း ဖြစ်ပါတယ်။ တစ်ဖက်မှာ စီးပွားရေးလွတ်လပ်ခွင့်ပေးထားသလို အခြားတစ်ဖက်မှာလည်း ကန့်သတ်ထိန်းချုပ်မှုထားရှိရေး မူဝါဒကို ကျင့်သုံးခဲ့ပါတယ်။ အိမ်စောင့်အစိုးရလက်ထက်မှာ စီးပွားရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက်ခဲ့ပြီး တော်လှန်ရေးကောင်စီအစိုးရလက်ထက်မှာ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးအကောင်အထည်ဖော်ခဲ့ပါတယ်။

လွတ်လပ်ရေးရပြီးစကာလတွေမှာ နိုင်ငံလွတ်လပ်ရေးရရှိခဲ့ပေမယ့် စီးပွားရေးမှာမလွတ်လပ်ခဲ့ဘဲ တိုင်းတစ်ပါးသားတွေ လက်ဝါးကြီးအုပ်ခြယ်လှယ်မှုအောက်မှာ ရှိနေခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၄၇ ခုနှစ်နှောင်းပိုင်းမှာ ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာဥပဒေတွေကို ပြဌာန်းရေးဆွဲဖို့နဲ့ နိုင်ငံတကာကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းကျောင်းဖို့အတွက် အကောက်ခွန်နဲ့ ကုန်သွယ်မှုဆိုင်ရာအထွေထွေသဘောတူညီချက် (General Agreement on Tariffs and Trade –GATT) ကို စတင်ဆွေးနွေးတဲ့နိုင်ငံတွေအထဲ ပါဝင်ခဲ့ပါတယ်။ မြန်မာကိုယ်စားလှယ် ဦးညွန့်ဟာ GATT စာချုပ်အဖွဲ့ဝင်နိုင်ငံ ၂၃ နိုင်ငံနဲ့အတူ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှာ ကျင်းပတဲ့ အစည်းအဝေးမှာ ပါဝင်တက်ရောက် လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံအနေနဲ့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO)စတင်ဖွဲ့စည်းတဲ့အခါ Original Member အဖြစ် ပါဝင်ခွင့်ရရှိခဲ့ပါတယ်။

ပါလီမန်ဒီမိုကရေစီအစိုးရဟာ ၁၉၅၄ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှာ မြန်မာ့ဆန်နဲ့ တရုတ်ကုန်ပစ္စည်းများလဲလှယ်ရေး၊ မြန်မာ့ဆန်တန်ချိန် ၁ ဒသမ ၅ သိန်းကို တရုတ်နိုင်ငံကို တင်ပို့ရောင်းချရေးကိစ္စရပ်တွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အတွင်း အိမ်စောင့်အစိုးရက စီးပွားရေးနဲ့ကုန်သွယ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံခြားသားတွေ လွှမ်းမိုးချုပ်ကိုင်ထားတဲ့ မြန်မာ့စီးပွားရေးစနစ်ကို တွန်းလှန်ခဲ့ကြပါတယ်။ ၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီလက်ထက်နဲ့ နောက်ပိုင်းကာလမှာ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့ပြီး ပုဂ္ဂလိကပိုင်လုပ်ငန်းတွေကို ပြည်သူပိုင်ပြုလုပ်ခဲ့ပါတယ်။ ၁၉၆၅ ခုနှစ်မှာ ကုန်သွယ်ရေးကောင်စီကို ဖွဲ့စည်းပြီး နိုင်ငံပိုင်ကုန်သွယ်ရေးအဖွဲ့အစည်းတွေက ပြည်တွင်း/ပြည်ပ ကုန်သွယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ကြပါတယ်။

**ရွှေရတုကာလ**

ရွှေရတုကာလအစမှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဆိုရှယ်လစ်စီးပွားရေးမူဝါဒတွေဖြစ်တဲ့ မြန်မာမှုပြုခြင်း (Burmanization)၊ ဗဟိုချုပ်ကိုင်မှုနဲ့ ကိုယ့်အားကိုယ်ကိုးတဲ့ ပြည်တွင်းဖူလုံမှု ရေးရှုမူဝါဒ (Inward–Looking Self–reliant policy) တွေကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းကုန်ထုတ်လုပ်ငန်းတွေကို ကာကွယ်ပေးဖို့နဲ့ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်းတွေကို အထောက်အကူဖြစ်စေဖို့ ပိုမိုအလေးထား ဆောင်ရွက်ခဲ့ပါတယ်။ စီမံချက်ဝင်သီးနှံတွေ စိုက်ပျိုးတာနဲ့ သီးနှံတွေကို သတ်မှတ်ဈေးနှုန်းနဲ့ ပြန်လည်ဝယ်ယူတာတွေကို ဆောင်ရွက်ခဲ့ပါတယ်။

၁၉၈၈ ခုနှစ်မှာ ဖြစ်ပွားခဲ့တဲ့ အရေးအခင်းကာလအတွင်း ဝန်ကြီးဌာနရုံးချုပ်နဲ့ ဌာနပိုင်အဆောက်အအုံတွေ ဖျက်ဆီးခြင်းခံခဲ့ရပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်အာဏာကို ရယူပြီးနောက် စီးပွားရေးဦးတည်ချက်လေးရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။ ၁၉၈၈ ခုနှစ် အောက်တိုဘာလ ၂၈ ရက်နေ့မှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် ကုန်သွယ်ရေးဝန်ကြီး ဗိုလ်မှူးကြီးအေးဘယ်လ်က ကုန်သွယ်ရေးဝန်ထမ်းတွေနဲ့ တွေ့ဆုံပြီး **“ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများနဲ့အညီ မိမိတို့ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ကြဖို့နဲ့ မိမိထမ်းဆောင်ရတဲ့လုပ်ငန်းဟာ တိုင်းပြည်နဲ့လူမျိုး အကျိုးရှိမှုကို အမြဲရှေးရှုဖို့”** ပြောကြားခဲ့ပါတယ်။

**စိန်ရတုကာလ**


စိန်ရတုကာလမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်နဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်လွှတ်တော်၊ ဒုတိယအကြိမ် လွှတ်တော်ကာလတွေမှာ နိုင်ငံတော်ရဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့ လိုက်လျောညီထွေဖြစ်မယ့် စီးပွားရေးမူဝါဒတွေ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်မှာ ဈေးကွက်အတွင်း အစိုးရက ကြားဝင်ဆောင်ရွက်တဲ့မူဝါဒနဲ့ ပြည်တွင်းစားသုံးမှုကို မထိခိုက်စေဘဲ ပိုလျှံတဲ့ ကုန်ပစ္စည်းတွေကို တင်ပို့တဲ့ ပို့ကုန်ပထမစနစ် (Export First) မူဝါဒကျင့်သုံးခဲ့ပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေနဲ့ အိမ်နီးချင်းနိုင်ငံတွေနဲ့ ကုန်သွယ်မှုတိုးမြှင့်နိုင်ဖို့ ရည်ရွယ်ပြီး မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ထိစပ်နေတဲ့ တရုတ်၊ ထိုင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ နယ်စပ်ကုန်သွယ်ရေးစခန်းတွေကို ဖွင့်လှစ်ခဲ့ပါတယ်။ ပထမအကြိမ် လွှတ်တော်ကာလမှာ စီးပွားရေး ဦးတည်ချက်လေးရပ်နဲ့ ဒုတိယအကြိမ်လွှတ်တော်ကာလမှာ စီးပွားရေးဦးတည်ချက် ၁၂ ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါတယ်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်မှာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ နိုင်ငံတော်က ချမှတ်ထားတဲ့ စီးပွားရေး ဦးတည်ချက်လေးရပ်ကို ပြည်ထောင်စုဝန်ကြီးရဲ့ ဦးဆောင်လမ်းညွှန်မှုအပေါ် ဝန်ကြီးရုံး၊ ကုန်သွယ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာ ဦးစီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာနနဲ့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့တို့က ဟန်ချက်ညီညီ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

စာမျက်နှာ ၁၁ သို့ ☆



လွတ်လပ်ရေးရပြီးစ နိုင်ငံခြားသားများကြီးစိုးနေသော မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်း။

**“လွတ်လပ်ရေးရပြီးစကာလတွေမှာ နိုင်ငံလွတ်လပ်ရေးရရှိခဲ့ပေမယ့် စီးပွားရေးမှာမလွတ်လပ်ခဲ့ဘဲ တိုင်းတစ်ပါးသားတွေ လက်ဝါးကြီးအုပ်ခြယ်လှယ်မှုအောက်မှာ ရှိနေခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ၁၉၄၇ ခုနှစ်နှောင်းပိုင်းမှာ ကမ္ဘာ့ကုန်သွယ်မှုဆိုင်ရာဥပဒေတွေကို ပြဌာန်းရေးဆွဲဖို့နဲ့ နိုင်ငံတကာကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို ထိန်းကျောင်းဖို့အတွက် အကောက်ခွန်နဲ့ ကုန်သွယ်မှုဆိုင်ရာ အထွေထွေသဘောတူညီချက် (General Agreement on Tariffs and Trade -GATT) ကို စတင်ဆွေးနွေးတဲ့နိုင်ငံတွေအထဲ ပါဝင်ခဲ့”**

☆ စာမျက်နှာ ၁၀ မှ

မြန်မာနိုင်ငံရဲ့ အဓိကပို့ကုန်ဖြစ်တဲ့ ဆန်စပါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချမှု မြှင့်တင်နိုင်ဖို့အတွက် **“မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂”** ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ ဦးဆောင်မှုနဲ့ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၆ ရက်နေ့ကနေ ၇ ရက်နေ့အထိ နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဝန်ကြီးဌာနရဲ့ လုပ်ငန်းဆောင်ရွက်မှုတွေကို ပိုမိုထိရောက်အောင်မြင်စေဖို့ ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်မှုနဲ့ ဝန်ကြီးဌာနရဲ့ ဆောင်ပုဒ်(Motto)ကို **“ဖွံ့ဖြိုးကုန်သွယ် နိုင်ငံကြွယ်” “Develop Trade, Prosper the State ”**လို့ ပြင်ဆင်ခဲ့ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွား တိုးတက်မြင့်မားရေးအတွက် ထိရောက်တဲ့ ကုန်သွယ်မှုမူဝါဒတွေ ချမှတ်ဆောင်ရွက်ပေးခြင်းနဲ့ ဈေးကွက်စီးပွားရေးစနစ်နဲ့အညီ ပုဂ္ဂလိကအခန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နိုင်ငံတကာနဲ့ ဒေသတွင်းအဖွဲ့အစည်းတွေအပြင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ထုတ်ကုန်တွေ နိုင်ငံတကာဈေးကွက်မှာ ဈေးကွက်ဝေစု ပိုမိုရရှိရေးနဲ့ အလားအလာရှိတဲ့ ပို့ကုန်နဲ့ ဝန်ဆောင်မှုတွေကို ဈေးကွက်ရှာဖွေမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကုန်သွယ်မှုလုပ်ငန်းတွေ မျှတမှန်ကန်စေရေးနဲ့ လျင်မြန်ချောမွေ့စေရေးအတွက် ဘက်စုံကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံသားတွေရဲ့ စားသုံးသူအခွင့်အရေးကာကွယ်ရေး၊ ကုန်စည်နဲ့ ဝန်ဆောင်မှုဆိုင်ရာ လုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်ပေးလျက်ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးဂေဟစနစ် ဖွံ့ဖြိုးတိုးတက်စေဖို့အတွက် ခေတ်မီကောင်းမွန်တဲ့ မူပိုင်ခွင့်စနစ်တစ်ရပ်ကို အကောင်အထည်ဖော်လျက်ရှိပါတယ်။ မျက်မှောက်ကာလနဲ့ လိုက်လျောညီထွေဖြစ်တဲ့ ဒစ်ဂျစ်တယ်ကုန်သွယ်မှု(Digital Trade)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

**ခေတ်အဆက်ဆက်ကုန်သွယ်မှုအခြေအနေ**

နိုင်ငံတော်ရဲ့ ကုန်သွယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေးဟာ ဝန်ကြီးဌာနရဲ့ သမိုင်းပေးတာဝန်တစ်ရပ်ဖြစ်ပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ ဝန်ကြီးဌာနရဲ့ **“ဖွံ့ဖြိုးကုန်သွယ်နိုင်ငံကြွယ်”** ဆောင်ပုဒ်နဲ့အညီ နိုင်ငံတကာနဲ့ ကုန်သွယ်မှုလုပ်ငန်းတွေကို ဌာနစတင်တည်ထောင်ချိန်ကနေ ယနေ့အထိ ခေတ်အဆက်ဆက် တိုးတက်အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။


ဝန်ကြီးဌာနရဲ့ ခေတ်အဆက်ဆက် ကုန်သွယ်မှုအခြေအနေကို လေ့လာကြည့်ရင် ငွေရတုကာလမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၂၇၀၊ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ သန်း ၂၉၀၊ ရွှေရတုကာလမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၀၃၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၃၀၉ သန်း၊ စိန်ရတုကာလမှာ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၁၇၆၈၀၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၉၀၅၁ သန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက် နှစ်နှစ်တာကာလအတွင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁၇၀၀၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန် ဒေါ်လာ ၁၇၅၆၁ သန်း အများဆုံးကုန်သွယ်မှုပြုလုပ်နိုင်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

**သက်ဆိုင်ရာ နိုင်ငံ/အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်**


မြန်မာနိုင်ငံဟာ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ဒေသတွင်း အဖွဲ့အစည်းတွေနဲ့ နှစ်နိုင်ငံ ကုန်သွယ်မှုတွေမှာ အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနဟာ ရွှေရတုကာလ ၁၉၉၃ ခုနှစ်ကနေ ယနေ့တိုင် လွတ်လပ်သော ကုန်သွယ်မှုဒေသတွေဖြစ်တဲ့ ASEAN Free Trade Area (AFTA)၊ ASEAN–China၊ ASEAN–Korea၊ ASEAN–Japan၊ ASEAN–Australia, New Zealand၊ ASEAN–India၊ ASEAN–Hong Kong(China)၊ Regional Comprehensive Economic Partnership (RCEP) တို့မှာ သက်ဆိုင်ရာ နိုင်ငံ/အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဟာ လွတ်လပ်ရေးမရမီကာလကတည်းက စတင်ပေါ်ပေါက်ခဲ့ပြီး မြန်မာ့လွတ်လပ်ရေးရဲ့ ငွေရတုကာလ၊ ရွှေရတုကာလ၊ စိန်ရတုကာလနဲ့ ယနေ့တိုင် နိုင်ငံတော်ရဲ့ရည်မှန်းချက်တာဝန်တွေကို အောင်မြင်အောင် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနအနေနဲ့ နိုင်ငံတော်ရဲ့ ကုန်သွယ်စီးပွားဖွံ့ဖြိုးတိုးတက်ရေး တာဝန်တွေကို နိုင်ငံတော်အစိုးရရဲ့ ၇၅ နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဆောင်ပုဒ်ဖြစ်တဲ့ **“ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ”** ဆောင်ပုဒ်နဲ့အညီ ရတုအဆက်ဆက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနရဲ့ (၈၆) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုတင်ပြလိုက်ရပါတယ်။ ။


**“ဝန်ကြီးဌာနဟာ နိုင်ငံတကာနဲ့ဒေသတွင်းအဖွဲ့အစည်းတွေအပြင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးလုပ်ငန်းတွေကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာ့ထုတ်ကုန်တွေ နိုင်ငံတကာဈေးကွက်မှာ ဈေးကွက်ဝေစု ပိုမိုရရှိရေးနဲ့ အလားအလာရှိတဲ့ ပို့ကုန်နဲ့ ဝန်ဆောင်မှုတွေကို ဈေးကွက်ရှာဖွေမြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကုန်သွယ်မှုလုပ်ငန်းတွေ မျှတမှန်ကန်စေရေးနဲ့ လျင်မြန်ချောမွေ့စေရေးအတွက် ဘက်စုံကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံသားတွေရဲ့ စားသုံးသူအခွင့်အရေး ကာကွယ်ရေး၊ ကုန်စည်နဲ့ ဝန်ဆောင်မှုဆိုင်ရာ လုံခြုံစိတ်ချရမှုရှိစေရေး ဆောင်ရွက်ပေးလျက်ရှိ”**




ငွေရတုကာလ မြန်မာနိုင်ငံ၏ နိုင်ငံတကာ ကုန်သွယ်မှုအခြေအနေ



ရွှေရတုကာလ မြန်မာနိုင်ငံ၏ နိုင်ငံတကာ ကုန်သွယ်မှုအခြေအနေ



စိန်ရတုကာလ မြန်မာနိုင်ငံ၏ နိုင်ငံတကာ ကုန်သွယ်မှုအခြေအနေ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက် မြန်မာနိုင်ငံ၏ ကုန်သွယ်မှုအခြေအနေ


ရည်ညွှန်းကိုးကားချက်

၁။ မြန်မာနိုင်ငံ သမိုင်းစဉ်ထဲက အတ္ထုပ္ပတ္တိ အဘိဓာန် (၁၉၂၀–၁၉၈၈)၊ ဒိုင်အာခီခေတ်မှ လမ်းစဉ်ပါတီခေတ်အထိ နိုင်ငံတော်သမ္မတများ၊ ဒုတိယသမ္မတ၊ ဝန်ကြီးချုပ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၏ အတ္ထုပ္ပတ္တိ

၂။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နှစ်ပတ်လည်စာအုပ်များ (၁၉၅၀ မှ ၁၉၅၈ ထိ)

၃။ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ထုတ်ဝေသည့် မြန်မာ့ရက်စွဲသမိုင်းများ စာအုပ် အပိုင်း(၁)၊ (၂)


## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၁၉၃၇ ခုနှစ်မှ ယနေ့အထိ ခေတ်အလိုက် ဝန်ကြီးဌာနအမည် ပြောင်းလဲခေါ်ဝေါ်ခဲ့မှုများ –

| | | |
|---|---|---|
| (၁) | ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | (၂၆.၃.၁၉၃၇ မှ ၁၀.၉.၁၉၄၂အထိ) |
| (၂) | ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန | (၁.၈.၁၉၄၂ မှ ၁.၈.၁၉၄၃အထိ) |
| (၃) | ဗမာပြည်ပြည်သူ့ဝမ်းစာဖူလုံရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | (၂.၈.၁၉၄၃ မှ ၂၉.၁၀.၁၉၄၃အထိ) |
| (၄) | ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဝန်ကြီးဌာန | (၁၉၄၃ မှ ၁၉၄၅ အထိ) |
| (၅) | ကူးသန်းရောင်းဝယ်ရေးနှင့် ရိက္ခာဝန်ကြီးဌာန | (၁.၁၁.၁၉၄၅ မှ ၂၅.၉.၁၉၄၆အထိ) |
| (၆) | ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဌာန | (၂၇.၉.၁၉၄၆မှ ၁၀.၅.၁၉၄၇အထိ) |
| (၇) | ကူးသန်းရောင်းဝယ်ရေး၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဌာန | (၁၉၄၇ မှ ၁၉၄၇ အထိ) |
| (၈) | ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဝန်ကြီးဌာန | (၁၉၄၇ မှ ၁၉၄၇ အထိ) |
| ( ၉ ) | ကူးသန်းရောင်းဝယ်ရေးဌာန | (၁၉၄၇ မှ ၁၉၄၇ အထိ) |
| (၁၀) | ကူးသန်းရောင်းဝယ်ရေး၊ ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာန | (၄.၁.၁၉၄၈ မှ ၁.၇.၁၉၄၈ အထိ) |
| (၁၁) | ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဌာန | (၁၉၄၈ မှ ၁၉၅၁ အထိ) |
| (၁၂) | ကူးသန်းရောင်းဝယ်ရေး၊ ပြည်သူ့ထောက်ပံ့ရေးနှင့် သမဝါယမဝန်ကြီးဌာန | (၁၉၅၂ မှ ၁၉၅၄ အထိ) |
| (၁၃) | ကုန်သွယ်မှုတိုးတက်ရေးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန | (၁၉၅၄ မှ ၂၇.၂.၁၉၅၆ အထိ) |
| (၁၄) | ကုန်သွယ်မှုတိုးတက်ရေးဌာနနှင့် ပစ္စည်းထောက်ပံ့ရေးဌာန | (၁၉၅၆ မှ ၁၉၅၈ အထိ) |
| (၁၅) | ကုန်သွယ်မှုတိုးတက်ရေးဝန်ကြီးဌာန၊ သမဝါယမနှင့်ကုန်စည်ဖြန့်ဖြူးရေးဌာန၊ ပစ္စည်းထောက်ပံ့ရေးဌာန | (၁၉၅၈ မှ ၁၉၅၈ အထိ) |
| (၁၆) | ကုန်သွယ်မှုတိုးတက်ရေးဌာန၊ သမဝါယမနှင့် ကုန်စည်ဖြန့်ဖြူးရေးဌာန၊ ပစ္စည်းထောက်ပံ့ရေးဌာန၊ စက်မှုလက်မှုဌာန | (၂၇.၂.၁၉၅၉ မှ ၄.၄.၁၉၆၀ အထိ) |
| (၁၇) | ကုန်သွယ်မှုတိုးတက်ရေးဌာနနှင့် ပစ္စည်းထောက်ပံ့ရေးဌာန | (၁၉၆၀ မှ ၁၉၆၂ အထိ) |
| (၁၈) | ကုန်သွယ်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စက်မှုလက်မှုဝန်ကြီးဌာန၊ပစ္စည်းထောက်ပံ့ရေးဝန်ကြီးဌာန | (၂.၃.၁၉၆၂ မှ ၇.၂.၁၉၆၃ အထိ) |
| (၁၉) | ကုန်သွယ်မှုတိုးတက်ရေးနှင့် စက်မှုလက်မှုဌာန | (၁၉၆၃ မှ ၁၉၆၃ အထိ) |
| (၂၀) | ထောက်ပံ့ရေးနှင့် သမဝါယမဝန်ကြီးဌာန၊ ကုန်သွယ်မှုတိုးတက်ရေးဌာန | (၁၉၆၄ မှ ၁၉၆၅ အထိ) |
| (၂၁) | ကုန်သွယ်ရေးဝန်ကြီးဌာန | (၁၉၆၅ မှ ၁၉၉၆ အထိ) |
| (၂၂) | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | (၇.၈.၁၉၉၆ မှ ယနေ့အထိ) |

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၄၆၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၅-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး(၂၄-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၃-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၄၆၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃)ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၅၄,၀၅၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၀၇၂) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁)ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၄၉၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ်(New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကဝမြို့နယ် မွေးမြူရေးခြံများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်

ကဝ မတ် ၂၅

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မွေးမြူရေးခြံများတွင် ဇီဝလုံခြုံမှုရှိစေရေးအတွက် ပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက ကဝမြို့နယ်မုဒုကျေးရွာရှိစိုင်းသန်းထွန်း၏ ဥစားကြက်မွေးမြူရေးခြံတွင် ဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ ကျော်ဇာနည်အောင်က မွေးမြူရေး ခြံများ ဇီဝလုံခြုံမှုကောင်းမွန်ပြီး ကူးစက်ရောဂါများ မပြန့်ပွားစေရန်နှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခြံဖျန်းပိုးသတ်ဆေးများ ဖျန်းပေးခြင်းဖြစ်ကြောင်းနှင့် ပိုးသတ်ဆေး အသုံးပြုပုံများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ကြက်မွေးမြူကြသည့် မွေးမြူရေးခြံများကို ပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခဲ့ပြီး မွေးမြူရေးသမား ငါးဦးအား ပိုးသတ်ဆေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျောက်တံခါးမြို့နယ်၌ မွေးမြူရေးခြံများတွင် ပိုးသတ်ဆေးများ ဖျန်းပေး

ကျောက်တံခါး မတ် ၂၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မွေးမြူရေးခြံများတွင် ပိုးသတ်ဆေးများ



လိုက်လံဖျန်းပေးခြင်းကို မတ် ၂၃ ရက်က ကွင်းမြောက်ရပ်ကွက်အတွင်းရှိ ဒေါ်ခင်အိအိစိုး၏ အသားစားကြက်မွေးမြူရေးခြံသို့ သွားရောက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

ကျောက်တံခါးမြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကွင်းမြောက်ရပ်ကွက်အတွင်း နွား၊ ကြက်၊ ဝက် မွေးမြူကြသည့် မွေးမြူရေးခြံများ၌ ခြံဖျန်းပိုးသတ်ဆေးများ လိုက်လံဖျန်းပေးရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာနှင်းနုလွင်က မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခြံဖျန်းပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခြင်းဖြစ်ကြောင်း၊ ခြံဖျန်းပိုးသတ်ဆေးများကို အသုံးပြုပုံ၊ အသုံးပြုနည်းများအား ရှင်းလင်းပြောကြားပေးပြီး နွား၊ ကြက်၊ ဝက် မွေးမြူကြသည့် မွေးမြူရေးခြံများအား ခြံဖျန်းပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျိုက်ထိုမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဓာတ်တိုက်လေ့ကျင့်

ကျိုက်ထို မတ် ၂၅

ကျိုက်ထိုမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ကျိုက်ထီးရိုးနယ်မြေမီးသတိပြုရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သဏ္ဍာန်တူဓာတ်တိုက်လေ့ကျင့်ခြင်းကို မတ် ၂၃ ရက် နံနက်ပိုင်းက ကျိုက်ထီးရိုးစေတီတော် ထမင်းဆိုင်တန်း၌ ပြုလုပ်ခဲ့သည်။

ဓာတ်တိုက်လေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံအောင်၊ ကျိုက်ထီးရိုးနယ်မြေတာဝန်ခံ ဦးအောင်ငြိမ်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးလောင်မှုဖြစ်ပွားရာ၌ ကနဦး ဆောင်ရွက်ရမည့်အချက်များ၊ မီးသတ်ဆေးဘူးအသုံးပြုနည်းများ၊ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် မီးလောင်မှုဖြစ်ပွားပြီး ရှာဖွေကယ်ဆယ်ခြင်းကဏ္ဍများကို ကျိုက်ထီးရိုးဂေါပကအဖွဲ့များ၊ ရင်ပြင်တော်ဈေးသူဈေးသားများ၊ ဟိုတယ်လုပ်ငန်းရှင်များ၊ အလုပ်သမားအဖွဲ့များက ပူးပေါင်းသရုပ်ပြသဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# မှော်ဘီမြို့နယ်၌ ငါးမွေးမြူရေးနည်းပညာပေးသင်တန်းဖွင့်

နေပြည်တော် မတ် ၂၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားခဲ့သည့် အစည်းအဝေးတွင် အသား/ငါးကဏ္ဍတွင် ငါးမွေးမြူရေးမှ ဝင်ငွေများရရှိနိုင်စေရန် နည်းပညာအကူအညီပေးနိုင်ရေးဆောင်ရွက်ရန်ဟု လမ်းညွှန်ချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ညွှန်ကြားချက်အပေါ် ရန်ကုန်တိုင်းဒေသကြီးအတွင်း စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ငါးမွေးမြူရေး နည်းပညာပေး သင်တန်းကို မတ်၂၄ ရက် နံနက် ၉ နာရီက မှော်ဘီမြို့နယ် လှပဒါးကျေးရွာ စိုက်ပျိုးရေးရုံး၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီး



ဦးစီးမှူး ဦးတင့်လွင်က အဖွင့်အမှာစကား ပြောကြားရာတွင် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ယခုကဲ့သို့နည်းပညာပေးသင်တန်းများကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ငါးမွေးမြူရေး နည်းပညာများကို ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးနှင့် ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးလေးနိုင်တို့က ဆွေးနွေးပို့ချသည်။

အဆိုပါ သင်တန်းသို့ မှော်ဘီမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန တာဝန်ခံ ဒေါ်စန္ဒာငွေးနှင့် ဝန်ထမ်းများ၊ ငါးမွေးမြူတောင်သူ ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ငါးရစ် ငါးသန်
ဘေးမဲ့ချန်
ပုံမှန်စားသုံး
မျိုးမသုဉ်း

# အမေရိကန်တပ်ဖွဲ့များက ဆီးရီးယားနိုင်ငံရှိ အီရန်၏ အစွလာမ့်တော်လှန်ရေးအစောင့်တပ်ဖွဲ့နှင့် ဆက်နွယ်သည့်အဖွဲ့များကို လေကြောင်းတိုက်ခိုက်မှုပြုလုပ်

ဝါရှင်တန် မတ် ၂၅

အမေရိကန်တပ်ဖွဲ့များက ဆီးရီးယားနိုင်ငံရှိ အီရန်၏ အစ္စလာမ့် တော်လှန်ရေးအစောင့်တပ်ဖွဲ့နှင့် ဆက်နွယ်သည့်အဖွဲ့များ၏ အဆောက်အအုံများကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယခုတိုက်ခိုက်မှုသည် ဆီးရီးယားနိုင်ငံရှိ ညွှန့်ပေါင်းစခန်းတစ်ခုအား အီရန်၏ အစ္စလာမ့် တော်လှန်ရေးအစောင့်တပ်ဖွဲ့မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်ခဲ့ခြင်းအတွက် လက်တုံ့ပြန်ခြင်းဖြစ်ကြောင်း သိရသည်။

ဆီးရီးယားနိုင်ငံ အရှေ့မြောက်ပိုင်းရှိ မဟာမိတ်တပ်စခန်းတစ်ခုအား အီရန်နိုင်ငံထုတ် ဒရုန်းတစ်စင်းက မတ် ၂၃ ရက်တွင် တိုက်ခိုက်ခဲ့ရာ အမေရိကန်ကန်ထရိုက်တာတစ်ဦး သေဆုံးပြီး အခြားကန်ထရိုက်တာ တစ်ဦးနှင့်အတူ အမေရိကန်တပ်ဖွဲ့ဝင် ငါးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မဟာမိတ်တပ်ဖွဲ့ဝင်များသည် အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ချေမှုန်းရန် ဆီးရီးယားနိုင်ငံတွင်း၌ တပ်ဖြန့်ထားခြင်းဖြစ်ကြောင်း ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ပက်ထရစ်ရိုင်ဒါက ယမန်နေ့က မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

မည်သည့်အဖွဲ့ကမျှ အမေရိကန်တပ်ဖွဲ့ဝင်များကို အပြစ်ပေးအရေးယူမည်မဟုတ်ကြောင်းနှင့် အမေရိကန်နိုင်ငံသားများ ခြိမ်းခြောက်ခံရပါက အမေရိကန်က သင့်လျော်သလို အချိုးကျစွာ တုံ့ပြန်သွားမည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အမေရိကန်၏ တိုက်ခိုက်မှုပြီးနောက် ၅ နာရီခွဲခန့်အကြာတွင် ဆီးရီးယားနိုင်ငံရှိ အခြားညွှန့်ပေါင်းစခန်းကို ဒုံးကျည်များဖြင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်ဟု ပင်တဂွန်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ် ပက်ထရစ်ရိုင်ဒါက ဆိုသည်။



ဝါရှင်တန်သည် အီရန်နှင့် ပဋိပက္ခဖြစ်ပွားရန် ကြိုးပမ်းသွားမည်မဟုတ်ကြောင်းလည်း ၎င်းက ပြောကြားခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်



# အမေရိကန်သမ္မတဟောင်း ထရမ့်၏ အမှုတွဲကို စုံစမ်းစစ်ဆေးသူ အစိုးရရှေ့နေထံ ခြိမ်းခြောက်စာ ပေးပို့

ဝါရှင်တန် မတ် ၂၅

အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်၏ အမှုတွဲကို စုံစမ်းစစ်ဆေးလျက်ရှိသည့် နယူးယောက်အစိုးရရှေ့နေတစ်ဦးသည် အသက်အန္တရာယ်ခြိမ်းခြောက်မှုနှင့် အဖြူရောင်အမှုန့်များပါဝင်သည့် ပေးစာတစ်စောင်ကို ယမန်နေ့က လက်ခံရရှိခဲ့ကြောင်း အမေရိကန်မီဒီယာများက သတင်းဖော်ပြသည်။

မန်ဟန်တန် ခရိုင်ရှေ့နေ အယ်လ်ဗင်ဘရက်ဂ်ျက ဖလော်ရီဒါပြည်နယ် အော်လန်ဒိုမြို့မှ ပေးပို့သည့် အဆိုပါပေးစာကို လက်ခံရရှိခဲ့ကြောင်း ၎င်းက အတည်ပြုပြောကြားသည်။

ပေးစာနှင့်အတူ ထည့်သွင်းပေးပို့ခဲ့သည့် အဖြူရောင်အမှုန့်များသည် ကျန်းမာရေးအတွက် အန္တရာယ်မရှိနိုင်ကြောင်း စုံစမ်းစစ်ဆေးသူများက ဆုံးဖြတ်ခဲ့သည်။

သမ္မတဟောင်းထရမ့်က ၎င်း၏ လူမှုရေးအရ ပတ်သက်ဆက်နွယ်ခဲ့သည့် အမျိုးသမီးတစ်ဦးထံ ငွေကြေးအမြောက်အမြားကို လျှို့ဝှက်စွာပေးခဲ့သည်ဆိုသည့် စွပ်စွဲချက်များကို ခရိုင်ရှေ့နေ အယ်လ်ဗင်ဘရက်ဂ်ျက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ရဲအရာရှိများက အဆိုပါခြိမ်းခြောက်စာနှင့် သမ္မတဟောင်းထရမ့်၏ စုံစမ်းစစ်ဆေးမှုတို့အကြား ပတ်သက်ဆက်နွယ်မှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

သမ္မတဟောင်းထရမ့်အား စွဲချက်တင်ခြင်းနှင့်ပတ်သက်၍ နယူးယောက် တရားသူကြီးများက လာမည့်သီတင်းပတ်တွင် ဆုံးဖြတ်ချက်ချမှတ်မည်ဖြစ်ကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ

ဘာသာပြန် – အောင်ကျော်ကျော်

# တရုတ်နိုင်ငံ ရှန်ဇီပြည်နယ်၌ ယခုနှစ်အတွင်း 5G အခြေစိုက်စခန်း ၂၅၀၀၀ တည်ဆောက်မည်

ပေကျင်း မတ် ၂၅

တရုတ်နိုင်ငံမြောက်ပိုင်း ရှန်ဇီပြည်နယ်သည် ပြည်နယ်၏ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးအဆောက်အအုံတည်ဆောက်မှုကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် ယခုနှစ်အတွင်း 5G အခြေစိုက်စခန်းပေါင်း ၂၅၀၀၀ တည်ဆောက်သွားမည်ဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ပြောကြားသည်။

ယင်းပြည်နယ်သည် ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်းအထိ 5G အခြေစိုက်စခန်း စုစုပေါင်း ၇၆၀၀၀ ကို တည်ဆောက်ခဲ့ပြီး အဆိုပါ 5G အခြေစိုက်စခန်းများကို သယ်ယူပို့ဆောင်ရေး၊ ကျောက်မီးသွေးတူးဖော်ခြင်းနှင့် ခရီးသွားလုပ်ငန်းအပါအဝင် နယ်ပယ်အများအပြားတွင် အသုံးချလျက်ရှိကြောင်း ရှန်ဇီပြည်နယ် စက်မှုနှင့် သတင်းအချက်အလက်နည်းပညာဌာနက ပြောကြားသည်။

တရုတ်နိုင်ငံသည် မကြာသေးသည့်နှစ်များအတွင်းကတည်းက 5G နည်းပညာများနှင့် ကွန်ရက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၎င်း၏ ကြိုးပမ်းမှုများကို အရှိန်မြှင့်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံသည် ၂၀၂၅ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကျေးရွာအများစုအပါအဝင် မြို့အားလုံးတွင် 5G ကွန်ရက်ကို လွှမ်းခြုံနိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်နေကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် –အလင်းသစ်



# စပိန်နိုင်ငံ၌ သစ်တောဟက်တာ ၄၀၀၀ ခန့် မီးလောင်ကျွမ်း

မက်ဒရစ် မတ် ၂၅

စပိန်နိုင်ငံ အရှေ့ပိုင်းတွင် မကြာသေးမီက ဖြစ်ပွားခဲ့သည့် တောမီးကြောင့် သစ်တောဟက်တာ ၄၀၀၀ ခန့် လောင်ကျွမ်းခဲ့ကြောင်းနှင့် ပြည်သူ ၁၅၀၀ ကိုလည်း ၎င်းတို့၏ နေအိမ်များမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။

အဆိုပါတောမီးသည် ကက်စတယ်လွန်ပြည်နယ်နှင့် တီရူယယ်ပြည်နယ်နှစ်ခုအကြားတွင် မတ် ၂၃ ရက်မှစတင်ကာ လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ယင်းတောမီးလောင်ကျွမ်းမှုသည် ထိန်းချုပ်နိုင်သည့် အခြေအနေသို့ တဖြည်းဖြည်းရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

တောမီးလောင်ကျွမ်းမှုကြောင့် မတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် အနီးအနားရှိ မြို့ငယ်ရှစ်မြို့နှင့် ကျေးရွာများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း၊ ကောက်ပဲသီးနှံများလောင်ကျွမ်းမှုကနေ စတင်ခဲ့သည့် အဆိုပါတောမီးသည် ခြောက်သွေ့သောရာသီဥတုအခြေအနေနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် လျင်မြန်စွာ ပျံ့နှံ့သွားခဲ့ကြောင်းလည်း သိရသည်။

၂၀၂၂ ခုနှစ် နွေရာသီသည် စပိန်နိုင်ငံ၏ အပူဆုံးစံချိန်တင်သည့်နှစ်ဖြစ်ပြီး ယင်းနှစ်အတွင်း သစ်တောဟက်တာ သုံးသိန်းကျော် တောမီးလောင်ကျွမ်းခဲ့ကာ ၂၀၂၁ ခုနှစ်အတွင်း သစ်တော ၈၄၈၂၇ ဟက်တာ မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ကိုးကား –ဆင်ဟွာ

ဘာသာပြန် – အလင်းသစ်

# လာအိုနိုင်ငံ၌ လေထုညစ်ညမ်းမှုအန္တရာယ်ကို သတိပြုနေထိုင်ကြရန် ပြည်သူများအား တိုက်တွန်း

ဗီယင်ကျန်း မတ် ၂၅

လာအိုနိုင်ငံအတွင်း လေထုညစ်ညမ်းမှုအန္တရာယ်ကို သတိပြုနေထိုင်ကြရန် ပြည်သူများအား လာအို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက သတိပေးချက်တစ်ရပ်ကို ယမန်နေ့က ထုတ်ပြန်ထားကြောင်း သိရသည်။



လွမ်ပရာဘန်း၊ အူဒမ်ဆေး၊ လွမ်နမ်သာ၊ ဘိုကီရို၊ မြို့တော် ဗီယင်ကျန်း၊ ခမ်းမွမ်နှင့် ဆာဗားနားပြည်နယ်များ၌ လေထုညစ်ညမ်းမှုသည် အန္တရာယ်ရှိသည့် အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ပါရှိသည်။

အမှိုက်မီးရှို့ခြင်းနှင့် တောမီးများလောင်ကျွမ်းမှုသည် လာအိုနိုင်ငံ၏ ဒေသအများအပြားတွင် အထူးသဖြင့် လာအိုနိုင်ငံမြောက်ပိုင်း လွမ်ပရာဘန်းပြည်နယ်တွင် အများဆုံးဖြစ်ပွားလျက်ရှိပြီး လေထုညစ်ညမ်းမှုအဆင့်သည် အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိလျက်ရှိကြောင်း အဆိုပါ သတိပေးချက်တွင် ဖော်ပြထားသည်။

လွမ်ပရာဘန်းမြို့၏ လေထုအရည်အသွေး ညွှန်းကိန်းသည် ကျန်းမာရေးနှင့် မညီညွတ်သောအဆင့်သို့ ရောက်ရှိခဲ့ပြီး မြို့တော်ဗီယင်ကျန်း၌လည်း ကျန်းမာရေးကိုထိခိုက်စေသည့် လေထုအရည်အသွေးအဆင့်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီလလယ်တွင် လာအိုမြို့တော် ဗီယင်ကျန်း၏ မြောက်ဘက်ကီလိုမီတာ ၂၂၀ ခန့်အကွာ လွမ်ပရာဘန်းမြို့နှင့် အနီးတစ်ဝိုက်ရှိ ဒေသများတွင် မီးခိုးများ ဖုံးလွှမ်းခဲ့ကြောင်း လွမ်ပရာဘန်းမြို့ အာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

လေထုညစ်ညမ်းမှုဒဏ် ခံရသောဒေသများတွင် နေထိုင်သူများအား ပြင်ပလုပ်ငန်းဆောင်တာများကို ကန့်သတ်လုပ်ဆောင်ရန်နှင့် နေအိမ်အပြင်ဘက်သို့ ထွက်ရာတွင် နှာခေါင်းစည်းများ တပ်ရန် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနက အကြံပြုပြောကြားသည်။

လေထုညစ်ညမ်းမှုကို ဖြစ်စေသည့် ခြောက်သွေ့ရာသီတွင် အမှိုက်ခြောက်များကို မီးရှို့ခြင်းအား တင်းကျပ်စွာ တားမြစ်ထားကြောင်း သိရသည်။

လေထုညစ်ညမ်းမှုတွင် ပါဝင်သည့် သေးငယ်သောဖုန်မှုန့်များသည် အဆုတ်အတွင်း စိမ့်ဝင်ကာ သွေးကြောများအတွင်းသို့ ဝင်ရောက်နိုင်ပြီး အသက်ရှူလမ်းကြောင်းနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများကို ဖြစ်စေသည်။

ကိုးကား – ဆင်ဟွာ

ဘာသာပြန် – အောင်ကျော်ကျော်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ကော့သောင်းမြို့နှင့် တောင်ကြီးမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၅

ကော့သောင်းမြို့နှင့် တောင်ကြီးမြို့တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မတ် ၂၃ ရက် မွန်းလွဲ ၃ နာရီတွင် ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ လွင်ကိုကို(ခ) ကိုကို၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ စိုးပြည့်လှိုင်(ခ) မျောက်အားတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၅၆,၀၀၀၊ ဘိန်းဖြူသုည ဒသမ ၀၂ ကီလိုတို့ကိုလည်းကောင်း၊ အလားတူ မတ် ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် ရေထွက်ဦးလမ်းရှိ သိန်းကျော် (ခ)ဖိုးကျော်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈,၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်



လွင်ကိုကို(ခ)ကိုကိုနှင့် စိုးပြည့်လှိုင်(ခ)မျောက်တို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

## တရားမဝင် ဆေးဝါးများ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်းနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၅

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန်အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ တစ်လုံးအတွင်း၌ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် Space Robot (Toy) with Recharge အခု ၄၄၀ အပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၉၈၀,၀၀၀)ကို လည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ် (သွင်းကုန်)၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် ပိတ်လိပ်နှင့်ဇာများ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး ( ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅,၇၀၀,၀၀၀)၊ သွင်းကုန်လိုင်စင်လိုအပ်သော Tendocare Tablet ၁၄၅ ဒသမ ၅၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄,၅၀၀,၀၀၀)၊ Valid for Prior Arrival(VPA) ၆၁ ရက်ကျော်လွန်နေသည့် ဆေးဝါးများနှင့် Hi- REG XRC-10.0 Power Supply နှစ်ခု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃,၂၀၀,၀၀၀)ကို လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅,၃၈၀,၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မတ် ၂၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် နှစ်စီးပေါ်၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Portable BT Speaker with Wireless MIC အခု ၁၆၀ နှင့် အထည်ပိတ်စများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆,၇၅၀,၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် မော်တော်ယာဉ် နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀,၀၀၀,၀၀၀)စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆,၇၅၀,၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မတ် ၂၃ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများ တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့က မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သွင်းကုန်ကြေညာလွှာ(ID)နှင့် သွင်းကုန်လိုင်စင် (IL)တို့တွင်ကြေညာထားခြင်းမရှိသည့်Refreshing Towel ကီလိုဂရမ် ၃,၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅,၀၀၀,၀၀၀) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မူဆယ်တရားမဝင်ကုန်စည်တားဆီးထိန်းချုပ်ရေးအဖွဲ့က မူဆယ်မြို့ ဆင်ဖြူစစ်ဆေးရေးဂိတ်၌ တရုတ်နိုင်ငံမှ ဝင်ရောက်လာသော မော်တော်ယာဉ်များကို ရှောင်တခင် သွားရောက်စစ်ဆေးစဉ် ဆင်ဖြူဂိတ်အကျော် လမ်းဘေးတစ်နေရာတွင် စုပုံထားသော ကုန်ပစ္စည်းများကို စိစစ်တွေ့ရှိရသဖြင့် မူဆယ်မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကောက်ခွန်မဲ့ မိုဘိုင်းလ်ဖုန်း(အဟောင်း) ၅၂ လုံးအပါအဝင် ကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇,၀၁၅,၀၀၀)ကိုသိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌဦးဆောင်သောပူးပေါင်းအဖွဲ့က ညောင်ခါးရှည် X-Ray တွင် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်လေးစီးကို စိစစ်တွေ့ရှိရသဖြင့် ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသုံးဆီ လီတာ ၁၇,၄၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈,၄၃၄,၀၀၀)၊ Lipovitan-D Energy Drink ချပ်ဖာ ၇၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၁၀,၀၀၀) နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux အမျိုးအစား မော်တော်ယာဉ်လေးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀,၀၀၀,၀၀၀) စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉,၃၄၄,၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၂၁ ရက်၊ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၅ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃,၄၈၉,၀၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၃-၂၀၂၃ တနင်္ဂနွေနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ပဌာန်းသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ 'စွန့်ပစ်ပစ္စည်းမှသည်လက်မှုအနုပညာရပ်ဆီ' (အုန်းခွံ)
- ၀၉:၁၀ တရုတ်ကာတွန်း "မြူစင်စိတ်လှ" (အပိုင်း-၄)
- ၀၉:၂၅ "(၇၈)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုတေးသီချင်း"
- ၁၀:၀၀ "သတင်းသမားပြောတဲ့ သတင်းစကား"
- ၁၀:၃၀ (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုအစီအစဉ် '**ပြည်ချစ်သားမွန်တေးသဝဏ်**' တေးဂီတဖျော်ဖြေပွဲထုတ်လွှင့်မှုအစီအစဉ်(ပွဲစဉ်-၅)
- ၁၂:၃၀ This Week's Special Interest
- ၁၃:၀၀ အသိပညာနှင့်အမှန်တရား
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ (၇၈)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုရုပ်ရှင် (မြန်မာ့ဂန္ထဝင်ရုပ်ရှင်) '**ချဉ်းမငတ်တို့**' (ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ နွဲ့နွဲ့မူ) (ဒါရိုက်တာ-အောဝမ်းမောင်လှမျိုး)
- ၁၆:၄၅ Economic Review
- ၁၇:၁၀ "လျှပ်စစ်သုံးယာဉ် EV အကြောင်း သိကောင်းစရာစကားဝိုင်းဆွေးနွေးပွဲ" (အပိုင်း-၂)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ 'သုတဝေဖြာ...သိရိဂေဟာ'
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ '**ပိုင်ဆိုင်ခွင့်မရှိတဲ့အချစ်နိဂုံး**' (အပိုင်း-၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၇၈)နှစ်မြောက်တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်း "**တောင်နှင်လေးတစ်ထည်**" (ဇာတ်သိမ်းပိုင်း)
- ၂၂:၂၅ ဘဝနှင့်အနုပညာ "ရွှေဂေါင်းပြောင်ရဲ့ပထမစာမျက်နှာ" (သရုပ်ဆောင်/ဒါရိုက်တာ-တိုးညွန့်) (အပိုင်း-၂)

### mitv

- 07:01 Evergreen Classic: Zeyatu Sabba Mingalan (Takkatho Lae Lae)
- 07:11 Mosaic Painting (Precious Stones & Gems)
- 07:27 Myanmar Puppeteers (Zawgyi Dance)
- 07:35 Myanmar's Traditions and Culture: Novicehood in Myanmar
- 08:01 News
- 08:29 The Usefulness of Thread
- 08:47 Popsicle Sticks Art Creator
- 09:01 His Life and His Art; Myanmarpyi Thein Tan- The Legendary Musician (Epi- 3)1970~1989
- 09:37 Today Myanmar
- 09:51 Kyaikhteeyoe: Mountain Drivers
- 10:01 News
- 10:26 KMahar Thakya Atula Man Aung - Nga Htat Kyee
- 10:43 Perspectives: Monthly Economic Review
- 11:02 Traditional Doctor

### MRTV NRC

**ချင်း(လိုင်ဇိုး) (၀၆:၀၀ မှ ၀၇:၀၀)**
မန်ကျည်းပင်၏ကောင်းကျိုးများ

**ချင်း(ချိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၈)

**မွန် (၀၈:၀၀ မှ ၁၀:၀၀)**
ကြက်ဟင်းခါးသီးအစွမ်း

**ရခိုင် (၁၀:၀၀ မှ ၁၂:၀၀)**
သဲပုံစေတီပွဲတော်(သျှစ်သောင်းမြောက်ပွဲ)

**ရှမ်း (၁၂:၀၀ မှ ၁၄:၀၀)**
ငါးပေါင်းအစားအစာ

**"ဝ" (၁၄:၀၀ မှ ၁၆:၀၀)**
ကွမ်းရွက်စိုက်ပျိုးခြင်း

**ကချင် (၁၆:၀၀ မှ ၁၈:၀၀)**
တိုင်းရင်းဆေးရှာဖွေလေ့လာသိကောင်းစရာ

**ကယား (၁၈:၀၀ မှ ၂၀:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၇)

**ပအိုဝ်းကရင် (၂၀:၀၀ မှ ၂၁:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အပိုင်း-၁၃)

**အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
သဘာဝရဲ့အလှတရားများနဲ့ကျောက်ပုထိုးစေတီတော်

**အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၆)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၄၅ လေထုညစ်ညမ်းမှုအန္တရာယ်တားဆီးကာကွယ်
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၁:၄၅ Next Level
- ၁၂:၁၅ 'စူးစမ်းရှာဖွေ ရှေးဟောင်းအမွေ'
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၄:၂၀ News Desk
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို '**တနာတတ်သူတာဝန်ယူ**'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း(၆)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (တောင်အာဖရိကနိုင်ငံ)အပိုင်း(၁)
- ၁၁:၃၀ "အတွေးအမြင်" အပိုင်း(၆)

### MRTV FARMERS'

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၀၆:၄၀ "စိုက်ပျိုးရေးကိုအခြေတည် တန်ဖိုးရှိတဲ့မြန်မာ့ထုတ်ကုန်ဆီ"
- ၀၇:၀၀ MSME လုပ်ငန်းစွမ်းအား နိုင်ငံ့စီးပွားအင်အား
- ၀၇:၄၅ "လူတိုင်းပါဝင်ရမည့်အာဟာရဖြည့်တင်းရေး"
- ၀၈:၀၀ နှစ်ရှည်ကမ္ဘာ့ရေးကွက်ဝင်ကြယ်ပဲ
- ၀၈:၂၀ ပြုံးပန်းဝေဖြာတို့တောရွာ(ဇာတ်လမ်းတို)
- ၀၉:၂၀ အကောင်းဆုံးမြေပဲမျိုးနဲ့ဒေသကိုအလှခြယ်မယ်
- ၀၉:၄၀ "ဂျာသိဥတုအပြောင်းအလဲမှာ ဝင်ငွေကောင်းတဲ့ပဲတီစိမ်းကိုစိုက်ပါ"

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၃)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

**အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**

**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်**

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့် ရင်ဆိုင်နေရသဖြင့် မိမိတို့ နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများ ဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

**၃။ ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက်နေ ယဉ်ယဉ်အေး(ခ)ရင်ငြိမ်းပန်း(ခ)ပန်ပန်သည် ၎င်းအသုံးပြုသည့် “Pan Pan” Facebook အကောင့်နှင့် ကချင်ပြည်နယ် ဗန်းမော်မြို့နယ် မင်းလှရပ်ကွက်နေ ကျော်မင်းခန့်သည် ၎င်းအသုံးပြုသည့် “Kyaw Min Khant” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ညောင်လေးပင်မြို့နယ်၌ မွေးမြူရေးလုပ်ငန်းသုံး ခြံဖျန်းဆေးများ လိုက်လံဖျန်းပေး

**ညောင်လေးပင် မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စံဖဲစံပြကျေးရွာရှိ အသားစားကြက်မွေးမြူရေးခြံများကို ခြံဖျန်းဆေးများ လိုက်လံဖျန်းပေးခြင်းကို ယနေ့ ညနေ ၄ နာရီက ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ညောင်လေးပင်မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကြက်မွေးမြူကြသည့် မွေးမြူရေးခြံများ၌ ခြံဖျန်းဆေးများ လိုက်လံဖျန်းပေးရာတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာမျိုးမင်းအောင်က မွေးမြူရေးခြံများအား ဇီဝလုံခြုံမှုပိုမိုဆောင်ရွက်ပေးရန်၊ ကူးစက်ရောဂါများဖြစ်ပွားမှု မဖြစ်စေရန်နှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခြံဖျန်းဆေးများ လိုက်လံဖျန်းပေးခြင်းဖြစ်ကြောင်း၊ ယင်းနောက် ခြံဖျန်းပိုးသတ်ဆေးများ အသုံးပြုပုံကို ရှင်းလင်းပေးပြီး ကြက်၊ ဝက်၊ ဘဲ မွေးမြူကြသည့် မွေးမြူရေးလုပ်ငန်းရှင်များအား ဇီဝလုံခြုံမှုမြှင့်တင်ပေးနိုင်ရေး ခြံဖျန်းပိုးသတ်ဆေးများ ပိုမိုသုံးစွဲရန် လမ်းညွှန်မှာကြားသည်။

အဆိုပါ မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ဇီဝလုံခြုံမှုတိုးမြှင့်ခြင်းလုပ်ငန်းသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မရမ်းကုန်းမြို့နယ်၌ ဓာတ်အားပျောက်ဆုံးမှုများ လျှော့နည်းကျဆင်းရေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် မတ် ၂၅**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်းရှိပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်နှင့် ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်ရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းမှစတင်ကာ ရပ်ကွက်များအတွင်း ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းကျဆင်းရေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာရုံး၏ ကွပ်ကဲမှုအောက်ရှိ မြို့နယ်များဖြင့်စုဖွဲ့၍ ရပ်ကွက်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းသုံး ထရန်စဖော်မာများ၊ လုပ်ငန်းသုံးပါဝါမီတာများနှင့် အိမ်သုံးမီတာများ စသည်တို့ကို စနစ်တကျသုံးစွဲနေမှု ရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# (၇၈)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၅**

၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ မိသားစုဝင်များ၏ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အမ်းတောင်ခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်ကြသည်။



**ကြည့်ရှုအားပေး**

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက မိသားစုဝင်များ၏ ကျပန်းစကားပြော ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဝင် မိသားစုဝင်များအား ထောက်ပံ့ငွေများပေးအပ်သည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲသို့ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ မိသားစုဝင် ၂၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မတ် ၂၁ ရက်မှ ယနေ့အထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကျောက်တော်မြို့နယ်၌ စိုက်ပျိုးရေးမြစိမ်းရောင်စီမံကိန်း ချေးငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ကျောက်တော် မတ် ၂၅**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စိုက်ပျိုးရေးကဏ္ဍတွင် လယ်ယာထုတ်ကုန်များတိုးချဲ့ဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးမြစိမ်းရောင်ရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကစ္ဆပနဒီအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာညွန့်က အဖွင့်အမှာစကားပြောကြားပြီး စိုက်ပျိုးရေးကဏ္ဍမြစိမ်းရောင်ကျေးရွာ မြို့နယ်ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဇော်သန့်အောင်က စိုက်ပျိုးရေးမြစိမ်းရောင်ချေးငွေပေးအပ်ခြင်းနှင့် စီမံကိန်းစိုက်ပျိုးရေးကဏ္ဍတွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့အကောင်အထည်ဖော်ဆောင်ရွက်ကြရန်တို့ကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စိုက်ပျိုးရေးကဏ္ဍတွင် ဆောင်ရွက်ကြမည့် ပေါက်တောပလောင်ကျေးရွာနှင့် သဝင်ကိုင်းကျေးရွာနှစ်ရွာအား တစ်ရွာလျှင် ငွေကျပ်သိန်း ၆၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၁၂၀၀ အား မြို့နယ်စီမံကိန်းကော်မတီမှ စီမံကိန်းကျေးရွာကြီးကြပ်မှုကော်မတီထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# အုတ်ဖိုမြို့နယ်တွင် မွေးမြူရေးခြံများ ပိုးသတ်ဆေးဖျန်းခြင်း ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

**အုတ်ဖို မတ် ၂၅**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရှမ်းရွာအုပ်စု သပြေကုန်းကျေးရွာအတွင်းရှိ မွေးမြူရေးခြံများနှင့် မြို့နယ်အတွင်းရှိ မွေးမြူရေးခြံများတွင် ပိုးသတ်ဆေးဖျန်းခြင်း ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါလှုပ်ရှားမှုတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ပိုးသတ်ဆေးဖျန်းခြင်းကို လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မွေးမြူရေးခြံများဇီဝလုံခြုံမှုအားကောင်းစေရန်၊ တိရစ္ဆာန်ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ရန်နှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ရည်ရွယ်ဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းရက်သတ္တပတ်လှုပ်ရှားမှုကို မတ် ၂၀ ရက်မှစ၍ ၂၆ ရက်အထိ ဆောင်ရွက်မည်ဖြစ်ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၅၅ | ၂၂၅၅ | ၂၂၇၀ | ၂၁၆၀ | ၂၁၇၀ | ၂၂၁၀ | ၂၂၁၀ | ၂၂၁၀ | ၂၄၄၀ | ၂၈၁၀ |
| 95 Ron | ၂၂၁၅ | ၂၂၆၅ | ၂၂၆၅ | ၂၂၂၅ | ၂၂၆၅ | ၂၂၈၅ | ၂၂၇၀ | ၂၂၅၀ | ၂၃၄၅ | ၂၃၆၅ | ၂၂၅၅ | ၂၂၇၀ | ၂၃၀၀ | ၂၃၀၀ | ၂၃၀၅ | ၂၅၃၅ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၇၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၁၂၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၁၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၁၅ | ၂၁၂၅ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၅ | ၂၃၉၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၅၅ | ၂၂၀၅ | ၂၂၀၀ | ၂၁၆၅ | ၂၂၀၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၉၀ | ၂၃၁၀ | ၂၃၀၅ | ၂၁၉၅ | ၂၂၀၅ | ၂၂၄၀ | ၂၂၄၀ | ၂၂၄၅ | ၂၄၇၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၁၄ | ၂၀၈၈ |
| 95 Ron | ၂၁၀၄ | ၂၁၈၀ |
| HSD (500 ppm) | ၁၉၇၃ | ၂၀၄၁ |
| HSD (50 ppm) | ၂၀၄၆ | ၂၁၁၇ |
| HSD (10 ppm) | ၂၀၄၆ | ၂၁၁၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# ယုံနိုင်ပေါင်

## သိပ္ပံမောင်ဝ

ထိုနေ့ကား တပေါင်းလပြည့်နေ့ဖြစ်၏။ ထိုအချိန်ကား ညဉ့်ဦး ၇ နာရီ ဖြစ်လေသည်။ မောင်လူအေးသည် ညစာစားသောက်ပြီးနောက် မိမိအိမ်ရှေ့ပန်းခြံအတွင်း ခင်းထားသော ခုံရှည်လေးပေါ်တွင် တစ်ယောက်တည်းဆင်း၍ထိုင်၏။ လမင်းလည်း အေးမြကြည်လင်စွာ သာယာထွန်းလင်းလျက်နေ၏။ ကမ္ဘာလောကကြီးပေါ်သို့ အအေးဓာတ်ကို ပြန့်ချဲ့၍နေလေသည်။

အပူကင်းသောသူတို့မှာ လမင်းကြီး၏ အေးမြသောအရောင်ကို ခံစားလိုက်ရလျှင် အပူစိတ်များပျောက်ကင်း၍သွားကြကုန်၏။ ကွဲကွာနေကြသော ရည်းစားအပေါင်းတို့မှာ လမင်းကို မော်၍ကြည့်ရင်း တမ်းတကြကုန်၏။ မိမိတို့ရည်းစားများထံသို့ မှာစရာရှိသည်တို့ကို မှာကြကုန်၏။ အချို့ကလည်း လမင်းတွင် မျက်နှာချင်းဆုံကြရန် ချိန်းချက်ထားကြ၏။ ဆုံမိချင်လည်း ဆုံမိကြပေလိမ့်မည်။ မောင်လူအေးလည်း မိမိ၏ရည်းစား ခင်သန်းမြင့်လေးနှင့် ဆုံမိလိုဆုံမိငြား မော်၍ကြည့်၏။ သို့သော် ချိန်းချက်မရှိသောကြောင့် ဆုံမိလိမ့်မည်ဟူ၍ များစွာမမျှော်လင့်ပေ။ ခင်သန်းမြင့်လေးထံသို့ မှာရန်ရှိသည်များကိုလည်း လမင်းအား မှာလိုက်မည်ဟူ၍ ကြံစည်သေး၏။ လမင်းအား ရှက်သည်နှင့် မမှာဘဲနေလေသည်။

ဤသို့ လမင်း၏ အေးမြသာယာလှစွာသောအရသာကို ခေတ္တမျှ ခံစားပြီးနောက် အင်္ကျီအိတ်ထဲမှ စီးကရက်တစ်လိပ်ကို ထုတ်ကာ မကြာမီကရောက်လာသော စီးကရက်စွပ်တံလေးတွင်တပ်၏။ ထိုစွပ်တံကား ခင်သန်းမြင့်လေး ပေးပို့လိုက်သော စွပ်တံ ဖြစ်လေသည်။ မောင်လူအေး စီးကရက်ကို အလွန်အမင်းသောက်လာသည်မှာ များစွာမကြာသေး။ ခင်သန်းမြင့်လေးထံမှ စီးကရက်စွပ်တံကို ပို့လိုက်သည့်နေ့မှဖြစ်လေသည်။ စီးကရက်ကိုပင် ကြိုက်သောကြောင့်ပေလော။ ခင်သန်းမြင့်လေး လက်ဆောင်ပေးလိုက်သော စွပ်တံကိုပင် ခဏခဏကြည့်ချင်သောကြောင့်ပေလောဟူ၍မေးလျှင် မောင်လူအေး အလွန်ဖြေရခက်ပေလိမ့်မည်။

> လမင်း၏ အေးမြသာယာလှစွာသောအရသာကို ခေတ္တမျှခံစားပြီးနောက် အင်္ကျီအိတ်ထဲမှ စီးကရက်တစ်လိပ်ကိုထုတ်ကာ မကြာမီက ရောက်လာသော စီးကရက်စွပ်တံလေးတွင်တပ်၏။ ထိုစွပ်တံကား ခင်သန်းမြင့်လေး ပေးပို့လိုက်သော စွပ်တံဖြစ်လေသည်။ မောင်လူအေး စီးကရက်ကို အလွန်အမင်းသောက်လာသည်မှာ များစွာမကြာသေး။ ခင်သန်းမြင့်လေးထံမှ စီးကရက်စွပ်တံကို ပို့လိုက်သည့်နေ့မှဖြစ်လေသည်။ စီးကရက်ကိုပင် ကြိုက်သောကြောင့်ပေလော။ ခင်သန်းမြင့်လေး လက်ဆောင်ပေးလိုက်သော စွပ်တံကိုပင် ခဏခဏ ကြည့်ချင်သောကြောင့်ပေလောဟူ၍ မေးလျှင် မောင်လူအေး အလွန်ဖြေရခက်ပေလိမ့်မည်

စီးကရက်ညှိသောက်၍ တစ်ဖွာ၊ နှစ်ဖွာခန့်ရသောအခါ အိတ်ထဲမှ လက်ကိုင်ပဝါထုတ်ပြန်၏။ ထိုလက်ကိုင်ပဝါကိုထုတ်ရန် အကြောင်းမမြင်။ ချွေးသုတ်ရန် ထုတ်သည်ဆိုရမှာကလည်း ထိုလက်ကိုင်ပဝါကို ထုတ်ပြီးနောက် ဘာမျှမလုပ်။ ထိုညတွင် အိုက်လည်းမအိုက်၊ လေတဖြူးဖြူးနှင့်နေလေသည်။ လက်ကိုင်ပဝါထောင့်တစ်ထောင့်တွင် ထိုးထားသော စာလုံးနီနီကလေးများကိုသာလျှင် တစိမ့်စိမ့်ကြည့်လျက်နေ၏။ ထိုစာလေးများကို ထိုးထားသောလက်တို့ကို ချီးမွမ်း၏။ ထိုလက်နှစ်ဖက်တို့၏ပိုင်ရှင် ခင်သန်းမြင့်ကိုလည်း ချီးမွမ်း၍မဆုံးနိုင်။ ၎င်းစာလုံးလေးများကို ကျကျနန ထိုးနိုင်သောကြောင့် ချီးမွမ်းသည်ထက် မိမိအတွက် ဂရုစိုက်၍ ထိုးပေးရှာသောကြောင့် သာ၍ပင် ချီးမွမ်းကျေးဇူးတင်၍နေပြန်၏။ ခင်သန်းမြင့်လေး စာလုံးလေးများကို ထိုးနေသည်ကိုပင် ထင်ယောင်မြင်ယောင်နှင့်နေ၏။ ခင်သန်းမြင့်အကြောင်းကို ထိုစာလုံးလေးတို့အား မေး၍ကြည့်၏။ ဘာပြောကြသည်မသိ။ မောင်လူအေးလည်း ပြုံးလျက်နေလေသည်။

ထိုစာလုံးလေးများကို ရှု၍ဝလျှင် မိမိ၏အိမ်ပေါ်မှ ကိုင်၍ဆင်းလာသော ဓာတ်ပုံလေးကို ကြည့်၏။ ရှု၍မူ မငြီးနိုင်။ လရောင်အောက်တွင် တစိမ့်စိမ့်ကြည့်လျက်နေလေသည်။ အကယ်၍ ဓာတ်ပုံမှ ဓာတ်ပုံမဟုတ်ဘဲ ခင်သန်းမြင့်လေးကိုယ်တိုင်ဖြစ်နေမူကား မည်မျှကောင်းလိမ့်မည်နည်းဟူ၍ တွေးတောကာ ပီတိသောမနဿဖြစ်လျက်နေ၏။

ဤသို့ တွေးတောလွမ်းဆွတ်နေရင်းပင် ခုံရှည်လေးအနားရှိ စံပယ်ရုံများအကြားမှာ လှုပ်လှုပ်ရှားရှားမြင်သဖြင့် ရုတ်တရက်ထိုင်နေရာမှ ထပြီးလျှင် "ဟေး ... ဘယ်သူလဲ" ဟု ခပ်ဆတ်ဆတ်မေးလိုက်၏။ မေးသော်လည်း ဘာမျှပြန်မပြော။ မောင်လူအေးရှိရာသို့သာလျှင် စိုက်စိုက်ဝင်၍လာ၏။ မောင်လူအေးလည်း ထပ်မံ၍ "ဟေ့....မေးနေတာ မကြားဘူးလား။ ဒုက္ခရောက်သွားချင်သလား" ဟု ခပ်ကျယ်ကျယ် မေးမြန်းလေသည်။

"အာဏာသံ ပြင်းထန်လှပါတကား၊ ဝန်ထောက်မင်း"ဟုဆိုကာ မောင်လူအေး ယခင်ထိုင်နေရာခုံတန်းလေးအနားသို့ ရောက်၍လာ၏။ မောင်လူအေးလည်း ၎င်းအားမြင်တွေ့ရလျှင် အတန်ကြာအောင် ကြက်သေသေလျက်နေလေ၏။ အံ့သြမဆုံးနိုင်။ အကြောင်းကား ထိုခုံရှည်လေးအနားတွင် ရပ်လျက်နေသူမှာ အလွန်တရာမှ လှပချောမော၍ အသက် (၁၈) နှစ် (၁၉) နှစ်ခန့်ရှိ မိန်းကလေးဖြစ်နေသောကြောင့်ပေတည်း။ ထိုမိန်းကလေး၏ လှပယဉ်ကျေးဖွယ်ရာအကြောင်းများကို ရေးသားနေမည်ဆိုလျှင် ဆုံးနိုင်ဖွယ်ရာအကြောင်းမမြင်သဖြင့် ဤမျှနှင့် နိဂုံးတံရပေမည်။

အကြင်မိန်းကလေးသည် ဘာမျှပြန်မပြော၊ ပြုံးလျက် ခုံရှည်လေးပေါ်တွင် ထိုင်လိုက်၏။ ခုံရှည်လေးပေါ်တွင် နှစ်ယောက်သား ထိုင်မိကြမှ မောင်လူအေးက "ခင်၊ ဘယ်တုန်းက လာသလဲ"ဟု မေး၏။

ခင် ॥ ॥ ဘယ်တုန်းက မြင်သလဲ။

အေး ॥ ॥ ခု... မြင်တာပေါ့။

ခင် ॥ ॥ အေး... ဒါဖြင့် ခုလာတာပေါ့။

အေး ॥ ॥ ဘာလာလုပ်သလဲ။

ခင် ॥ ॥ မလာရဘူးလား၊ မလာရဘူးဆိုရင် ခုသွားမယ်။

အေး ॥ ॥ မလာရဘူးလို့ ဘယ်သူပြောသတုံး၊ တွေ့တာနဲ့ရန်စတော့တာပဲ၊ အကြောင်းကိုမေးတာပေါ့။ မမေးနဲ့ဆိုရင်မမေးဘူး၊ မမေးရဘူးလား။

ခင် ॥ ॥ မေးချင်မေးပါလား။

အေး ॥ ॥ ကိုင်း...ဒါဖြင့် ဘာလာလုပ်သလဲ။

ခင် ॥ ॥ ဘာမှလာမလုပ်ဘူး၊ ကိုကို့ကိုမယုံလို့ လာပြီးချောင်းဖမ်းတာ။

အေး ॥ ॥ အောင်မယ် ဘာများမယုံနိုင်စရာရှိသလဲ။

ခင် ॥ ॥ မသိဘူးလေ၊ ကိုကိုတို့လို ဝန်ထောက်တွေ၊ မြို့အုပ်တွေဟာ အနယ်နယ်ရောက်လို့မယုံရဘူး ခဏခဏကြားရတယ်...။

အေး ॥ ॥ တော်ပါခင်ရယ်၊ ဝန်ထောက်တိုင်း၊ မြို့အုပ်တိုင်းမဟုတ်ပါဘူး။ လူချင်းတူသော်လည်း အသက်ရှူချင်းကွဲသေးတယ်...။

ခင် ॥ ॥ အသက်ရှူချင်းကွဲပေမယ့် လူချင်းကတူတာကိုး၊ စိုးရိမ်ရတာပေါ့။

အေး ॥ ॥ ကိုင်းဗျာ၊ အသက်ရှူချင်းလည်းမတူပါဘူးတဲ့၊ လူချင်းလည်း မတူပါဘူးတဲ့၊ ကျေနပ်ပလား။

ခင် ॥ ॥ ကျေနပ်ပါပြီတဲ့၊ အဟုတ်ပဲ ယုံရမှာလား။

အေး ॥ ॥ ယုန်ရပါတယ်၊ တစ်ကောင်ကို တစ်ကျပ်လောက်တော့ ပေးရလိမ့်မည်။(ရယ်လျက်ပြောသည်)

ခင် ॥ ॥ စကားကောင်းကောင်းပြောနေရင်း စကားနောက်တွေ ထိုးတော့တယ်၊ ဒီလိုဖြင့်ပြန်တော့မယ်။

အေး ॥ ॥ တယ်လဲစိတ်ဆိုးတတ်တာကိုး၊ ရယ်ရအောင် ပြောတာပဲ၊ သည်လို စိတ်ဆိုးတတ်ရင် မပြောတော့ပါဘူး။

ခင် ॥ ॥ ကိုကိုကလည်း နောက်သေးရဲ့၊ ခင်ကလည်း စိတ်ဆိုးတတ်တယ်ဆိုသေးရဲ့၊ တကယ့်ကိုကိုပဲ။

အေး ॥ ॥ တကယ့်ကိုကိုမဟုတ်ရင် အတုကိုကိုလား။

ခင် ॥ ॥ ဟော...ပြောရင်းဆိုရင်း အပျက်တွေ ဖောက်လာပြန်ပြီ။

အေး ॥ ॥ ကိုင်း... မဖောက်တော့ပါဘူး။ ကောင်းကောင်းပြောတော့မယ်။

ခင် ॥ ॥ အဟုတ်ပဲ စိတ်ချရပ့ါမလား။

အေး ॥ ॥ အဟုတ်ပေါ့၊ ကိုကို မလိမ်တတ်ပါဘူး။

ခင် ॥ ॥ ယုံနိုင်ပေါင်။

အေး ॥ ॥ ယုံပါခင်ရယ်၊ အခုကာလပေါ် "တစ်မိုးအောက် တစ်ယောက် လောက်ထင်တယ်" ဆိုတဲ့သီချင်းကို မကြားဖူးဘူးလား။

ခင် ॥ ॥ မကြားဖူးဘူး၊ ဆိုပြစမ်း။

အေး ॥ ॥ ကိုကိုလည်း မရဘူး၊ "တစ်မိုးအောက် တစ်ယောက်လောက် ထင်မိတယ်" ဆိုတဲ့အပိုဒ်လေးဟာ ကောင်းလွန်းလို့ မှတ်ထားတယ်။

ခင် ॥ ॥ အဲဒါဘာလဲ။

အေး ॥ ॥ မသိချင်ယောင်ဆောင်မနေစမ်းပါနဲ့။ တစ်မိုးအောက် တစ်ယောက်ထင်တယ်ဆိုတာ ခင်ပေါ့။

ခင် ॥ ॥ မညာစမ်းပါနဲ့။

အေး ॥ ॥ မညာပါဘူး၊ အတည်ပြောတာပါ။ မယုံရင် အရပ်ကို မေးကြည့်။

ခင် ॥ ॥ ကိုကို့အရပ်ကိုလည်း မမေးကြည့်နိုင်ပေါင်၊ ယုံပါပြီတဲ့။

အေး ॥ ॥ အဲဒီလိုမှပေါ့။ ကိုကိုကတော့ နေ့စဉ်လွမ်းလိုက်ရတာ၊ ဒီနေ့ ရွှေမြင်တင်ဘုရားပွဲတောင် လိုက်မသွားဘူး၊ အဖော်တွေကတော့ ခေါ်ပါရဲ့။

ခင် ॥ ॥ ဘာလို့လိုက်မသွားသလဲ။

အေး ॥ ॥ နောင်နှစ်ခါမှ ခင်နဲ့အတူတူ စုံတွဲသွားမယ် ဆုံးဖြတ်ထားလို့ပေါ့။ ခင်မပါရင် ဘယ်လမ်းမှမသွားဘူးသိရဲ့လား။

ခင် ॥ ॥ တောကိုတော့ ဘာလို့သွားသလဲ။

အေး ॥ ॥ ခင်ကလည်း တောမသွားလို့ ဘယ်ဖြစ်မလဲ။ တောသွားရတဲ့ အလုပ်ကို လုပ်နေပြီဟာကိုး၊ ခင်ကလည်းနော်။

ခင် ॥ ॥ နှိုက်နှိုက်ချွတ်ချွတ်မေးတာတောင် အတော်မကျသေးဘူး။ လွှတ်များထားရင် ခက်မယ်။

အေး ॥ ॥ လာပြန်ပြီ၊ ခုနကပဲ ယုံတယ်ဆို။

ခင် ॥ ॥ ယုံပါတယ်၊ ယုံပါတယ်၊ ခြံထဲဆင်းပြီး ဘာလုပ်နေတာတုံး။

အေး ॥ ॥ ခင့်အကြောင်းကို တွေးနေတာပေါ့။

ခင် ॥ ॥ ယုံနိုင်ပေါင်။ ကိုကိုတို့ယောကျ်ားဆိုတာ တစ်ချိုကွယ်ရင် တစ်မယ်မေ့၊ တွေ့သေအောင်လွမ်း၊ ကွယ်ရင်တော့မေ့တတ်တာမျိုးပါ။

အေး ॥ ॥ လာပဲလာသေးရဲ့၊ ကိုင်းသည်လောက်တောင် မယုံတာဖြင့်လည်း မပြန်နဲ့၊ သည်အိမ်မှာပဲ နေရစ်ပေတော့၊ သည်တော့ ကိုကိုဟာ ကွယ်ရင်မေ့တတ်တဲ့လူစားလား။ ကွယ်ရင် လွမ်းတတ်တဲ့ လူစားလားဆိုတာ သိရအောင်။

ခင် ॥ ॥ ခင် ကိုကို့အိမ်မှာ နေနေမယ်ဆိုရင် ကွယ်မှမကွယ်ဘဲ၊ သည်တော့ ကွယ်ရင်မေ့မယ်၊ မမေ့ဘူးဆိုတာ ဘယ်သိမလဲ။ (ပြုံးလျက်ပြောသည်)

အေး ॥ ॥ တယ်ခက်တာကိုး၊ ကိုင်း အရှုံးပေးပါပြီတဲ့။

ခင် ॥ ॥ ဒါဖြင့် ကွယ်ရင်မေ့မှာပေါ့။

အေး ॥ ॥ ခက်ပါပြီနော်၊ ကွယ်ရင်လည်း မမေ့ဘူး၊ တွေ့ရင်လည်း မမေ့ဘူး၊ စားရင်လည်း မမေ့ဘူး၊ သွားရင်လည်း မမေ့ဘူး၊ အိပ်လည်း မမေ့ဘူး၊ ဘယ်တော့မှ မမေ့ဘူး၊ ကိုင်း ယုံပလား။

ခင် ॥ ॥ ဟောဒီဟာ ဘယ်သူ့ဓာတ်ပုံလဲ။

အေး ॥ ॥ ကိုကို့ရည်းစားဓာတ်ပုံလေ။

ခင် ॥ ॥ ဒါပဲ တစ်မိုးအောက် တစ်ယောက်ထင်တယ်ဆို။ (ဒေါသနှင့် မေးလေ၏)

အေး ॥ ॥ ထင်လို့ထင်တယ် ပြောတာပေါ့။

ခင် ॥ ॥ ဒါဖြင့် ဘာဖြစ်လို့ ရည်းစားတွေထားနေရသေးလဲ။

အေး ॥ ॥ ဓာတ်ပုံကိုပဲ သေသေချာချာကြည့်ပါဦး၊ အပြစ်တင် မစောစမ်းပါနဲ့။

ခင် ॥ ॥ (ဓာတ်ပုံကိုကြည့်လျက်) ခင့်ဓာတ်ပုံပါပဲပလား၊ ကိုကို ခင့်ကို သိပ်ချစ်တာပေါ့လေ။

အေး ॥ ॥ ခင်ရယ် ယုံပါတော့၊ တစ်မိုးအောက်တစ်ယောက်ပါပဲ။

ခင် ॥ ॥ ဟင့်အင်း၊ ယုံနိုင်ပေါင်...ဆိုကာ မခို့တရို့နှင့် မောင်လူအေးအား ပြုံးကာကြည့်နေလေ၏။

မောင်လူအေးလည်း ခင်သန်းမြင့်လေးကို အသာပွေ့လိုက်ရာ ခုံရှည်လက်ရန်းကို ဖမ်းမိရက်ဖြစ်တော့မှ မိမိခင်သန်းမြင့်အကြောင်း စဉ်းစားရင်း ခုံရှည်လေးပေါ်တွင် အိပ်ပျော်နေကြောင်းကို သိသဖြင့် ပြုံးလျက်နေတော့သတည်း။ ॥

**၁၉၃၂ ခုနှစ်၊ ဇွန်၊ သူရိယရုပ်စုံသတင်း။**

# လယ်ယာမြေကောင်းစေပြီး သီးနှံအထွက်တိုးစေဖို့ သဘာဝမြေသြဇာသုံးစွဲကြပါစို့

ဦးဦးစိုက်ပျိုးရေး

လယ်ယာစိုက်ပျိုးရေးတွင် သီးနှံများအထွက်တိုးစေရေးအတွက် မြေဆီလွှာသည် အလွန်အရေးကြီးသည်။ မြေဆီလွှာအာဟာရဓာတ်ပြည့်ဝမှသာ သီးနှံများ အထွက်တိုးမည်မှာ တောင်သူဦးကြီးများ သိရှိပြီးဖြစ်သည်။ သီးနှံများအထွက်တိုးစေရေးအတွက် မြေဆီလွှာပြုပြင်ရေးနည်းလမ်း ဆောင်ရွက်ကြရာတွင် မြေသြဇာများကို သုံးစွဲခြင်းသည်လည်း တစ်နည်းအပါအဝင်ဖြစ်သည်။ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် အသုံးပြုကြသော မြေသြဇာများကို စနစ်တကျ ခွဲခြားကြည့်လျှင် ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာနှင့် ဇီဝမြေသြဇာဟူ၍ သုံးမျိုးတွေ့ရှိနိုင်သည်။ ဓာတ်မြေသြဇာများကို သုံးစွဲခြင်းသည် အပင်ကြီးထွားမှု၊ သီးပွင့်မှုစသည့် အပင်ဇီဝကမ္မဖြစ်စဉ်များကို ချက်ချင်းအကျိုးဖြစ်ထွန်းစေသော်လည်း ရေရှည်သုံးစွဲပါက မြေဆီလွှာပျက်စီးမှုကို ဖြစ်ပေါ်စေပါသည်။ ဇီဝမြေသြဇာ(ရိုင်ဇိုဘီယံ)သည် သီးနှံအမျိုးအစားအလိုက်၊ မြေအမျိုးအစားအလိုက် ထည့်သွင်းအသုံးပြုရသော မြေသြဇာအမျိုးအစားဖြစ်သည်။ အပင်နှင့်တိရစ္ဆာန်တို့၏ ရုပ်ကြွင်းနှင့်အညစ်အကြေးများကို သဘာဝမြေသြဇာအဖြစ် ရှေးယခင်ကတည်းကပင် သီးနှံစိုက်ပျိုးရာတွင် အသုံးပြုခဲ့ကြပြီး ရေရှည်တည်တံ့သော သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် ဆက်လက်အသုံးပြုသင့်သော မြေသြဇာအမျိုးအစားဖြစ်သည်။

သဘာဝမြေသြဇာတွင် နွားချေးအပါအဝင် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ၊ သီးနှံအကြွင်းအကျန်၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ နှမ်းဖတ်၊ ပဲဖတ်၊ အရိုးမှုန့်၊ သစ်စိမ်းမြေသြဇာတို့ ပါဝင်သည်။ သဘာဝမြေသြဇာများကို အခြားပြည်ပနိုင်ငံများတွင်လည်း အသုံးပြုလျက်ရှိပြီး ဓာတ်မြေသြဇာ ဈေးနှုန်းကြီးမြင့်ခြင်း၊ ဓာတ်မြေသြဇာများ အသုံးပြုမှုများလာသည့်အတွက် မြေဆီလွှာတွင် မြေဆီသြဇာ ခန်းခြောက်လာခြင်း၊ သီးနှံစိုက်ပျိုး ထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာစေခြင်းတို့ကြောင့် ဘေးအန္တရာယ်ကင်းသော သီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် သဘာဝမြေသြဇာများကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသည်။

သဘာဝမြေသြဇာတွင် အာဟာရဓာတ် ပါဝင်မှုမှာ ဓာတ်မြေသြဇာထက်နည်းပါးသော်လည်း သီးနှံများ လိုအပ်သော အာဟာရဓာတ်စုံများ ပါဝင်ပြီး ရေရှည်မြေဆီလွှာပြုပြင်ရာတွင် ပိုမိုကောင်းမွန်စေသော မြေသြဇာအမျိုးအစားဖြစ်သည်။ သဘာဝမြေသြဇာသည် မြေဆီလွှာ၏ ရူပ၊ ဓာတုနှင့် ဇီဝဂုဏ်သတ္တိများကို ပိုမိုကောင်းမွန်တိုးတက်စေသည်။ မြေဆီလွှာအတွင်း သဘာဝမြေဆွေးပါဝင်မှုပမာဏများပါက မြေဆီလွှာအရောင်သည် မည်းမှောင်နက်ခြင်း၊ ရေစိမ့်ဝင်နိုင်မှုကောင်းခြင်း၊ မြေသားဖွဲ့စည်းမှု ပိုမိုကောင်းမွန်ခြင်းနှင့် မြေသင်းနံ့ကောင်းခြင်းတို့ ဖြစ်ပေါ်စေသည်။ ထို့ကြောင့် သဘာဝမြေသြဇာများကို စနစ်တကျနှင့် နည်းလမ်းမှန်ကန်စွာ အသုံးပြုနိုင်လျှင် မြေဆီလွှာကောင်းမွန်ပြီး သီးနှံအထွက်နှုန်းတိုးမည်မှာ ဧကန်အမှန်ပင် ဖြစ်သည်။



စိုက်ပျိုးရေးဦးစီးဌာနက ကျိုက်လတ်မြို့ရှိ ကျေးရွာများမှ တောင်သူများအား သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းသရုပ်ပြစဉ်။

### သဘာဝမြေသြဇာကို ဘယ်လိုသုံးမလဲ

တောင်သူအများစုမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင် သဘာဝမြေသြဇာအဖြစ် နွားချေးကို ရှေးယခင်ကတည်းက အသုံးပြုခဲ့ကြပြီး အချို့သော တောင်သူဦးကြီးများမှာ နွားချေး သီးသန့်အသုံးပြုကြပြီး အချို့သောတောင်သူများမှာ နွားချေးကို သီးနှံအကြွင်းအကျန်များနှင့် ရောနှော အသုံးပြုကြသည်။ နွားချေးများကို စုဆောင်းသည့်နည်းလမ်းနှစ်မျိုးကိုတွေ့ရပြီး ပထမနည်းမှာ နွားများ အိပ်စက်အနားယူနိုင်သော အကျယ်အဝန်းအတိုင်း ကျင်းတူးထားပြီး နွားများစွန့်ပစ်သမျှ ကျင်ကြီး၊ ကျင်ငယ်များ စိုစွတ်ပြီး ဖွက်ထလာသည့်အခါတိုင်း အောက်ခင်းများ ထပ်ဖြည့်ခင်းကာ စုဆောင်းသည့်နည်း ဖြစ်သည်။ ဒုတိယနည်းမှာ ကျင်းကို နွားအောက်တွင် မထားဘဲ သင့်လျော်သော သီးခြားနေရာတွင် အမိုးနှင့်ထား၍ နွားချေးများကို နေ့စဉ် နွားတင်းကုပ်မှ သယ်ယူပြီး ကျင်းထဲသို့ ထည့်ပေးကာ စုဆောင်းသောနည်းဖြစ်သည်။

နွားချေးမြေသြဇာကို အသုံးပြုသည့်အခါ အရေးအကြီးဆုံး အထူးဂရုစိုက်ရမည့်အချက်မှာ နွားချေးသည် "အေး" ရမည်ဖြစ်သည်။ နွားချေး "အပူ" ကို စိုက်ခင်းထဲတွင် မထည့်ရပါ။ ဆိုလိုသည်မှာ နွားချေးသည် ကောင်းစွာဆွေးမြည့်နေရမည်ဟု ဆိုလိုပါသည်။ နွားချေး "အပူ" သည် နွားများ ချက်ချင်းယိုထားသော ပူပူနွေးနွေးချေးနှင့် တင်စားပြောထားခြင်းသာဖြစ်ပြီး မဆွေးမြည့်သော နွားချေးကို ဆိုလိုသည်။ ကောင်းစွာ မဆွေးမြည့်သော နွားချေးများကို သီးနှံစိုက်ပျိုးမြေများတွင်အသုံးပြုလျှင် ဆွေးမြည့်ခြင်းဖြစ်စဉ်မှထွက်ရှိသော အော်ဂဲနစ်အက်စစ်များသည် အပင်ကို အဆိပ်အတောက်ဖြစ်စေနိုင်သည်။ ထို့ပြင် အဏုဇီဝပိုးများသည် အာဟာရဓာတ်များကို ပြိုင်တူစုပ်ယူစားသုံးသည့်အတွက် သီးနှံပင်များအတွက် လိုအပ်သော အာဟာရဓာတ်များကို အလုံအလောက် မရရှိနိုင်ပါ။ ထို့ကြောင့် ကောင်းစွာဆွေးမြည့်သော နွားချေးကိုသာ စိုက်ခင်းထဲတွင် အသုံးပြုရန် အလွန်အရေးကြီးသည်။

အသုံးပြုသောနွားချေးသည် ကောင်းစွာဆွေးမြည့်လျှင် နွားချေးတွင်ပါဝင်သော အာဟာရဓာတ်များကို အပင်သည် စားသုံးနိုင်သည့်အပြင် ဆွေးမြည့်သော နွားချေးသဘာဝမြေသြဇာမှ ထွက်ပေါ်လာသော အက်စစ်ဓာတ်ကြောင့် အပင်စားသုံးရန်ခက်ခဲသော သံဓာတ်၊ မဂ္ဂနိစ်ဓာတ်နှင့် ဖော့စဖိတ်ဓာတ်များကို အပင်သည် အလွယ်တကူ စားသုံးနိုင်သည်။ ထို့ကြောင့် နွားချေးမြေသြဇာများကို ကောင်းစွာဆွေးမြည့်အောင် ပြုလုပ်ပြီးမှသာ သုံးစွဲသင့်သည်။

### ဘာကြောင့် သဘာဝမြေသြဇာကို သုံးသင့်သလဲ

ကောင်းစွာဆွေးမြည့်သော သဘာဝမြေသြဇာများကို အသုံးပြုလျှင် စေးသောမြေကို ဖွယ်စေပါသည်။ သဲဆန်လွန်းသောမြေကို သိပ်သည်းစေသည်။ ရေအစိုဓာတ်ကို ပိုမိုထိန်းသိမ်းထားနိုင်သည်။ မြေထဲတွင် လေဝင်လေထွက် ကောင်းမွန်စေနိုင်သလို အပူအအေးကိုလည်း မျှတအောင် ထိန်းထားပေးနိုင်သည်။ ထို့ပြင် အာဟာရဓာတ်များကို အမြစ်မှ အလွယ်တကူ စုပ်ယူစားသောက်နိုင်သည်။ အရေးအကြီးဆုံးအချက်မှာ မြေဆီလွှာအတွင်းရှိ သဘာဝမြေဆွေး (သို့) မြေဆီသြဇာဓာတ်ကို ဖြည့်တင်းပေးရုံမျှမက ရေရှည်ကာလတွင် မြေဆီလွှာ အာဟာရဓာတ်များကို ထိန်းသိမ်းထားနိုင်သည်။ ဤအချက်သည် ကုန်ကျစရိတ်များပြီး အပင်အတွက် အာဟာရဓာတ် တစ်မျိုးတည်းသာ ဖြည့်ပေးနိုင်သော ဓာတ်မြေသြဇာများထက် ပိုမိုကောင်းမွန်သော အဓိက အားသာချက်ဖြစ်သည်။

တောင်သူအများစုအသုံးပြုနေကြသော ပုလဲမြေသြဇာဟုခေါ်သည့် ယူရီးယားဓာတ်မြေသြဇာကို အသုံးပြုလျှင် နိုက်ထရိုဂျင်ဓာတ်အာဟာရတစ်မျိုးတည်းကိုလည်းကောင်း၊ တီစူပါကို အသုံးပြုလျှင် ဖော့စဖောရပ် ဓာတ်တစ်မျိုးတည်းကိုလည်းကောင်း၊ ပိုတက်ရှ်ကိုအသုံးပြုလျှင် ပိုတက်ဆီယမ်ဓာတ်တစ်မျိုးတည်းကိုလည်းကောင်း အသီးသီးရရှိစေမည်ဖြစ်သည်။ အလားတူပင် ကွန်ပေါင်းမြေသြဇာအသုံးပြုလျှင်လည်း အာဟာရဓာတ် သုံးမျိုး၊ လေးမျိုးသာ ရရှိနိုင်မည်ဖြစ်သော်လည်း သဘာဝမြေသြဇာကို အသုံးပြုခြင်းဖြင့် သီးခြားဝယ်ယူစရာမလိုဘဲ အာဟာရဓာတ်စုံပါဝင်ပြီး တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်တွင် အလွယ်တကူ ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မိမိတို့မွေးမြူထားသော နွားများကို စနစ်တကျမွေးမြူပြီး နွားချေးများကို စနစ်တကျ သိမ်းဆည်းသိုလှောင်ထားသည့် အလေ့အကျင့်မျိုးမွေးမြူနိုင်လျှင်လည်း များစွာအကျိုးထူးလှပေသည်။

သဘာဝမြေသြဇာများသည် အာဟာရဓာတ်တစ်မျိုးချင်းစီအနေဖြင့် ပါဝင်မှုနည်းပါးသော်လည်း အပင်မှ လိုအပ်သည့် အာဟာရဓာတ်ပါဝင်မှုကို စုံလင်စွာ ပေးစွမ်းနိုင်သည်။ တွေ့ရှိချက်များအရ နွားတစ်ကောင်သည် တစ်နေ့လျှင် နွားချေးအစို ၄၀ နှင့် အခြောက် ၁၂ ကီလိုဂရမ် ထွက်ရှိသည့်အတွက် နွားအကောင်တစ်ရာမွေးထားပါက တစ်နေ့လျှင် နွားချေး ၁ ဒသမ ၂ တန် ရရှိနိုင်မည်ဖြစ်ပြီး တစ်နှစ်လျှင် နွားချေး ၄၃၈ တန် ရရှိနိုင်မည်ဖြစ်သည်။ ထို့ပြင် နွားချေးတစ်တန် (၁၀၀၀ ကီလိုဂရမ်) ကို စိုက်ပျိုးမြေဆီလွှာများတွင် ထည့်သွင်းခြင်းဖြင့် နိုက်ထရိုဂျင် ၂ ဒသမ ၄၂ ကီလိုဂရမ်၊ ဖော့စဖိတ် ၆ ဒသမ ၆၀ ကီလိုဂရမ်၊ ပိုတက်ရှ် ၃ ဒသမ ၄၃ ကီလိုဂရမ်နှင့် အော်ဂဲနစ်မြေဆွေး ၁၈၁ ဒသမ ၃၄ ကီလိုဂရမ် ရရှိနိုင်မည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍအသီးသီးတွင် လုပ်ကိုင်ဆောင်ရွက်နေကြသော သီးနှံစိုက်ပျိုး ထုတ်လုပ်သူများအနေဖြင့် စိုက်ပျိုးသည့် သီးနှံအထွက်နှုန်းတိုးမှသာ ဝင်ငွေကောင်းပြီး လူနေမှုဘဝမြင့်မားနိုင်ပေမည်။ ထိုသို့ သီးနှံအထွက်တိုးရေး လုပ်ဆောင်ရာတွင် ဓာတ်မြေသြဇာတစ်မျိုးတည်းကို နှစ်စဉ်ဆက်တိုက်အသုံးပြုလျှင် မြေဆီလွှာ၏ အရည်အသွေးသည် တဖြည်းဖြည်းကျဆင်းလာပြီး သီးနှံပင်အတွက် လိုအပ်သော အာဟာရဓာတ်လျော့နည်းလာခြင်းဖြင့် အပင်ဖြစ်ထွန်းမှုကို ထိခိုက်ကာ အထွက်နှုန်းလျော့နည်းလာနိုင်သည်။ ထို့ကြောင့် သဘာဝမြေသြဇာများကို မဖြစ်မနေ သုံးစွဲရပေလိမ့်မည်။ အလားတူ ယနေ့ခေတ်တွင် ဓာတ်မြေသြဇာဈေးနှုန်း ကြီးမြင့်ခြင်းနှင့် စိုက်ပျိုးသော လယ်ယာသီးနှံအချို့နှင့် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံများတွင် ဓာတ်ကြွင်းအာနိသင်ပါဝင်မှု လျှော့ချနိုင်ရေးတို့အတွက် နွားချေးမြေသြဇာအသုံးပြုရန် အထူးပင်လိုအပ်လာသည်။

စာမျက်နှာ ၁၉ သို့

> တောင်သူအများစုအသုံးပြုနေကြသော ပုလဲမြေသြဇာဟုခေါ်သည့် ယူရီးယားဓာတ်မြေသြဇာကို အသုံးပြုလျှင် နိုက်ထရိုဂျင်ဓာတ်အာဟာရတစ်မျိုးတည်းကိုလည်းကောင်း၊ တီစူပါကို အသုံးပြုလျှင် ဖော့စဖောရပ်ဓာတ်တစ်မျိုးတည်းကိုလည်းကောင်း၊ ပိုတက်ရှ်ကိုအသုံးပြုလျှင် ပိုတက်ဆီယမ်ဓာတ်တစ်မျိုးတည်းကိုလည်းကောင်း အသီးသီးရရှိစေမည်ဖြစ်သည်။ အလားတူပင် ကွန်ပေါင်းမြေသြဇာအသုံးပြုလျှင်လည်း အာဟာရဓာတ် သုံးမျိုး၊ လေးမျိုးသာ ရရှိနိုင်မည်ဖြစ်သော်လည်း သဘာဝမြေသြဇာကို အသုံးပြုခြင်းဖြင့် သီးခြားဝယ်ယူစရာမလိုဘဲ အာဟာရဓာတ်စုံပါဝင်ပြီး တောင်သူများ၏ လယ်ယာလုပ်ငန်းခွင်တွင် အလွယ်တကူရရှိနိုင်မည်

# တိုက်ကြီးမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်းဖွင့်

တိုက်ကြီး မတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို တိုက်ကြီးမြို့နယ် ရှမ်းစုရပ်ကွက် ရှမ်းကျောင်းကြီး ဘုန်းတော်ကြီးကျောင်း နီးဘုရားကြီး ဓမ္မာရုံ၌ မတ် ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

ဖွင့်ပွဲတွင် တိုက်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြဝင်းနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးပြေဟိန်းနိုင်တို့က အမှာစကားများပြောကြားပြီး တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြား၍ မြောက်ပိုင်းခရိုင် လူမှုဝန်ထမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်စန်းမြင့်က အမျိုးသမီးများဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများကို ဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းတွင် အိမ်တွင်းမှု အသက်မွေး အတတ်ပညာသင်ကျောင်း (ရန်ကုန်)မှ လက်ထောက်နည်းပြ ဒေါ်ကေရီစ်က မြို့နယ်အတွင်းရှိ ရှမ်းတိုင်းရင်းသား တိုင်းရင်းသူ ၂၀ ကို မတ် ၂၃ ရက်မှ ဧပြီ ၂၈ ရက်အထိ တစ်လကြာ သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြင့်ဦး





# ထန်းတပင်မြို့နယ်၌ (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျေးရွာကုန်ထုတ်ဂဝံလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ထန်းတပင်(ရန်ကုန်) မတ် ၂၅

(၇၈)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် ကျေးရွာကုန်ထုတ်ဂဝံလမ်းသစ်ဖွင့်ပွဲကို မတ် ၂၄ ရက် နံနက်ပိုင်းတွင် ရေပေါ်သောင်ကျေးရွာ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးတို့က စီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မှော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝေမိုးအောင်၊ မှော်ဘီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဆွေဆွေမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းဦးကြည်တို့က ကျေးရွာကုန်ထုတ်ဂဝံလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကုန်ထုတ်ဂဝံလမ်းအားကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးရွာကုန်ထုတ်ဂဝံလမ်းသည် လမ်းအရှည် (၁/၄.၅) မိုင်၊ အကျယ် ၁၂ ပေနှင့် ဒု ၉ လက်မရှိကာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၁၂၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဖျာပုံမြို့၌ နွေရာသီ အခြေခံအားကစားသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား ကျင်းပ

ဖျာပုံ မတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြို့နယ်အားကစားဆပ်ကော်မတီများ ပူးပေါင်းဖွင့်လှစ်သော နွေရာသီအခြေခံအားကစား သင်တန်း သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့ ညနေပိုင်းက ဖျာပုံမြို့နယ် ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်လင်းက



အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန္ဒာဦးနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက သင်တန်းသား သင်တန်းသူများအား အားကစားဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ သင်တန်းနည်းပြများနှင့် သင်တန်းဆင်းဆန်းစစ်ပြိုင်ပွဲတွင် ထူးချွန်သော သင်တန်းသား သင်တန်းသူများအား ဂုဏ်ပြုဆုတံဆိပ်နှင့် အားကစားဝတ်စုံများ ပေးအပ်ချီးမြှင့်ကြပြီး အဆိုပါသင်တန်းတွင် အားကစားနည်း ခြောက်မျိုးဖြစ်သော ဂျူဒို၊ မြန်မာ့သိုင်း၊ ဘတ်စကက်ဘော၊ ရိုးရာခြင်းလုံး၊ ပြေးခုန်ပစ်နှင့် ဘောလုံး အားကစားနည်းတို့ ပါဝင်ကြောင်း သိရသည်။

ဆက်လက်၍ အသက် (၁၃)နှစ်အောက် ဘောလုံးပြိုင်ပွဲကို ကျင်းပရာ ဖျာပုံမြို့နယ်အသင်းနှင့် အုန်းပင်ကျေးရွာ အသင်းတို့ ယှဉ်ပြိုင်ကြကြောင်း သိရသည်။

၂၀၇

■

# မြင်းစီးအားကစား အခြေခံနည်းပြသင်တန်း စတင်ဖွင့်လှစ်ပြီး နိုင်ငံတကာအသိအမှတ်ပြုလက်မှတ် ထုတ်ပေးမည်

ရန်ကုန် မတ် ၂၅

မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်၏ မြင်းစီးအားကစား အခြေခံနည်းပြသင်တန်း အပတ်စဉ်(၁)ကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ အဖွဲ့ချုပ်၏ မြင်းစီးကွင်း၌ ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်



သင်ကြားခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် သင်တန်းသားများက တစ်ဦးချင်းမိတ်ဆက်ခြင်း၊ သင်တန်းဆရာများနှင့် မိတ်ဆက်ခြင်း၊ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က အမှာစကားပြောကြားခြင်းတို့ ဆောင်ရွက်ခဲ့သည်။

သင်တန်းတွင် Junior Groom၊ Senior Groom၊ Stable Supervisor၊ နည်းပြ Coach နှင့် General Riding စသည့် သင်တန်းများကို သင်ကြားသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြင်းစီးကလပ်များမှ နည်းပြများနှင့် ပြင်ပမြင်းစီးဝါသနာရှင် ၂၀ တို့ တက်ရောက်ကြကာ မတ် ၂၅ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းသားများ၏ နေရာထိုင်ခင်းနှင့် အစားအသောက်များအတွက် အဖွဲ့ချုပ်က တာဝန်ယူအကုန်အကျခံ၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပြီး သင်တန်းတက်ရောက်ပြီးပါက နိုင်ငံတကာအသိအမှတ်ပြု သင်တန်းဆင်းလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လင်းရာမ

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မတ် ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

❒ စာမျက်နှာ ၁၈ မှ

အလားတူမြန်မာနိုင်ငံတွင် မွေးမြူရေးလုပ်ငန်းများမှ အများဆုံးထွက်ရှိနေသော ကြက်ချေး၊ ဝက်ချေး၊ ဆိတ်ချေးတို့ကို နွားချေးမြေဩဇာကဲ့သို့ သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်သည်။ လေ့လာတွေ့ရှိချက်များအရ ကြက်အကောင်တစ်ရာမှ တစ်ရက်လျှင် ကြက်ချေး ၀ ဒသမ ၀၃ တန်၊ ဝက်နှင့် ဆိတ်မှ ၀ ဒသမ ၀၉ တန်ခန့်ရရှိနိုင်မည်ဖြစ်ပြီး တစ်နှစ်လျှင် ကြက်ချေး ၁၀ ဒသမ ၉၅ တန်နှင့် ဝက်နှင့် ဆိတ်ချေး စုစုပေါင်း ၃၂ ဒသမ ၈၂ တန် ရရှိနိုင်မည်ဖြစ်သည်။ ကြက်ချေး၊ ဝက်ချေးစသည့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများသည် ဗက်တီးရီးယား၊ မှိုနှင့် ဗိုင်းရပ်စ်များ ကပ်ပါးပရိုတိုဇိုးဝါးများ၊ ပဋိဇီဝပိုးသတ်ဆေးများနှင့် ပဋိဇီဝယဉ်ပါးသော ရောဂါပိုးမွှားများ၊ အန္တရာယ်ရှိစေနိုင်သော ဓာတ်ကြွင်းများ၊ 17β estradiol နှင့် testosterone ဟော်မုန်းများဖြစ်သော အီစထရိုဂျင်နှင့် ဒိုင်အောက်ဇင် furans polychlorinated biphenyls နှင့် poly-cyclic aromatic hydrocarbons ကဲ့သို့သော ပိုးသတ်ဆေးများ ပါဝင်နိုင်သဖြင့် ကြက်ချေး၊ ဝက်ချေးတို့ကို အခြေပြုသော မြေဩဇာများကို အသုံးပြုမည်ဆိုပါက လူနှင့်သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရန် သတိပြုသုံးစွဲသင့်သည်။


ထို့ကြောင့် စိုက်ပျိုးရေးနှင့်အတူ မွေးမြူရေးကိုပါ တွဲဖက်လုပ်ကိုင်ပါက မွေးမြူရေးမှ ဝင်ငွေရရှိမည့်အပြင် မွေးမြူရေးမှထွက်သော တိရစ္ဆာန်ချေးများကို သဘာဝမြေဩဇာအဖြစ် အသုံးပြုနိုင်ခြင်းကြောင့် စိုက်ပျိုးရေးအတွက်လည်း များစွာအထောက်အကူပြုနိုင်သည်။ သို့ရာတွင် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများကို စိုက်ပျိုးမြေဆီလွှာများ၌ သဘာဝမြေဩဇာအဖြစ် အသုံးပြုရာတွင် စနစ်တကျအသုံးပြုရန်နှင့် ကောင်းစွာဆွေးမြည့်ပြီးမှသာ အသုံးပြုရန် လိုအပ်သည်။

သို့ဖြစ်၍ စိုက်ပျိုးရေးဦးစီးဌာနသည် လယ်ယာထွက်သီးနှံ အကြွင်းကျန်များ၊ နွားချေးများကို သဘာဝမြေဩဇာအဖြစ် စနစ်တကျပြုလုပ်သုံးစွဲနိုင်ရေး၊ သစ်စိမ်းမြေဩဇာထည့်သွင်းခြင်း၊ ဓာတ်မြေဩဇာများကို စနစ်တကျ၊ အချိန်ကိုက်၊ အချိုးညီအသုံးပြုနိုင်ရေးနှင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပညာပေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အချုပ်အားဖြင့်ဆိုသော် သဘာဝမြေဩဇာများသည် လယ်ယာလုပ်ငန်းခွင်တွင် အလွယ်တကူရရှိနိုင်ခြင်း၊ ဈေးနှုန်းသက်သာစွာဖြင့် ရရှိနိုင်ခြင်း၊ မြေဆီလွှာအတွက် မြေဆီဩဇာဓာတ်ကို ရေရှည်ထိန်းသိမ်းထားနိုင်ခြင်း၊ မြေဆီဩဇာ ထက်သန်ခြင်းနှင့် သီးနှံများအထွက်နှုန်း တိုးတက်စေရုံသာမက သီးနှံအရည်အသွေးပါ တိုးတက်စေခြင်းတို့ကြောင့် တောင်သူဦးကြီးတို့ဘဝ မြင့်မားစေဖို့ သဘာဝမြေဩဇာကို ပိုမိုသုံးစွဲသင့်ကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။ ။

ဝတ္ထုတို

## ကျော်စိုးလင်း (အ.လ.တ)




ရွှေကြာပင်ဈေးရဲ့ မြောက်ဘက်မှာရှိတဲ့ ဆိုင်ခန်းလေးတစ်ခန်းကို ငှားပြီး ကျွန်တော် ဆံပင်ညှပ်ဆိုင်ဖွင့်ခဲ့တုန်းကပေါ့။ အဲဒီတုန်းက ရွှေကြာပင်ရပ်ကွက်ထဲ ဆံပင်ညှပ်ဆိုင်ရယ်လို့ သိပ်များများစားစား မရှိသေးပါဘူး။ တစ်နေ့ တစ်နေ့ ဈေးသွား ဈေးပြန်တွေနဲ့ ညှပ်လိုက်ရတဲ့ ခေါင်းအရေတွက်ကလည်း မနည်းမနော။

မနက် ၇ နာရီ ဆိုင်စဖွင့်ပါပြီဆိုကတည်းက နေ့ခင်း တစ်ချက်ထိုးလောက်မှ လူနည်းနည်းပါးသွားတော့တယ်။ ဒီတော့မှ အပေ့ါပါးလေး ဘာလေးသွား၊ နေ့ခင်းထမင်းလည်းစားပေ့ါလေ။ ပြီးတော့မှ အညောင်းလေး ဘာလေးဖြေရင်း သတင်းစာလေးတစ်စောင် ကောက်ဖတ်လို့မှ မကြာသေးခင်…

"ဦး…ဦး ဆံပင်ညှပ်ချင်လို့"

အသံလာရာဘက်ကို ကျွန်တော် တစ်ချက်လှည့်ကြည့်လိုက်တယ်။ အသက် ရှစ်နှစ်အရွယ် ကလေးတစ်ယောက်။ သူ့မိဘတွေရဲ့ ညွန်ကြားချက်အရ ကစားရာကနေ ထလာခဲ့ရတဲ့ပုံ။ ခြေထောက်တွေ လက်တွေမှာလည်း ဖုန်တွေက အဖွေးသား။

"ဩော်..အေး ရတယ်လေကွာ လာ၊ မင်းတစ်ယောက်တည်းလား၊ လူကြီးတွေ မပါဘူးလား…"

"မပါဘူး…သားတစ်ယောက်တည်း၊ ဦး…ဆံပင်ညှပ်ခက ဘယ်လောက်လဲဟင်"

"လူကြီး တစ်ထောင်၊ ကလေးဆို ငါးရာပဲပေးပါကွာ…"

"သုံးရာမရဘူးလား သားတို့အမေက ပိုက်ဆံသုံးရာပဲ ပေးလိုက်လို့"

ရှစ်နှစ်၊ ကိုးနှစ်လောက်ပဲရှိတဲ့ ကလေးတစ်ယောက်က အရိုးသားဆုံး ဝင်ခံပြီး ဈေးစစ်နေမှတော့ ကျွန်တော်လည်း လျှော့ပြီးညှပ်ပေးရတော့တာပေ့ါ။

"အေးအေး…ရပါတယ်ကွာ သုံးရာပဲပါတာဆိုတော့လည်း သုံးရာနဲ့ပဲ ညှပ်ပေးရမှာပေ့ါကွာ၊ ကဲ..လာ ခုံပေါ်တက်"

ခြုံထည်ကိုပတ်ပြီး…

"ဘယ်လိုပုံညှပ်ပေးရမလဲ" လို့ ကျွန်တော်မေးလိုက်တယ်ဆိုရင်ပဲ..

"ဘေးနှစ်ဖက်ကို ခပ်ပြောင်ပြောင်လေးညှပ်ပြီး လိုင်းနှစ်ကြောင်းထိုးမယ်ဦး၊ ပြီးတော့ အလယ်ကဆံပင်ကို ဝမ်းဝေးပုံထောင်ပေးနော်..”

ဩော်.. ဒီခေတ်ကလေးတွေများ အတော်လေးသိနေကြပါလား၊ ပြောရဲဆိုရဲ လူတောတိုးရဲကြပါလားပေ့ါ။ ကျွန်တော်တို့ငယ်ငယ်ကဆို မိဘတွေမပါရင် ဆံပင်ညှပ်ဆိုင်ထဲကိုတောင် မဝင်ရဲကြဘူးမဟုတ်လား။ ဘာကေညှပ်ပေးရမလဲလို့မေးရင် ဘိုကေနဲ့ စလုံးအပြင် အခြားအခေါ်အဝေါ်တွေ မပြောတတ်။ ဒီနှစ်မျိုးလောက် ပြောတတ်ရင်ပဲ အတော်လေး ဟုတ်နေပြီ။

ကျွန်တော်တို့ငယ်ငယ်က ရွာမှာဆိုရင် ဆံပင်ညှပ်ဆိုင်ရယ်လို့ မရှိသေးဘူး။

ဒါပေမဲ့ ရွာအရှေ့ပိုင်းက ဦးကက်စိန်ဆိုရင် ဆံပင်ညှပ်တဲ့နေရာမှာတော့ ဆရာတစ်ပါးရယ်လို့ ရွာသားများက သတ်မှတ်လို့ထားကြတယ်မဟုတ်လား။ မကွေးမောင်မော် ကပ်ကြေးတစ်လက်နဲ့ သူ့မိန်းမခေါင်းမှာ အမြဲပတ်ထားတဲ့ ဘီးတစ်ချောင်းလောက်ရှိရင် သူ့အတွက် ဆံပင်ညှပ်ဖို့ ပစ္စည်းက အတော်လေးစုံသလောက်ရှိသွားပါပြီ။ ရွာမှာ အလှူတို့ မင်္ဂလာဆောင်တို့ရှိလို့ကတော့ ဦးကက်စိန်ဆီကို ကြက်ဥတစ်လုံးတန်သည်၊ ဆေးလိပ်သုံး၊ လေးလိပ်တန်သည် ဆံပင်ညှပ်ခအဖြစ် ယူသွားပြီး အားကိုးကြရရှာတယ်။

ကြက်ဥနဲ့ ဆေးလိပ် တစ်ခုခုတော့ ပါမှ ဦးကက်စိန်က ထတာရယ်။ မပါလို့ကတော့ မအားသေးဘူးဆိုပြီး မနက်ရွှေ့ ညရွှေ့နဲ့ သူကလည်း ပညာပြတတ်သေးပါတယ်။

ရွာသားအချို့ကလည်း ဒါလောက်လေးကိုတောင် ယူမသွားကြတဲ့သူတွေက ရှိသေးတယ်မဟုတ်လား။ ရွာကလူတွေက သုံး၊ လေးလလောက်နေမှ ခေါင်းတစ်ခါလောက်ညှပ်ကြတာကိုပဲကြည့်တော့။

ခေါင်းလာညှပ်သူတွေကို အိမ်ရှေ့တလင်းပြင်မှာ ငုတ်တုတ်ထိုင်ခိုင်းပြီး ရိုတ်စိမ်းစိမ်းလေးများ ပေါ်အောင် ဦးကက်စိန်ကညှပ်ပေးလေ့ရှိတယ်။ ပြီးမှ သူ့ရဲ့လက်စွဲတော် ထန်းလျီးဓားကြီးနဲ့ အနားပတ်ပတ်လည်ကို လှလှပပသပ်ပေးလိုက်တာပဲ။ ဓားတစ်ချက်မထိစေရဘူး။ သူအရပ်နဲ့ သူ့ဇာတ်ဆိုသလို ကျွန်တော်တို့မှာ အထင်ကြီး လေးစားခဲ့ရရှာတယ်။ ခုခေတ်လို တစ်ခါသုံး ဘလိတ်ဓားတွေ ဘာတွေ သုံးရကောင်းမှန်းလည်း မသိကြပါဘူး။

အဲဒီတုန်းက ခေါင်းလိမ်းဂျယ်ဆိုတာ ဝေလာဝေး၊ အုန်းဆီတောင်မှန်မှန်လိမ်းနိုင်ကြတာမဟုတ်ဘူးရယ်။

အခုကြည့်ပါဦးလား။ ကလေးလေးတွေကအစ ဆိုင်လာလိုက်ရင် ထောင်ချင်နေကြပြီ။ ဆံပင်ကေကို ဂျယ်တွေနဲ့ ထောင်တာပြောပါတယ်။ ဘယ်ကလေးကြည့်လိုက် ကြည့်လိုက် ထောင်ထောင်ထောင်ထောင်တွေချည်းပဲ။

"အေးအေး.. ဟုတ်ပြီ၊ လှလှလေးဖြစ်အောင် ဦး သေချာညှပ်ပေးမယ် ငြိမ်ငြိမ်လေးတော့နေနော်.. အိုကေ"

ကျွန်တော့်ဆိုင်ကို လာသမျှ ကြီးကြီး၊ ရွယ်ရွယ်၊ ငယ်ငယ် မှန်သမျှ စိတ်တိုင်းကျအောင် သေချာမေးမြန်းပြီးမှ ညှပ်ပေးတာမို့ အားလုံးလိုလိုက အဆင်ပြေကြတာများပါတယ်။

"ကဲ… ဘယ်လိုလဲ ဒီလောက်ဆို အဆင်ပြေလား ကြည့်ပါဦး"

သူစပြောကတည်းက ဘယ်လိုပုံစံ အနေအထားဆိုတာ ကျွန်တော်က သဘောပေါက်ပြီးသားပါ။ ဒါကြောင့်မို့ သူ့အကြိုက်လောက်ဖြစ်မယ့် အနေအထားကိုမှန်းပြီး မေးစမ်းလိုက်ခြင်းဖြစ်ပါတယ်။ ကောင်လေးက မှန်ထဲကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ သူ့မျက်နှာက ဝင်းခနဲ။

"ရပြီ ဦး ဒီလောက်ဆို သားကြိုက်တယ်"

"ခဏနေဦး"

ကျွန်တော် ဂျယ်ဘူးထဲက ဂျယ်အနည်းငယ်ကို ခေါင်းဘီးနဲ့တစ်ချက်ကော်ယူပြီး သေချာဖြီးလိမ်းပေးလိုက်သေးပါတယ်။

ကျွန်တော့်ဆိုင် လာညှပ်တဲ့ ကလေးအတော်များများကို ဂျယ်လိမ်းပြီး သေသေချာချာ ထောင်ပေးလိုက်လေ့ရှိတယ်။ သူတို့လေးတွေ ပြုံးပျော်သွားတာကိုကြည့်ပြီး ကျွန်တော်လည်း ပီတိဖြစ်ရတာပေ့ါ။

"ဦး ရော့ ဆံပင်ညှပ်ခ သုံးရာ"

နှစ်ရာတန်တစ်ရွက်နဲ့ တစ်ရာတန် တစ်ရွက်ကို သူ့အိတ်ကပ်ထဲကနေ ထုတ်ပေးပြီး ပြန်သွားတယ်။

ကျွန်တော်လည်း ကြမ်းပြင်မှာ ကျနေတဲ့ ဆံပင်အတိုအစတွေကို တံမြက်စည်းနဲ့ ဆက်ပြီးလှည်းနေလိုက်တယ်။

ဆိုင်အတွင်း သန့်ရှင်းရေးတွေလည်းလုပ်ပြီးပြီ။ ဖတ်လက်စ သတင်းစာလေး ကောက်ကိုင်မယ်ရှိသေး ခပ်လှမ်းလှမ်းက မြင်ကွင်းတစ်ခုကြောင့် ကျွန်တော့်မျက်လုံးတွေကို အံ့အားသင့်သွားစေခဲ့တယ်။

အခုလေးတင် ကျွန်တော် ဆံပင်ညှပ်ပေးလိုက်တဲ့ ကလေးက ရေခဲချောင်းသည်ဆီက ရေခဲချောင်းတွေ ဝယ်စားလိုက်လို့။

"ဟ…ဒီကောင်လေးပြောတော့ သူ့အမေက ဆံပင်ညှပ်ခ သုံးရာပဲပေးလိုက်တာလို့ ပြောပါတယ်၊ အခု ဘယ်လိုဖြစ်လို့ ရေခဲချောင်းတွေ ဝယ်စားနေပါလိမ့်" ပေ့ါ။

ရေခဲချောင်းကလေး စုပ်ရင်း တစ်လှမ်းချင်းလှမ်းပြီး လမ်းတစ်ဖက်ကို ဖြတ်ကူးသွားတော့မယ်။ ကျွန်တော့်စိတ်ထဲ ဘဝင်သိပ်ပြီးမကျချင်တော့ဘူး။ ဒီကလေး ကျွန်တော့်ကို လူလည်လုပ်သွားတာ သိလိုက်ရပြီ။

"ဖြောင်းဖြောင်း… ဟိတ်ကောင် လာဦး လာဦး ဒီကို"

လက်ခုပ်နှစ်ချက်တီးရင်း ပါးစပ်ကပါ လှမ်းအော်ပြီးခေါ်လိုက်တယ်။ အနားကို ရောက်လာတော့မှ ကျွန်တော်က မေးရသေးတယ်။

"မင်းပြောတော့..မင်းတို့အမေက ဆံပင်ညှပ်ဖို့ ပိုက်ဆံ သုံးရာပဲပေးလိုက်တာဆို၊ အခုတော့ မင်းက ဘယ်ကပိုက်ဆံနဲ့ ရေခဲချောင်းတွေဝယ်စားနေတာတုံး၊ ငါ့ကို မင်းက လူလည်လုပ်တာပေ့ါလေ ဟုတ်လား"

ကျွန်တော်လည်း စိတ်ထဲမှာ အောင့်သက်သက်နဲ့မို့ မေးလိုက်တော့တာပေ့ါ။ အဲဒီတော့ ကလေးက ပြုံးစိစိနဲ့ ပြန်လည်ဖြေရှင်းပါတယ်။

"အမေပေးလိုက်တဲ့ပိုက်ဆံ သုံးရာက သားဆံပင်ညှပ်ဖို့ ဟုတ်တယ်လေ၊ အခုဟာက သားမှာ နဂိုရှိတဲ့ပိုက်ဆံနဲ့ ဝယ်စားတာလေဗျာ ဟဲဟဲ"

"ဩော်..အဲသလိုလား၊ အေးအေး… အေးပါကွာ…ဟား…ဟား…ဟား…"

သူနဲ့ ကျွန်တော့်ကြား အစကတည်းက သုံးရာနဲ့ သဘောတူထားကြပြီးသားပဲ။ ကျွန်တော် ဘာမှမကျေနပ်စရာအကြောင်း မရှိပါဘူး။ ဒါပေမဲ့ အဲဒီတုန်းက သုံးရာတန်ခေါင်းရဲ့ လှည့်ကွက်လေးကိုတော့ သဘောကျမိနေတုန်းပဲ။

## ရိုးသားမှုသာ တန်ဖိုးပါ

✻ အလိမ်ညာ ဟန်ဆောင်ကင်း
ဖြူသန့်ရှင်း စိတ်မွေးပါ။
အဆင်ပြေ နေရာတိုင်းက
သမိုင်းလှမှာ။
ရိုးသားမှု တန်ဖိုးသာ
မြတ်နိုးကာ ကြိုးစား။
အတွေးမှန် အမှားမပြု
တွေးရှုစေသား။

✻ ပုံရိပ်ကို အလှဆုံးနဲ့
လမ်းဆုံးထိ လျှောက်ရမယ်။
ကိုယ့်ဂုဏ်ကို ကိုယ်သာထိန်း
အေးငြိမ်းဖို့ရွယ်။
နေ့သစ်တိုင်း မင်္ဂလာရယ်
ကျက်သရေကြွယ် လမ်းမှာ။
ရိုးဂုဏ်ကို သင်မပစ်နဲ့
ထုဆစ်စေသား။

✻ ရိုးသားလျှင် နေရာရ
တန်ဖိုးက တက်လာမည်။
ဖြတ်လမ်းကို သင်မလှမ်း
ကြိုးပမ်းသင့်သည်။
အောင်မြင်ခြင်း ပန်းတိုင်ဆီ
လှမ်းချီလို့ သင်သွား။
အစဉ်သာ ရိုးသားစိတ်ကို
ထိပ်တန်းမှာထား။ ။

ဖြိုးထက်(ရေစကြို)

## မျိုးဆက်သစ်ပျိုးခင်းကဏ္ဍအတွက် စာမူများ ပေးပို့နိုင်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်ပျိုးခင်းကဏ္ဍကို အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖော်ပြလျက်ရှိသည်။

မျိုးဆက်သစ်ပျိုးခင်းကဏ္ဍတွင် မျိုးဆက်သစ်လူငယ် မောင်မယ်များ အနေဖြင့် သုတ၊ ရသဆောင်းပါး၊ ကဗျာ၊ ဝတ္ထုတို၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် စာမူများ ရေးသားပေးပို့နိုင်သည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် စာရေးသူ၏ ဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ပျိုးခင်းသို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ရွေးချယ်ဖော်ပြခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို mirrormyosathit@gmail.com သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ်(၇၇)၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

စာတည်းအဖွဲ့

## “ပြည်ထောင်စု တပ်မတော်”

တို့မြန်မာပြည် တည်ထောင်ပြု
ပြည်ထောင်စု တို့တပ်မတော်
တိုင်းပြည်ကို အသက်ပေး
အေးချမ်းစေသော်...
ဖွံ့ဖြိုးဖို့ အနာဂတ်မျှော်
ဂုဏ်တင့်ကျော် စွမ်းဆောင်ပေး
လုံခြုံရေး တာဝန်မနေးတဲ့
သွေးရဲနီသေး... ။
တိုင်းပြည်ကို အန္တရာယ်ပြု
ရန်စွယ်အမှု ဖယ်ရှားဆောင်
မျိုးချစ်စိတ် တကယ်ပြ
သားလှ စစ်မောင်...
ပေးအပ်တဲ့ တာဝန်မရှောင်
အသက်ပေါင် ဘယ်မတွေး
နိုင်ငံကို ကာကွယ်ပြု
စံတုလို့ ရွေး... ။
တို့တစ်တွေ နိုင်ငံသား
သိမှတ်ထား ကျေးဇူးတွေ
အမိမြေ တကယ်ချစ်
စစ်သည်တော်ပေ...
အားကိုးလို့ ရပ်တည်နေ
သာပါစေ အောင်ပါကြောင်း
ရှေ့တန်းပြန် စစ်သည်မောင်တို့ကို
(အမျိုးတို့ရေ)
အောင်ပန်းနဲ့ ကြိုလောင်း ... ... ... ။

ကိုကိုဇင်(ပညာရေး)

ဆောင်းပါး

# ခွင့်လွှတ်ခြင်းဖြင့် အနိုင်ယူပါ

## မောင်ကြည်လင်(ရွှေကြိုးကြာ)

ခွင့်လွှတ်နားလည်ပေးနိုင်လျှင် ကျွန်တော်တို့ဘဝတစ်လျှောက်တွင် ပျော်ရွှင်မှုကို ရနိုင်ပါသည်။ ခွင့်လွှတ်နားလည်တတ်သူကို ပညာရှိသူတော်ကောင်းတို့ကချီးမွမ်းကြသည်။ နတ်ဖြဟ္မာတို့ ချစ်ခင်ကြပါသည်။ နှလုံးသားနူးညံ့သိမ်မွေ့၍ ကိုယ်ချင်းစာစိတ်ရှိသူများမှာ လူအများကို ခွင့်လွှတ်နားလည်တတ်ကြပေသည်။

ပတ်ဝန်းကျင်တွင် ခွင့်လွှတ်နားလည်တတ်သူများနှင့်တွေ့ဆုံရသောအခါ လူအများက လေးစားကြည်ညိုတတ်ကြပါသည်။ ခွင့်လွှတ်နားလည်တတ်ခြင်းမှာ အပြောလွယ်သော်လည်း လက်တွေ့ကျင့်သုံးရန် အလွန်ခက်ခဲပါသည်။ ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် တစ်ဦးနှင့်တစ်ဦး စကားများကြရာတွင်“မင်းကိုငါ ခွင့်မလွှတ်ဘူး၊ ငါ့အကြောင်း သိစေရမယ်...” စသည်ဖြင့် ကြိမ်းဝါးပြောဆို တတ်ကြပါသည်။ ဤသည်မှာ ခွင့်လွှတ်ခြင်းတရား နည်းပါးခြင်းကြောင့်ဟု ဆိုကြရပေလိမ့်မည်။

ခွင့်လွှတ်ခြင်းမှာ လောကရှုထောင့်မှကြည့်လျှင် ရှုံးသည်ဟု ထင်ရသော်လည်း ဓမ္မရှုထောင့်မှကြည့်သောအခါ အနိုင်ရရှိခြင်းပင်ဖြစ်ပါသည်။ တစ်ပါးသူကို ခွင့်လွှတ်လိုက်ခြင်းကြောင့် မိမိစိတ်တွင် ငြိမ်းချမ်း၏။ ကြည်နူးမှုကိုရ၏။ ပျော်ရွှင်မှုကိုခံစားရ၏။ မိမိကြောင့် သူတစ်ပါးလည်း သောကကင်း၏။ မိတ်ဆွေကောင်းတိုးလာ၏။ လူအများယုံကြည်ချစ်ခင်မှုကို ရရှိ၏။

ကျွန်တော်တို့သည် ခွင့်လွှတ်တတ်သောစိတ်ကို အသက်ကြီးမှ ပညာရပ်တစ်ခုအနေဖြင့် သင်ယူ၍မရနိုင်ပါ။ ငယ်စဉ်ကပင် လေ့ကျင့်ပျိုးထောင်ကြရန် လိုအပ်ပါသည်။ ခွင့်လွှတ်နိုင်သောစိတ်မှာ ကြီးကျယ်မြင့်မြတ်သော အလုပ်တစ်ခုပင်ဖြစ်ပါသည်။ ထို့အပြင် ခွင့်လွှတ်ခြင်းဟူသည်မှာ စိတ်ကိုကြံ့ကြံ့ခံခြင်းပင်ဖြစ်ပါသည်။

ခွင့်လွှတ်သည်းခံခဲ့ခြင်းကြောင့် ကောင်းကျိုးရခဲ့သော သာဓကများစွာရှိပါသည်။ အင်းဝခေတ် မင်းကြီးစွာစော်ကဲလက်ထက်တွင် စာသင်သားညီမှာ စာပေဗဟုသုတများကို လေ့လာနေခဲ့ပါသည်။ ထို့ကြောင့် ယောက္ခမဖြစ်သူ ဝန်ဇင်းရွာသူကြီးက အမျိုးမျိုးအပြစ်တင်၏။ အကြိမ်ကြိမ်ရှုတ်ချခဲ့၏။ သို့သော် ညီမှာ သည်းခံလျက်ခွင့်လွှတ်ခဲ့ကာ ပညာကိုသာ ရှာမှီးသောကြောင့် မင်းကြီး၏ ချီးမြှင့်ခြင်းကို ခံခဲ့ရသည်။ ဝန်ဇင်းမင်းရာဇာဟု အမည်တွင်ခဲ့သည်။ ဤသည်မှာ ပညာရှာရာတွင် ခွင့်လွှတ်သည်းခံခဲ့ခြင်းကြောင့်ပင်ဖြစ်ပါသည်။

ကျွန်တော်တို့သည် တစ်ယောက်တည်း ရပ်တည်၍မရနိုင်ပါ။ ပတ်ဝန်းကျင်နှင့် ဆက်ဆံကြရသည်။ ထို့ကြောင့် ပတ်ဝန်းကျင်နှင့် အဆင်ပြေစေရန် ခွင့်လွှတ်နိုင်သောစိတ်မွေးရန် အထူးလိုအပ်ပါသည်။ ခွင့်လွှတ်စိတ်ရှိသောသူ၏ မျက်နှာတွင် နူးညံ့သိမ်မွေ့ပါသည်။ သန့်ရှင်းပြုံးရွှင်နေတတ်ကြသည်။ ရန်ရန်ခြင်း မတုံ့ပြန်သဖြင့် အမုန်းပွားသူမရှိကြပေ။

ကျွန်တော်ဖတ်ဖူးသော ဇာတ်ကြောင်းတစ်ပုဒ်ကို တင်ပြလိုပါသည်။ တစ်ခါက သူဌေးတစ်ယောက်တွင် အလွန်သန်မာပြီး လှပသော မြင်းတစ်ကောင်ရှိလေသည်။ ထိုကဲ့သို့သော မြင်းကောင်း သူတို့ရွာတွင်မရှိပေ။ ထို့ကြောင့် အခြားချမ်းသာသော သူဌေးတစ်ယောက်က“ဒီမြင်းကိုရောင်းပါ၊ ခင်ဗျားတောင်းတဲ့ဈေးပေးပါ့မယ်”ဟု ပြောလေသည်။ ထိုအခါ မြင်းပိုင်ရှင်က “မရောင်းပါဘူး၊ ကျွန်တော် သားတစ်ယောက်လို ချစ်နေလို့ပါ”ဟု ပြန်ဖြေလေသည်။

ထိုအခါ လာဝယ်သော သူဌေးက စိတ်ဆိုးဒေါသထွက်၍“ကြည့်ထားပါ၊ ခင်ဗျားမရောင်းချင်တဲ့မြင်း တစ်နေ့ကျရင် ကျွန်တော့်လက်ထဲ ရောက်လာစေရမယ်”ဟု ကြိမ်းမောင်းကာ ပြန်သွားလေသည်။

လအတန်ကြာသောအခါ မြင်းပိုင်ရှင်သည် တစ်နယ်တစ်ကျေးသို့ မြင်းစီး၍ ခရီးထွက်လေ၏။ တစ်နေရာသို့ ရောက်သောအခါ ရောဂါဖြစ်ပြီး မြေပေါ်လဲကျနေသော သူတောင်းစားတစ်ယောက်ကိုတွေ့၍ သနားသဖြင့် “မိတ်ဆွေ ဘာအကူအညီ ပေးရမလဲ” ဟု လှမ်းမေးလေသည်။ ထိုအခါ သူတောင်းစားက “အစာရေစာ ပြတ်ပြီးလဲကျနေတာပါ”ဟု ပြန်ဖြေလေသည်။ “အဲဒါဆိုရင် ဟောဒီမှာ ရေဘူးနဲ့ထမင်းစားလိုက်ပါ”ဟု မြင်းပိုင်ရှင်က ပြောသောအခါ “ရောဂါပါဖြစ်နေတာပါ”ဟု သူတောင်းစားက ပြန်ဖြေ၏။ ထိုအခါ မြင်းပိုင်ရှင်က ဆေးကုပေးရန် မြင်းပေါ်သို့ တက်ခိုင်းလေသည်။

သူတောင်းစားမှာ ရောဂါဖြစ်ပြီး အားပြတ်နေသောကြောင့် မြင်းပေါ်မတက်နိုင်ကြောင်း ပြန်ဖြေလေသည်။ မြင်းပိုင်ရှင်သည် မြင်းပေါ်မှဆင်းကာ သူတောင်းစားကို မြင်းပေါ်သို့ မတင်လေ၏။ သူတောင်းစားသည် မြင်းပေါ်သို့ရောက်သောအခါ မြင်းကို မောင်းပြေးလေသည်။ မြင်းပိုင်ရှင်လည်း နောက်မှပြေးလိုက်ကာ အံ့သြနေလေ၏။ ထိုအခါ သူတောင်းစားက “အခု မင်းဘာတတ်နိုင်သေးလဲ၊ ငါဝယ်တုန်းက ဒီမြင်းကို မရောင်းနိုင်ဘူး၊ ခုတော့ သူတောင်းစားယောင်ဆောင်ပြီး ဒီမြင်းကို အလကားရပြီ”ဟု ပြောလေသည်။

မြင်းပိုင်ရှင်က“မြင်းကိုတော့ယူသွားပါ၊ ဒါပေမဲ့ လိမ်လည်လှည့်ဖြားပြီး မြင်းကိုယူခဲ့တာကို ဘယ်သူမှ လျှောက်မပြောပါနဲ့ ”ဟု ပြန်ပြောလေ၏။

ထိုအခါ သူတောင်းစားက “ဘာလဲ မင်းအခု ရှက်နေလို့လား”ဟု မေးလိုက်သောအခါ မြင်းပိုင်ရှင်က “မဟုတ်ပါဘူး၊ နဂိုကတည်းကမှ ကရုဏာတရား၊ အကြင်နာတရားနဲ့ ခွင့်လွှတ်နားလည်နိုင်မှု တရားတွေ ပပျောက်သွားရင် ကမ္ဘာကြီးပျက်စီးသွားမှာ စိုးလို့ပါ”ဟု ပြန်ဖြေလိုက်လေသည်။ ထိုဇာတ်ကြောင်းလေးတွင် မြင်းပိုင်ရှင်၏ ခွင့်လွှတ်သည်းခံတတ်သောစိတ်မှာ လေးစားဖွယ်ရာဖြစ်သည်။ ထိုဖြစ်ရပ်မျိုး ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် များစွာတွေ့နိုင်ပါသည်။ ထို့ကြောင့် ကမ္ဘာကြီး မပျက်စီးစေရန် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မာစိုရ်တရားများကို ထိန်းသိမ်းကြပေမည်။

ကျွန်တော်တို့သည် မိမိအကျိုးဖြစ်ထွန်းရန်အတွက် လောဘ၊ ဒေါသ၊ မောဟ၊ အတ္တစိတ်များကို နည်းနိုင်သမျှနည်းအောင် နေနိုင်ရပေမည်။ လောဘကြီးသူကြောင့် မိမိဂုဏ်သိက္ခာပျက်ယွင်း၍ ဘဝအခြေပျက်တတ်၏။ ဒေါသစိတ်ပြင်းထန်လျှင် စိတ်ကိုသတိနှင့် မထိန်းချုပ်နိုင်ဘဲ ပြစ်မှုများ ကျူးလွန်တတ်ကြ၏။ မောဟစိတ်ကြောင့် အမှားအမှန် မခွဲခြားနိုင်ဘဲ လမ်းမှားသို့ ရောက်တတ်၏။ ထို့ကြောင့် ကြုံတွေ့ရသော လောကဓံအဆိုးအကောင်းများကို ခွင့်လွှတ်ခြင်းဖြင့် တွန်းလှန်၍ အနိုင်ယူကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။ ။

## မြန်မာ့ရိုးရာ သင်္ကြန်ပွဲ

(လေးဆစ်တွဲ)

❖ ပိတောက်တွေ ရွှေရည်လူး
ထူးမြတ်တဲ့ အချိန်ခါ၊
အေးချမ်းစေ မေတ္တာပေါင်း
ရေသွန်းလောင်းကာ၊
မလှုပ်ထဲ စတုဒိသာ
ကျွေးမွေးရာ ပျော်မဆုံး၊
ဘိုးဘွားအမွေ လက်ဆင့်ကမ်း
အေးချမ်းကျင့်ထုံး။
❖ မိဘဆရာ အဘိုးအဘွား
တန်ဖိုးထား ကန်တော့ညီ၊
ကုသိုလ်တော် ဘေးမဲ့လွှတ်ပွဲ
ဆင်နွှဲဝေစီ၊
ဒုလ္လဘ ဝတ်ကြသည်
မြန်မာပြည် အလှတစ်ပါး၊
ဥပုသ်ယူ သီလထပ်
ကောင်းမြတ်တရား။
❖ ကောင်းခြင်းစုံ အလှထူး
လတန်ခူး အချိန်ခါ၊
လောကီရယ် မြတ်လောကုတ်
ကြိုးကုတ်သာယာ၊
ငြိမ်းချမ်းလှ ပြည်မြန်မာ
တို့ရိုးရာ သင်္ကြန်ပွဲ၊
ပြည်တစ်ခွင် မြတ်ဓလေ့
ပျော်မွေ့ဆင်နွှဲ။

ခေတ်သစ်(ကြွေပုဂံ)

## အများအကျိုး သယ်ပိုးပါ

ချစ်ခွန်းခြွေ အပြုံးပန်းနဲ့
အမုန်းမလွှမ်း မင်းသူငါ။
မေတ္တာကို ရင်ဝယ်ပိုက်
အားစိုက်ဆောင်ကာ။
အများအကျိုး သယ်ပိုးပါ
မြတ်နိုးစွာ လုပ်ကိုင်လျက်။
အတ္တမာန် မထောင်လွှား
ရှောင်ရှားပယ်ဖျက်။
ကိုယ့်တာဝန် မပျက်ကွက်
ထမ်းဆောင်ရှက် အစဉ်ပေ။
စေတနာ စိတ်ကောင်းမွေး
နွေးထွေးစွာနေ။
ဖြူစင်နှလုံး ကျင့်သုံးစေ
အမြင့်ဆုံးအခြေ စံလူသား။
ကောင်းမြတ်ဖွယ် စာရိတ္တနဲ့
တက်ကြွလှုပ်ရှား။
လောကမှာ အမှန်အမှား
ဉာဏ်ကစား တွေးဆကြံ။
ရိုးဖြောင့်စွာ စိတ်ကိုမြင့်
ဂုဏ်တင့်ကေန်။
ကိုယ့်တန်ဖိုး မြင့်မားရန်
အားမာန်တွေ မွေးမြူရင်း။
လှပြည်ရွာ အလှတရားကို
ထွန်းကားစေမင်း။ ။

ရဲသွေးနီ(တက်ဝန်)

# ၂၀၂၃ ခုနှစ် မတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

နေပြည်တော် မတ် ၂၅

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၄၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာ စာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ် ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းအရာများနှင့် ယခုလအတွက် ရေးသားသည့် “မျိုးဆက်သစ်လူငယ်များ တိုးတက်ရေး မူးယစ်ဆေးမှန်သမျှ တိုက်ထုတ်ပေး” မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (မတ်လ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၂၀၂၃ ခုနှစ် မတ်လထုတ် သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ခင်မောင်အေး၊ တာရာဝင့်ထွန်းတို့၏ “မျိုးဆက်သစ်လူငယ်များ တိုးတက်ရေး မူးယစ်ဆေး မှန်သမျှ တိုက်ထုတ်ပေး” မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ(ပညာရေး)၊ ညီညီဖေ၊ နေသူရိန်၊ ကိုဇော်ဌေး(ယဉ်ကျေးမှု)၊ ကိုဝင်းမော်ထွန်း၊ တွဲဖက်ပါမောက္ခဦးလွင်မြင့်၊ ကိုကျော်စွာ(ကျိုက်ပိ)၊ ညီမော်သိမ်းတို့၏ လူငယ်ရေးရာဆောင်းပါးများ၊ ကိုရင်ကျော်၏ အတွေးအခေါ်နှင့် တက်ကျမ်း ဆိုင်ရာဆောင်းပါး၊ K.M.A၊ ဦးဟန်ညွန့် (ဥပဒေ)တို့၏ နိုင်ငံတကာနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆိုင်ရာ ဆောင်းပါးများ၊ ဆန်းသစ်အောင်(မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား)၊ ပါမောက္ခကိုကိုအောင်တို့၏ ဒီမိုကရေစီနှင့် သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ နေ၊ စံမြတ်ဘုန်း(စစ်ကိုင်း)တို့၏ လူကုန်ကူးမှုနှင့် မသန်စွမ်းသူများဆိုင်ရာ ဆောင်းပါးများ၊ မြတ်နိုးဦး (စာပေဗိမာန်)၊ ဒေါက်တာ မြင့်သန်း၊ ဒေါက်တာ မြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၊ ဒေါက်တာ လွင်သန့်တို့၏ မူးယစ်နှင့် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၏ စီးပွားရေးဆိုင်ရာဆောင်းပါး၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ ခိုင်ဇော်(ဒဿန)၊ ရဲထက်ဇော်၊ ဆောင်းဝင်းလတ်၊ ကိုကိုအောင် (အလုပ်သမား)၊ မော်(သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

အဆိုပါ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅)၊ သပြေကုန်းဈေး၊ နေပြည်တော်၊ ဖုန်း ၀၆၇- ၃၄၁၄၆၈၁၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂- ၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများ၊ မန္တလေးမြို့ရှိ ထွန်းဦးစာပေ၊ နဂါးစာပေနှင့် မြို့အသီးသီးရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံ ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ဘားအံမြို့၌ ပိုးသတ်ဆေးဖျန်းခြင်း ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

ဘားအံ မတ် ၂၅

မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်း ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် မတ် ၂၀ ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်လျက်ရှိရာ မတ် ၂၄ ရက် နံနက်ပိုင်းက ကရင်ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးဆောင်၍ ဘားအံမွေးမြူရေးဇုန်အတွင်းရှိ နွားခြံ၊ ဆိတ်ခြံနှင့် ကြက်ခြံများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

**○ ယူရို ၂၀၂၄ မှ**

အသင်း ခေါင်းဆောင်တစ်ဦးအနေနဲ့ ပထမဆုံးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ပြင်သစ်အသင်းဟာ နယ်သာလန်အသင်းကို အိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားခဲ့ရတာကြောင့်လည်း အလွယ်တကူအနိုင်ရလဒ်ကို ဆောင်ကြဉ်းနိုင်ခဲ့တာဖြစ်ပြီး တိုက်စစ်မှူး အမ်ဘတ်ပီဟာ ပြင်သစ်နိုင်ငံ လက်ရွေးစင်အသင်းနဲ့အတူ သွင်းဂိုး ၃၇ ဂိုးရှိသွားခဲ့ပြီဖြစ်ပါတယ်။

မတ် ၂၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အခြားသော ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွေမှာတော့ ဘယ်လ်ဂျီယံအသင်းက ဆွီဒင်အသင်းကို သုံးဂိုး-ဂိုးမရှိ၊ မွန်တီနီဂရိုးအသင်းက ဘူလ်ဂေးရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ဂရိအသင်းက ဂျီဘရော်တာအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ချက်အသင်းက ပိုလန်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ဩစတြီးယားအသင်းက အဇာဘိုင်ဂျန်အသင်းကို လေးဂိုး-တစ်ဂိုး၊ ဆားဘီးယားအသင်းက လစ်သူရေးနီးယားအသင်းကို နှစ်ဂိုး-ဂိုးမရှိ စသဖြင့် နိုင်ပွဲရရှိခဲ့ပြီး မော်ဒိုဗာအသင်းနဲ့ ဖာရိုးကျွန်းစုအသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့တာ ဖြစ်ပါတယ်။ **ငွေကြယ်**

**❖ ကျောဖုံးမှ**

မြန်မာအသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲများပြုလုပ်ခဲ့ပြီး ကျော်ဇင်ဖြိုး (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ ဟိန်းဇေယျာလင်း၊ သီဟထက်အောင်၊ သက်ဟိန်းစိုး၊ ကျော်မင်းဦး၊ ဝေလင်းအောင်၊ မောင်မောင်လွင်၊ လွင်မိုးအောင်၊ အောင်သူ၊ သန်းပိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအသင်းသည် အိမ်ရှင်အိန္ဒိယအသင်းနှင့် ကစားခဲ့သည့် ပထမပွဲထက် ပိုကောင်းအောင် ကစားနိုင်ခဲ့သလို တိုက်စစ်တွဲလုံးများကလည်း ထိရောက်ခဲ့သည်။ ကာဂျစ္စတန်အသင်းကစားပုံမှာ ပြီးခဲ့သည့်နှစ်ခြေစွမ်းကိုမမီဘဲ မြန်မာအသင်းကို ဖိအားပေးနိုင်ခြင်းမရှိခဲ့ပေ။ မြန်မာအသင်းအနေဖြင့် ဂိုးပေါက်ခြိမ်းခြောက်မှုများ ပြုလုပ်နိုင်ခဲ့ပြီး ၃၉ မိနစ်တွင် တိုက်စစ်မှူး သန်းပိုင်ကြောင့် ပင်နယ်တီကန်ခွင့်ရခဲ့သည်။ ယင်းပင်နယ်တီကို ကွင်းလယ်ကစားသမား ကျော်မင်းဦး ကန်သွင်းရာ ဘားထိထွက်ခဲ့သဖြင့် မြန်မာအသင်း ဦးဆောင်ဂိုးရမည့်အခွင့်အရေး လက်လွှတ်ခဲ့ရသည်။

ဒုတိယပိုင်းတွင် ကာဂျစ္စတန်အသင်းက ဂိုးရရန် တိုက်စစ်အားမြှင့်လာပြီး မြန်မာဂိုးပေါက်ကို ဖိအားပေးလာနိုင်ခဲ့သည်။ မြန်မာအသင်းမှာလည်း ဂိုးရရှိရန် တိုက်စစ်အသားပေးကစားခဲ့ရာ ၅၅ မိနစ်တွင် မောင်မောင်လွင်၊ ဟိန်းဖြိုးဝင်းတွဲလုံးမှ အောင်သူ အနီးကပ်ပိတ်သွင်းခွင့်ရသော်လည်း လွဲချော်ခဲ့သဖြင့် နစ်နာခဲ့ရသည်။ ၈၂ မိနစ်တွင် မြန်မာအသင်း ဂိုးစတင်ရရှိခဲ့ပြီး အသင်းခေါင်းဆောင် မောင်မောင်လွင် ပေးပို့သည့်ဘောလုံးကို အောင်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယင်းနောက်ပိုင်းတွင် အနိုင်ရလဒ်ကိုထိန်းကစားနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ၉၀+၆ မိနစ်တွင် အူလူက ကာဂျစ္စတန်အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။

Hero Tri Nation International Football Tournament နောက်ဆုံးပွဲအဖြစ် မတ် ၂၈ ရက်တွင် အိမ်ရှင်အိန္ဒိယအသင်းနှင့် ကာဂျစ္စတန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းသည် ပွဲကုန်နှစ်ပွဲစလုံး ကစားထားပြီး တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် ရမှတ်တစ်မှတ်ရရှိခဲ့သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MFF**

## အနုပညာ

### တစ်ကိုယ်တော်တေးအယ်လ်ဘမ်သစ်နဲ့ အောင်မြင်မှုတွေ ထပ်ဆောင်းရရှိနေတဲ့ ဂျီမင်း

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဂျီမင်းဟာ လတ်တလောမှာ သူ့ရဲ့ ပထမဆုံးသော တစ်ကိုယ်တော် တေးအယ်လ်ဘမ်ကို စတင်ထုတ်လွှင့်ခဲ့ပါတယ်။ အဆိုပါ တေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတွေဟာ ကမ္ဘာတစ်ဝန်းက တေးဂီတဇယားတွေကို ဦးဆောင်ထားနိုင်တာကြောင့် ဂျီမင်းအတွက် အောင်မြင်မှုတွေ ဆက်တိုက်ဆိုသလို ရရှိနေတာဖြစ်ပါတယ်။

မတ် ၂၄ ရက်မှာ ဂျီမင်းရဲ့ ပွဲဦးထွက်တစ်ကိုယ်တော်တေးအယ်လ်ဘမ် Face ကို စတင်ထုတ်လွှင့်ခဲ့ပါတယ်။ တေးအယ်လ်ဘမ်ထုတ်လွှင့်မှုနဲ့ အတူ အဆိုပါ တေးအယ်လ်ဘမ်မှာပါဝင်တဲ့ ခေါင်းစီးတေးဖြစ်တဲ့ like Crazy ရဲ့ ဗီဒီယိုကိုလည်း ထုတ်လွှင့်ခဲ့ပါတယ်။ မတ် ၂၅ ရက်မှာ Like Crazy ဟာ ကမ္ဘာတစ်ဝန်းမှာရှိတဲ့ နိုင်ငံနဲ့ ဒေသ ၁၁၁ ခုရဲ့ အိုင်ကျွန်းတေးဂီတဇယားတွေမှာ ထိပ်ဆုံးမှာ နေရာယူနိုင်ခဲ့ပါတယ်။ အလားတူ သူ့ရဲ့ တေးအယ်လ်ဘမ် Face ဟာလည်း စပိန်၊ မက္ကဆီကို၊ ဂရိစတဲ့ နိုင်ငံတွေ အပါအဝင် နိုင်ငံနဲ့ ဒေသ ၆၃ ခုမှာရှိတဲ့ အိုင်ကျွန်းတေးဂီတဇယားရဲ့ ထိပ်တန်းတေးအယ်လ်ဘမ်စာရင်းမှာ နံပါတစ်နေရာကို ရယူထားကြောင်း သိရပါတယ်။

ဒေသတွင်း တေးဂီတဇယားတစ်ခုဖြစ်တဲ့ Hanteo ရဲ့ ထုတ်ပြန်ချက်အရ ဂျီမင်းဟာ အဆိုပါ တေးဂီတဇယားအတွက် တေးအယ်လ်ဘမ် ထုတ်လွှင့်ပြီးနောက် ပထမရက်အတွင်း အချပ်ရေတစ်သန်းကျော် ရောင်းချခဲ့ရတဲ့ ပထမဆုံးသော တစ်ကိုယ်တော်တေးသံရှင်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

### ကောလာဟလတွေနဲ့ပတ်သက်ပြီး ဟွန်ဘင်းနဲ့ ဆန်းရယ်ဂျင်တို့ရဲ့ အေဂျင်စီတွေ သတိပေး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အနုပညာကြယ်ပွင့်စုံတွဲ တစ်တွဲဖြစ်တဲ့ မင်းသား ဟွန်ဘင်းနဲ့ မင်းသမီး ဆန်းရယ်ဂျင်တို့ရဲ့ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး လတ်တလောမှာ ကောလာဟလတွေ ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒီသတင်းတွေနဲ့ပတ်သက်ပြီး သူတို့ရဲ့ အေဂျင်စီတွေဘက်က အရေးယူမှုတွေပြုလုပ်မှာဖြစ်ကြောင်း သတိပေးထားတယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၂၀ ရက်မှာ လတ်တလောထွက်ပေါ်လာတဲ့ သတင်းတွေနဲ့ ပတ်သက်ပြီး ဟွန်ဘင်းရဲ့အေဂျင်စီဖြစ်တဲ့ ဗက်စ်အင်တာတိန်းမန့်က ထုတ်ဖော်ပြောကြားခဲ့တာပါ။ အေဂျင်စီရဲ့ပြောကြားချက်အရ ဟွန်ဘင်းနဲ့ ဆန်းရယ်ဂျင်တို့နဲ့ပတ်သက်ပြီး လတ်တလောထွက်ပေါ်လာတဲ့ သတင်းတွေဟာ အမှားဖြစ်ကြောင်း၊ အဆိုပါ သတင်းတွေဟာ အခြေအမြစ်မရှိကြောင်းနဲ့ မဟုတ်မမှန်သတင်းလွှင့်သူကိုလည်း ထိထိရောက်ရောက်အရေးယူဖို့ရာ စီစဉ်ထားတယ်လို့ သိရပါတယ်။

မတ် ၁၅ ရက်မှာ ယူကျု့ဘာတစ်ဦးက ဟွန်ဘင်းနဲ့ ဆန်းရယ်ဂျင်တို့ရဲ့ အိမ်ထောင်ရေးနဲ့ပတ်သက်တဲ့ သတင်းတစ်ပုဒ်ကို ဗီဒီယိုလွှင့်တင်ခဲ့ပါတယ်။ သူ့ရဲ့အဆိုအရ ကြယ်ပွင့်စုံတွဲဟာ လက်ရှိမှာ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲဖို့ရာ သဘောတူညီချက်ရထားပြီးဖြစ်တယ်လို့ သိရပါတယ်။ ဒီလို ဖြစ်ရတဲ့အကြောင်းကလည်း ဟွန်ဘင်းအနေနဲ့ နိုင်ငံခြားခရီးစဉ်အတွင်း လောင်းကစားပြုလုပ်ခဲ့ပြီး အဲဒီက ငွေကြေးဆုံးရှုံးမှုတွေဟာ ဆန်းရယ်ဂျင်အတွက်လည်း ထိခိုက်မှုရှိခဲ့တာကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။



ဟွန်ဘင်းနဲ့ ဆန်းရယ်ဂျင်တို့ဟာ တောင်ကိုရီးယားရဲ့အောင်မြင်ခဲ့တဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ Crash Landing on You ဇာတ်လမ်းတွဲမှာ တွဲဖက်သရုပ်ဆောင်ခဲ့ကြသူတွေပါ။ သူတို့နှစ်ဦးဟာ ၂၀၂၂ ခုနှစ် မတ်လအတွင်း လက်ထပ်ခဲ့ကြပြီး အဲဒီနှစ် ဒီဇင်ဘာလမှာ ဆန်းရယ်ဂျင်က သူတို့နှစ်ဦးရဲ့ ပထမဆုံးသော ရင်သွေးလေးကို မွေးဖွားခဲ့တာလည်း ဖြစ်ပါတယ်။

**အေးပြည့် - စုစည်းသည်**

## အများသိစေရန် အသိပေးကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ်- ၆၂၃/က၊ အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)ရှိ နှစ် (၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(၆၂၃/က)၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်စန္ဒာဝင်း [၁၂/ကတတ(နိုင်)၀၁၆၁၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊**
**(၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၆၀၆၀၇**

## “ကုန်အမှတ်တံဆိပ် အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁-ရပ်ကွက်၊ ဝါးတန်းလမ်း၊ ၄-လွှာ၊ အမှတ် (၉၇/အေ)နေ ဒေါ်သိမ့်အိခိုင် [၁၂/လမတ(နိုင်)၀၃၄၃၈၈] သည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၎င်း၏မူပိုင်အဖြစ် သုံးစွဲရန် မှတ်ပုံတင်စာချုပ်အမှတ်-၃၈/၂၀၂၃ ဖြင့် (၆-၁-၂၀၂၃)ရက်နေ့တွင် တရားဝင်မှတ်ပုံတင်ထားပြီးဖြစ်သည့် အောက်ပါကုန်အမှတ်တံဆိပ်၏ မူပိုင်ဖြစ်ပါသည်-

အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား **“Special Boss”** ဟူသော အမည်အမှတ်အသားဖြင့် “အမျိုးသားဝတ်အင်္ကျီအမျိုးမျိုး၊ အမျိုးသမီးဝတ်အင်္ကျီအမျိုးမျိုး၊ ကလေးဝတ်အင်္ကျီအမျိုးမျိုးနှင့် အဝတ်အထည်အမျိုးမျိုး” တို့ကို ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ရှိသည်မှာ ကောင်းသတင်းဖြင့် ကျော်ကြားလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသား၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ ဆင်တူယိုးမှား အတုအပပြုလုပ်၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှားတုပပြုလုပ်၍သော်လည်းကောင်း၊ အတုအပပြုလုပ်၍ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း မပြုလုပ်ကြပါရန်နှင့် အကယ်၍ပြုလုပ်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဒေါ်သိမ့်အိခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)**
**အမှတ် (၁၅)၊ ရတနာလမ်း၊ ဗျိုင်းရေအိုးစင်ရွာမရပ်ကွက်၊**
**တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၂၂၉၆**

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၇)ရပ်ကွက်၊ ရေကျော်လမ်း၊ အမှတ်(၅၀)၊ မြေညီထပ်(မျက်နှာမူလျှင်ယာဘက်)ဟုခေါ်တွင်သည့် အကျယ်အဝန်း (၁၉x၆၅) ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မြေပိုင်ရှင်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းမောင်[၁၂/သကတ(နိုင်)၁၁၆၃၃၇] က တရားဝင်ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်း စုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအေးမော် (B.Sc,H.G.P,D.B.L,D.A.Psy)**
**အထက်တန်းရှေ့နေ(စဉ်-၁၈၆၀၉)**
**အမှတ်(၂၆၀)၊ ပထပ်(ဝဲ)၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

## “ကန့်ကွက်နိုင်ပါသည်”

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၅၈)ရပ်ကွက်၊ ဦးဘသက်လမ်း၊ အမှတ်(၆၂၀) နှင့် (၆၂၁)ဟု မှတ်သားတည်ရှိသော အကျယ်အဝန်း(၄၀ ပေ x ၆၀ ပေ)ရှိသည့် ဒေါ်ချိုချိုတင့် [၁၂/ကခက(နိုင်)၀၅၀၉၀၈] အမည်ပေါက် နှစ်(၆၀) ဂရန်မြေကွက်နှစ်ကွက်အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ပြောဆိုဝန်ခံသူ ဒေါ်အေးအေးတင့် [၁၂/ကခက(နိုင်)၀၅၃၄၈၅]ထံမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်** စရန်ငွေပေးချေထားပြီးဖြစ်ရာ ထိုအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသည့် မည်သူမဆို ခိုင်လုံသောစာမှတ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးသူရိန်ကျော် (ဥပဒေတွဲ့)**
**အထက်တန်းရှေ့နေ (စဉ်-၅၂၃၄၅)**
**အမှတ်(၆၈၂)၊ ရွှေဝါထွန်းလမ်း၊ ၆၈-ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၇၉၀၀၆၁၆၊ ၀၉-၄၅၇၃၉၈၂၇**

## အများသိစေရန်

**Amenity First Co., Ltd** သည့်၂၀-၃-၂၀၂၃ ရက်အစည်းအဝေးဆုံးဖြတ်ချက်အရ မန်နေဂျင်းဒါရိုက်တာအဖြစ် ဦးဗညား၏နေရာတွင် ဦးဇေယျာထွန်းလင်း [၁၂/မဂတ(နိုင်)၀၉၁၅၂၄] အား ဦးဆောင်လုပ်ကိုင်ရန် ဆုံးဖြတ်ခဲ့ကြပါသည်။ သို့ဖြစ်ပါ၍ ခရီးသွားလိုင်စင်နှင့် အခြားလုပ်ငန်းလိုင်စင်များကို ဦးဇေယျာထွန်းလင်း အမည်ဖြင့်သာ လျှောက်ထားစီမံဆောင်ရွက်ပါမည်ဖြစ်သောကြောင့် မည်သူမဆို ကန့်ကွက်လိုပါက (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းသိစေအပ်ပါသည်။

**ဦးဇေယျာထွန်းလင်း [၁၂/မဂတ(နိုင်)၀၉၁၅၂၄]**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှပဒါးကျေးရွာအုပ်စု၊ ကွင်းအမှတ်(၆၀၉-အေ)၊ ဘုံလုံဆိပ်ကွင်း၊ ဦးပိုင်အမှတ်(၇/၁၄)၊ (၇/၁၅)၊ မြေအမျိုးအစား-ကွက်သစ်ရွာမြေ (ယခင် ဥယျာဉ်ခြံမြေအမျိုးအစား)၊ ဧရိယာ (၀.၁)ဧက၊ အကျယ်အဝန်း(အလျား ၈၀ပေ x အနံ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်နော်သဆီး [၁၂/သလန(နိုင်)၀၀၇၆၀၁] မှ အပြီးအပိုင် လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြု ကမ်းလှမ်းသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူ၍ စရန်ငွေတစ်စိတ်တစ်ဒေသကို (၂၂-၃-၂၀၂၃) ရက်နေ့တွင် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်မည့်သူရှိပါက (၇)ရက်အတွင်း ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ငွန်ဒီဆန်း LL.B, D.B.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၂၄၇/၂၀၂၁)**
**အမှတ်-၁၀/၁၂၊ ပထမထပ်၊ ၃၅ – လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09-43200093**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဗိုလ်ရာညွှန့်လမ်း၊ အမှတ်(၅၆)၊ တိုက်-C-(၄လွှာB)၊ အကျယ် (၂၅'x ၆၀')ရှိ တိုက်ခန်းကို ဦးခင်မောင်တိုး [၁၂/ဗတထ(နိုင်)၀၀၂၃၉၂]၊ ဒေါ်အေးအေးဝင်း [၁၂/ပဘတ(နိုင်)၀၀၁၂၄၀]တို့ထံမှ ကျွန်ုပ်၏အမှုသည်က ဝယ်ယူမည်ဖြစ်ပါသဖြင့် အကျိုး သက်ဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားအပြည့်အစုံဖြင့် (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ညွှန်ကြားချက်အရ –**
**ဒေါ်ရီရီတင် (စဉ်-၁၉၉၅)**
**တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ်**
**ရုံး – အမှတ် (၈၉)၊ (၃၈)လမ်း၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၅၀၁၈၃၄၅**

## ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဘဝမြင့်ရပ်ကွက်၊ မလိခအိမ်ရာ၊ တိုက်အမှတ်-၁၂၊ အခန်းအမှတ်-၀၄၊ ဧရိယာ(၈၀၀)စတုရန်းပေရှိ တိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အထက်ဖော်ပြပါ တိုက်ခန်း(၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ အဆိုပါတိုက်ခန်း၏အမည်ပေါက်ဖြစ်သူ ဦးသိန်းထံမှ အဆင့်ဆင့်အရပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ၏ အမွေဆက်ခံသည့် သမီးဖြစ်သူ ဒေါ်အိအိမြိုင်ကြည် [၁၂/သဃက(နိုင်)၀၃၇၆၀၂]က ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ၎င်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာသည့်စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိခဲ့ပါက အရောင်းအဝယ်ကိုပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးစိုးပိုင်** | **ဒေါ်တင်တင်ညို** |
| **LL.B,D.B.L,D.M.L** | **LL.B,D.B.L,D.I.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၅၆၈၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၈၉)** |

**အမှတ်-၁၀/၁၂(ပထမထပ်)၊ အခန်းအမှတ်-၁၀၄(အီး)၊**
**၃၅-လမ်းတို(အောက်)၊ ကျောက်တံတားမြို့နယ်။**
**ဖုန်း-၀၉-၅၁၅၉၆၃၉၊ ၀၉-၇၈၇၉၉၄၃၀၉၊ ၀၉-၄၄၃၁၀၈၀၂၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ နိဗ္ဗိန္ဒလမ်း၊ အမှတ် (၅၄၆/အေ)ဟုခေါ်တွင်သော အလျား(၂၃)ပေxအနံ(၅၅)ပေပေါ်ရှိ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူ နော်နေစီ (CG- ၀၈၆၉၄၇)မှ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးရွှေသီး [၁၂/အစန(နိုင်)၁၇၁၆၆၄]၊ ဒေါ်စန္ဒီးပိုက်မြင့်ဆွေ [၇/ပခန(နိုင်)၁၇၉၃၈၂]တို့ကလည်း ဝယ်ယူရန်အတွက် အိမ်ခြံမြေအရောင်းအဝယ် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ခင်သန္တာ (LL.B)** | **ဒေါ်မြတ်ပပခိုင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၂၈၃)** | **အထက်တန်းရှေ့နေ(စဉ်-၄၄၈၇၃)** |

**SUMMIT LIGHT LAW FIRM**
**အမှတ်(၁၁၉၂)၊ ခ/၁ လမ်း၊ မြို့သစ်(က +ခ)ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၈၃၈၈၆၊ ၀၉-၄၂၀၁၇၉၈၈၀**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ မောင်သော်ဘုန်းခန့်အောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးသန်းထွန်း(ခ)မင်းသန့် [၅/အရတ(နိုင်)၀၇၀၂၃၅]ဖြစ်ပါသည်။

**ဦးစိုးသန်းထွန်း(ခ)မင်းသန့်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဝေယံဟိန်း [၁၃/တကန(နိုင်)၂၁၄၉၉၆]၏ PSCRB လက်မှတ် နံပါတ်-91291 မှာပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၈၇၇၃၈၅၅**

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်စပယ်[၁၂/ပဇတ(နိုင်)၀၀၀၀၂၆]၏ MAEX အစုရှယ်ယာ သက်သေခံလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၅၁၃၉၆၃၆**

## ပျောက်ဆုံးကြောင်း

ဒေါ်စန်းစန်းမော် [၁၂/တတန(နိုင်)၀၅၇၂၄၁]၏ နိုင်ငံကူးလက်မှတ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-420226743**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြို့ပွားရေး(မြောက်)၊ မြေကွက်အမှတ်-၁၂၃/က၊ မြေကွက်တည်နေရာအမှတ်(၁၂၃/က)၊ အနော်ရထာလမ်း၊ ကြို့ပွားရေးမြောက်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးမောင်ရင်[၁၂/ဗဟန(နိုင်)၀၂၅၈၆၂] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား (ဖခင်)ဦးမောင်ရင်သည် (၉-၉-၂၀၁၃) ရက်နေ့တွင်လည်းကောင်း၊ (မိခင်)ဒေါ်စောကြည်သည် (၁၈-၇-၂၀၂၀)ရက်နေ့တွင်လည်း၊ (သမီး)ဒေါ်ဖြိုးပပလွင်သည် (၁၁-၄-၂၀၁၅)ရက်နေ့တွင် အပျိုကြီးဘဝဖြင့် အသီးသီးကွယ်လွန်သဖြင့် ကျန်သား/သမီးများဖြစ်ကြသော ဦးစိုးလွင်[၁၂/သဃက(နိုင်)၀၅၅၈၆၅]၊ ဒေါ်မြင့်မြင့်လွင်[၁၂/ဗဟန(နိုင်)၀၂၅၃၂၉]၊ ဦးခင်မောင်ဆွေ[၁၂/ဗဟန(နိုင်)၀၂၇၀၃၉]၊ ဦးမျိုးလွင်[၁၂/သဃက(နိုင်)၁၄၀၉၉၉]တို့မှ သား/သမီးတော်စပ်ကြောင်း၊ ၎င်းတို့မှလွဲ၍ အခြားအမွေဆက်ခံမည့်သူမရှိကြောင်း ကျမ်းကျိန်လွှာအမှတ်-၁၄၅၃/၂၀၂၃ (၁၁-၁-၂၀၂၃)၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်း၊ နိုင်/ကတ်တို့ကိုတင်ပြ၍ ဦးစိုးလွင် + ၃ တို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၂၄၅၆/၂၀၂၂(၁-၁၂-၂၀၂၂)ဖြင့်ရရှိသူ GP မော်နီအာမတ်(ခ)ဦးရဲနိုင်[၁၂/တမန(နိုင်)၀၉၉၇၇၂]မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါ ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

**သွေးသည် အသက်**

## အစည်းအဝေးအကြောင်းကြားစာအား အများသိစေရန်

Moeyan Zeekwet Technology Co.,Ltd ၏ မတည်ငွေရင်း လျှော့ချခြင်းအတွက် ရှယ်ယာရှင်များအစည်းအဝေးကို ကျင်းပမည်ဖြစ်ပါသည်။ ရှယ်ယာရှင်အစည်းအဝေးနှင့် ပတ်သက်၍ သက်ဆိုင်ရာ အစုရှယ်ယာရှင်များနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

**အစည်းအဝေးအသေးစိတ်မှာအောက်ပါအတိုင်းဖြစ်ပါသည်။**

နေ့ရက်အချိန် – ၂၇ -၃ -၂၀၂၃ ၊ ညနေ( ၄ ) နာရီ

နေရာ – ကုမ္ပဏီအစည်းအဝေးခန်းမ

**Moeyan Zeekwet Technology Co.,ltd**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ကျိုက်ခေါက်ဘုရားလမ်း၊ အကွက်အမှတ်(၂၂)၊ သိမ်ကျောင်းကွက်၊ ဦးပိုင်အမှတ်(၁/ဃ)၊ ဧရိယာ(၂၃.၁၈၄)ဧက အကျယ်ရှိ ဦးလှထွန်းလွင် အမည်ပေါက် မြို့မြေအမျိုးအစား မြေကွက်ကြီးအတွင်းမှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော အကျယ်အဝန်း(၃၉ ပေ ပေ x ၈၀ ပေ)၊ ဧရိယာ (၀.၀၆၆) ဧကအကျယ်ရှိ ကျိုက်ခေါက်ဘုရားလမ်း၏ အနောက်ဘက်ခြမ်း လမ်းမကြီးဘေးရှိ ခြံစည်းရိုးခတ်ထားသည့် မြေနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား** ဒေါ်ခင်စန်းကြည် (ခ) ဒေါ်အေးအေးခန့် [၁၂/သလန(နိုင်)၀၁၉၂၈၇]မှ တရားဝင်လက်ရှိထား ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံပြောဆိုလာသဖြင့် ၎င်း၏ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ တရားဥပဒေနှင့်အညီ အကျိုးခံစားခွင့်ရှိသူ (သို့မဟုတ်) သက်ဆိုင်ကန့်ကွက်လိုသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်စိုးမြတ်မူ B.A(Law).,LL.B** | **ဦးဟန်သူဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ် – ၂၆၅၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၂၀)** |

**အမှတ်(၁၉၇)၊ အခန်း(၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၁၉၅၇**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ လက်ယက်စမ်းကျေးရွာအုပ်စု၊ ကျိုက်အင်းကျေးရွာရှိ မြေကွက်အမှတ်(၆၆၅-D)၊ မြေဧရိယာ(အလျား၂၀ပေx အနံ၉၀ပေ)ရှိသော ခြံနှင့်မြေအား ပိုင်ဆိုင်သူ ဒေါ်ကျင်ဥ [၁၂/သလန(နိုင်)၀၆၈၁၈၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးကျော်ကိုကိုဦး [၁၂/လကန(နိုင်)၂၃၇၇၅၀]နှင့် ဒေါ်သူဇာဝင်း [၁၂/သကတ(နိုင်)၂၀၆၆၇၇]တို့မှ ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ အဆိုပါခြံနှင့်မြေအားရောင်းချခြင်းကို ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်တင်ပြနိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ပြီးဆုံးသည်ထိ တိုင်အောင် ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကျော်ကိုကိုဦး** | **ဒေါ်ဖွန်ပန်းဖွေး** |
| **[၁၂/လကန(နိုင်)၂၃၇၇၅၀]** | **LL.B, D.B.L,, DL 101 WIPO(Switzerland)** |
| **ဒေါ်သူဇာဝင်း** | **အထက်တန်းရှေ့နေ** |
| **[၁၂/သကတ(နိုင်)၂၀၆၆၇၇]** | **(စဉ်-၃၄၉၇၉)(၃၁-၁၂-၂၀၁၀)** |
| | **အမှတ်(၁၆၇၄/ခ)၊ ပဒုမ္မာလမ်း၊ ၁၀/တောင်** |
| | **(၁၄)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။** |
| | **Ph:09-750941348** |

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ဗညားဒလရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ ဦးအောင်ဇေယျ(၉)လမ်း၊ မြေကွက်အမှတ်-၁၁၉၁/ခ ဟုခေါ်တွင်သော အကျယ်အဝန်း ( ၂၀ ပေ x ၆၀ ပေ ) ရှိနှစ် (၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးဟာဘီ (G/RGN-၀၀၄၆၆၉) အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ ဒေါ်တင်မြိုင် [၁၂/ဒလန(နိုင်)၀၆၀၀၂၆] သည် နှစ်ဦးသဘောတူ အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသီဟသက္က [၅/အတန(နိုင်)၀၈၇၅၅၇]နှင့် ဒေါ်ဖြိုးကျော်ကျော်[၉/စကတ(နိုင်)၁၁၇၁၂၀]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အိမ်နှင့်မြေအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်သန္တာဝင်း** | **ဒေါ်ရီရီလွင်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၂၆၆)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၄၉၉)** |

**အမှတ် (၁၃)၊ သဇင်လမ်း၊ တာကြီးရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၇၈၁၇၇၇၅၂၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဇ/တောင်)ရပ်ကွက်၊ ဥက္ကလာဦးဘုရားလမ်း၊ အမှတ် (ဇ/၃၄၅)၊ ဧရိယာ (အရှေ့အနောက် ၂၀ ပေ x မျက်နှာစာ ၁၆ ပေ) အကျယ်အဝန်းရှိ B လ/န ၃(ခ) မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုပြောဆိုသူ ဦးကိုကိုနိုင် [၁၂/သဃက(နိုင်)၁၃၈၅၁၁]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကြည်အောင် [၁၀/ကမရ(နိုင်)၀၆၅၀၃၆]နှင့် ဒေါ်ဝင်းမာမြင့် [၁၀/ခဆန(နိုင်)၀၅၇၈၃၁]တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကိုကိုဇော်** | **ဒေါ်နှင်းဇာခြည်မြင့်** |
| **LL.B., W.I.P.O (Switzerland)** | **LL.B, D.B.L, D.M.L, D.I.L, D.I.P.L** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၇၇၆၂)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၄၁)** |

**အမှတ်- ၆၂ (ပထမထပ်)၊ Winner Firm, အခန်း(၁၆)၊ ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၃၉၇၀၊ ၀၉-၄၄၃၁၀၅၅၈၃၊ ၀၉-၂၅၄၅၄၆၃၆၅**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး“မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူကငင်းတို့ကို ကိုယ်စားပြုသည့်သူများကို ကိုယ်တိုင်ရွေးချယ်သည့် အုပ်ချုပ်ရေးစနစ်ဖြစ်...**

❖ **ဖက်ဒရယ်စနစ်ဆိုသည်မှာ မတူကွဲပြားနေသည့် တိုင်းဒေသကြီး/ပြည်နယ်များတွင် လူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာမှ လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်၏ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၆၄) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်) ၂-၁၂-၂၀၂၂

## ယနေ့ ဖတ်စရာ

### လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ ရန်ကုန်လေဆိပ်သို့ ရောက်ရှိ

စာမျက်နှာ » ၉




### ဓာတ်ခွဲနမူနာစုစုပေါင်း ၃၄၆၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

စာမျက်နှာ » ၁၂

### လယ်ယာမြေ ကောင်းစေပြီး သီးနှံအထွက်တိုးစေဖို့ သဘာဝမြေဩဇာ သုံးစွဲကြပါစို့

ဆောင်းပါး စာမျက်နှာ » ၁၈

### ခွင့်လွှတ်ခြင်းဖြင့် အနိုင်ယူပါ

ဆောင်းပါး စာမျက်နှာ » ၂၁

## ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွင် ပြင်သစ်အသင်းက နယ်သာလန်အသင်းကို လေးဂိုးပြတ်အနိုင်ရ



ပြင်သစ်အသင်းနဲ့ နယ်သာလန်အသင်းတို့ မတ် ၂၄ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရို ၂၀၂၄ ခြေစစ်ပွဲစဉ်တွင် ပြင်သစ်အသင်းက နယ်သာလန်အသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ ပြင်သစ်အသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် နှစ်မိနစ်မှာ ဂရစ်ဇ်မန်းက တစ်ဂိုး၊ ရှစ်မိနစ်မှာ အက်ပါမီကာနိုက တစ်ဂိုးနဲ့ ပွဲကစားချိန် ၂၁ မိနစ်နဲ့ ၈၈ မိနစ်တို့မှာ အမ်ဘတ်ပီက နှစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ပြင်သစ်အသင်းအတွက် သွင်းဂိုးနှစ်ဂိုး သွင်းယူပေးခဲ့တဲ့ တိုက်စစ်မှူး အမ်ဘတ်ပီဟာ ဟူဂိုလိုးရစ် အနားယူသွားပြီးနောက် ပြင်သစ်နိုင်ငံလက်ရွေးစင်အသင်းရဲ့ အသင်းခေါင်းဆောင်အဖြစ် စတင်တာဝန်ယူရတဲ့ အခုပွဲစဉ်မှာ

**စာမျက်နှာ ၂၂ ကော်လံ ၁ သို့ ○**

### Hero Tri Nation International
## ပြိုင်ပွဲတွင် မြန်မာနှင့် ကာဂျစ္စတန် သရေကျ

**ရန်ကုန် မတ် ၂၅**

Hero Tri Nation International Football Tournament ပြိုင်ပွဲ ဒုတိယနေ့ကို မတ် ၂၅ ရက်က အိန္ဒိယနိုင်ငံ အင်ဖာမြို့၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်း တစ်ဂိုးစီ သရေကျခဲ့သည်။

**သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရ**

မြန်မာအသင်းအနေဖြင့် ယခုပွဲ အနိုင်ရနိုင်သည့် အခြေအနေ ပိုင်ဆိုင်ခဲ့သော်လည်း ပွဲပြီးခါနီး နောက်ဆုံးမိနစ်တွင် ဂိုးပြန်ပေးလိုက်ရသဖြင့် သရေရလဒ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် ကာဂျစ္စတန်အသင်းနှင့် တွေ့ဆုံတိုင်း ရှုံးပွဲကြုံတွေ့နေမှုကို ရပ်တန့်နိုင်ခဲ့သော်လည်း သရေရလဒ်သာ ရယူနိုင်ခဲ့သည်။

**စာမျက်နှာ ၂၂ ကော်လံ ၃ သို့ ❖**



မြန်မာအသင်းနှင့် ကာဂျစ္စတန်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။